The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 43
တနင်္လာနေ့တိုင်းထုတ်ဝေသည်
November 6 2017

# ကျိုင်းတုံမြို့မှာ ပွင့်တဲ့ပန်း

စာမျက်နှာ - ၁၂ ➤



## စားသောက်ကုန်၊ လူသုံးကုန်၊ အလှဆင် လက်ဆောင်ပစ္စည်းအဖြစ် တစ်ပင်လုံး အသုံးပြုနိုင်သော အုန်းပင်၏ အသုံးဝင်ပုံ

စာမျက်နှာ - ၂၀ ➤

## မွေးမြူရေးငါးများ ဈေးနှုန်းကျဆင်းကာ အရောင်းအဝယ် အေးလျက်ရှိ

စာမျက်နှာ - ၁၅ ➤

## ရာမညရွှေဖြူကုမ္ပဏီလီမိတက်၏ အရည်အသွေးမြင့် ရော်ဘာစက်ရုံသစ်ဖွင့်ပွဲကို ကျိုက်မရောမြို့နယ်တွင် ကျင်းပ

စာမျက်နှာ - ၂၃ ➤

## e-Trade အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပုဂ္ဂလိက ကဏ္ဍတို့ တွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၈ ➤




moon
Use in daily life.
ရရှိနိုင်သောနေရာများ
- ဂမုန်းပွင့်ဆိုင်များအားလုံး
- မင်္ဂလာဈေးသစ်လက်လီ / လက်ကားဆိုင်များ

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၂/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကျင်းပ



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၂/၂၀၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၃၁ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အစိုးရသစ်လက်ထက်၌ အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၊ ဗဟိုလုပ်ငန်းအဖွဲ့နှင့်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီများကိုဖွဲ့စည်းခဲ့ပါကြောင်း၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးမှုတွင် အထူးစီးပွားရေးဇုန်များ၏အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း၊ လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် ပြည်သူအများသိရှိအောင် ပွင့်လင်းမြင်သာမှုရှိရန်နှင့် အားလုံးပါဝင်နိုင်ရန်လိုအပ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကိုလည်း ဆက်စပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် အထူးစီးပွားရေးဇုန်လုပ်ငန်းများသည် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်သည့်အတွက် အဆင့်မီအောင်ဆောင်ရွက်နိုင်ဖို့လိုသလို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကိုလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အထူးစီးပွားရေးဇုန်များသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးရေးအတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာထွန်းနိုင်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဒေါက်တာစိုးဝင်းတို့က ဇုန်အလိုက်ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို တင်ပြဆွေးနွေးခဲ့ကြပါသည်။

ထို့အပြင် တက်ရောက်လာကြသော ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက အထူးစီးပွားရေးဇုန်လုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်မှုများကို တင်ပြဆွေးနွေးခဲ့ကြပါသည်။ ရှင်းလင်းဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး သီလဝါဇုန်ဆက်လက်တိုးတက်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များ အမြန်ဆုံးအကောင်အထည်ပေါ်လာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန်ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

MOC(IR)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရန်ကုန်မြို့ ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး H.E Mr. Kristian Schmidt ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရန်ကုန်မြို့ရှိ ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး H.E Mr. Kristian Schmidt ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာလ ၁ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်နိုင်ရေး၊ အခြေခံအဆောက်အဦနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီများ ဆက်လက်ပံ့ပိုးပေးသွားမည့် အစီအစဉ်များအပါအဝင် မြန်မာနိုင်ငံနှင့်အီးယူအဖွဲ့ဝင်နိုင်ငံများအကြား ပို့ကုန်တိုးမြှင့်နိုင်ရေးနှင့်ဆက်ဆံမှုများ ပိုမိုခိုင်မာလာစေရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် European Chamber of Commerce, Myanmar မှ Acting Executive Director ဖြစ်သူ Mr. Marc de la Fouchardiere ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်သည် European Chamber of Commerce, Myanmar မှ Acting Executive Director ဖြစ်သူ Mr. Marc de la Fouchardiere ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာလ ၃၁ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ-၁၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံသို့ဆေးရုံသုံးစက်ပစ္စည်းများတင်သွင်းခြင်းနှင့်ဆေးဝါးများ တင်သွင်း/တင်ပို့ခြင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတွင်းသို့ တရားမဝင်ဆေးဝါးများ ဝင်ရောက်နေမှုနှင့်စပ်လျဉ်း၍ တားဆီးနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ မြန်မာနိုင်ငံတွင် ဆေးဝါးများထုတ်လုပ်ပြီး လာအို၊ ကမ္ဘောဒီးယားနိုင်ငံများတွင် ဖြန့်ဖြူးရောင်းချသွားနိုင်ရေး၊ ဆေးဝါးများကိုစံချိန်စံညွှန်းနှင့်အညီ ခေတ်မီအအေးခန်းများတွင် သိုလှောင်ထားနိုင်ရေး၊ အရည်အသွေးပြည့်မီသောဆေးဝါးများတင်သွင်းရေးအတွက် စံချိန်စံညွှန်းသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပါအဝင် နိုင်ငံ၏ကုန်သွယ်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အဓိကဦးစားပေးဆောင်ရွက်လိုသည့်ကဏ္ဍများတွင် European Chamber of Commerce မှလက်တွဲဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
-

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၇၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 17, No.43 Monday November 6 2017

# ပုသိမ်မြို့တွင် အောက်တိုဘာလနောက်ဆုံးပတ် မိုးစပါးသစ်များ စတင်ရိတ်သိမ်းချိန် အဟောင်းဆန် စပါးဈေးနှုန်း အနည်းငယ်မြင့်တက်

ပုသိမ်မြို့ ဆန်၊ စပါးဈေးကွက်တွင် အောက်တိုဘာလနောက်ဆုံးပတ် မိုးစပါးများစတင်ရိတ်သိမ်းလျက်ရှိချိန် အဟောင်းလက်ကျန်ဆန်၊ စပါးဈေးနှုန်းများ အနည်းငယ် မြင့်တက်လျက်ရှိပြီး မိုးစပါးသစ်ဈေးမှာ လက်ရှိ ၁၀၅ ပေါင် တင်း ၁၀၀ကို ကျပ် ၅၀၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၂၂၅၀၀ခန့်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ယခုလက်ရှိအချိန် စပါးအခြောက်ခံစက်ရှိသော ဆန်စက်များတွင် ကြိတ်ခွဲပြီး စပါးများရင့်မှည့်လျက် မိုးလေဝသကောင်းမွန်ပါက ပိုမိုရိတ်သိမ်းနိုင်မှာဖြစ်ကြောင်း၊ မိုးကောက်စောစပါးနှင့်အတူ ကောက်ညှင်းဆန်အသစ်များလည်း ဈေးကွက်သို့စတင်ဝင်ရောက်လျက် ကောက်ညှင်းဆန် ၁၀၅ ပေါင် တင်း ၁၀၀ကို ကျပ် ၆၀၀၀၀၀ ဈေး၊ ကောက်ညှင်းဆန် ၁၀၂ ပေါင်တစ်အိတ်ကို ကျပ် ၂၈၀၀၀ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ဆန်၊ စပါးဈေးကွက်မှ သိရသည်။

ဆန်အရောင်းအဝယ်ပုံမှန်ရှိပြီး လက်ရှိစပါးဟောင်းများ လက်ကျန်လျော့နည်း၍ ဈေးကွက်တွင်ဝယ်လိုအားသာရှိသည့်အတွက် ယခင်နှစ်ညှော့မထမိုးမနောသုခ၊ မျိုးပွားပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၆၀၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကျပ် ၂၃၅၀၀ မှ ကျပ် ၂၄၀၀၀၊ ဧရာဝတီပေါ်ဆန်း ၁၀၅ ပေါင်တင်း ၁၀၀ ကို ကျပ် ၁၁၀၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၄၃၀၀၀ မှ ကျပ် ၄၅၀၀၀၊ ပေါ်ဆန်းရင် စပါး ၁၀၅ ပေါင်တင်း ၁၀၀ ကို ကျပ် ၁၀၀၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၄၂၀၀၀ မှ ကျပ် ၄၃၀၀၀ ဖြစ်သွား၍ စပါး ဈေးတင်း ၁၀၀ ကို ကျပ် ၅၀၀၀၀ မှ ကျပ် ၆၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၁၀၀၀ မှ ကျပ် ၁၅၀၀ ဝန်းကျင်ခန့် အောက်တိုဘာလပထမပတ်ထက် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ရန်ကုန်ဆန်ဈေးကွက်သို့ ဆန်ချောများ ဝင်ရောက်လာပြီဖြစ်တဲ့အတွက် ဆန်ဟောင်းဈေးငြိမ်

ယခုတစ်ပတ် ရန်ကုန်မြို့ဆန်ဈေးကွက်မှာ ဆန်သစ်များ ဝင်ရောက်လာပြီဖြစ်လို့ ဆန်ဟောင်းများဈေးငြိမ်နေကြောင်း ဝါးတန်းဆန်ဈေးကွက်မှသိရှိရပါတယ်။

ဆန်ချောဟောင်းများဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၄၁၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၇၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ဆန်ထိပ်စတစ်အိတ်ကျပ် ၄၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၈၅၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်း ဆန်ထိပ်စတစ်အိတ် ကျပ် ၃၈၅၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၃၆၅၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၄၈၅၀၀ မှ ကျပ် ၅၁၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။

ယခုတစ်ပတ်မှာ ဝါးတန်းကုန်စည်ဒိုင်သို့ ဆန်သစ်များစတင်ဝင်ရောက်လျက်ရှိနေပြီး ပေါ်ဆန်းဆန်အသစ်(ရှယ်) တစ်အိတ်ကျပ် ၃၄၀၀၀မှ ကျပ်၃၆၀၀၀ ထိရှိကြောင်း ဝါးတန်းကုန်စည်ဒိုင်မှသိရပါတယ်။

ယခုတစ်ပတ်ဆန်ဟောင်းညှော့မထ ဆန်ထိပ်စ တစ်အိတ် ကျပ် ၂၃၅၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၂၀၅၀၀၊ နှွေသီးထပ်ရှယ်တစ်အိတ်ကျပ် ၂၃၅၀၀ မှ ကျပ် ၂၃၇၀၀၊ နှွေဆန်ရက် ၉၀တစ်အိတ်ကျပ် ၂၄၅၀၀ မှ ကျပ် ၂၅၅၀၀၊ ညှော့မထ၂၅ မှတ်တစ်အိတ်ကျပ် ၂၀၀၀၀ မှ ကျပ် ၂၀၃၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးမပြောင်းလဲကြောင်းသိရပါတယ်။ ဆန်ကြမ်းအသစ်များဖြစ်တဲ့ နှွေဆန်ရက် ၉၀ တစ်အိတ် ကျပ် ၂၂၀၀၀ မှကျပ် ၂၂၅၀၀၊ ညှော့မထအသစ်(ရှယ်)တစ်အိတ်ကျပ် ၂၁၅၀၀မှ ကျပ် ၂၂၀၀၀ရှိပါတယ်။ ဆန်သစ်များ ဝင်လာပြီဖြစ်တဲ့အတွက် ဆန်ဟောင်းများဈေးငြိမ်နေတာဖြစ်တယ်လို့ ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ယခုတစ်ပတ် ဆန်ဈေးအတက်အကျ သိပ်မရှိကြောင်း သိရပါတယ်။ ညှော့မထ ၅ မှတ်မော်ဘီတစ်အိတ် ၁၄၁ ယွမ်မှ ၁၄၃ ယွမ်၊ ညှော့မထ ၅ မှတ်စူပါတစ်အိတ် ၁၃၆ယွမ်မှ ယွမ် ၁၄၀၊ ညှော့မထ ၁၀ မှတ်မော်ဘီတစ်အိတ် ၁၃၄ယွမ်မှ ၁၃၆ ယွမ်၊ ညှော့မထ ၁၀ မှတ်စူပါ တစ်အိတ် ၁၃၁ ယွမ်မှ ၁၃၂ ယွမ်၊ မနောသုခ ၁၅ မှတ် တစ်အိတ် ၁၂၆ ယွမ်မှ ၁၂၇ ယွမ်၊ မနောသုခ ၂၅ မှတ် တစ်အိတ် ယွမ် ၁၂၀ မှ ၁၂၄ ယွမ်၊ ငစိန် ၅ မှတ်တစ်အိတ် ယွမ် ၁၃၀ မှ ၁၃၃ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၂၅ ယွမ်မှ ၁၂၇ ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၄ယွမ်ရှိပြီး ဈေးအတက်အကျ အနည်းငယ်သာရှိပါတယ်။ အောက်တိုဘာ ၂၇ ရက်မှ ၃၁ရက်အထိ ကာလအတွင်း မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ ဆန် ၁၆၈၈၉ တန်ရှိပါတယ်။ မူဆယ်သို့ ဆန်အဝင်မှာ ယခင်တစ်ပတ်ထက် ပိုမိုပြီး အရောင်းအဝယ်လည်းကောင်းတယ်လို့ မူဆယ်ဆန်ဈေးကွက်မှသိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ကုန်သွယ်ရေးစခန်းများမှ ယခုတစ်ပတ်ဆန်နဲ့ဆန်ကွဲ ပိုမိုတင်ပို့

အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၉၅၃ သန်းတန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန် ၂၂၀၉၉တန်ခန့် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ညှော့မထဆန် ၁၇၂၃၈ တန်ခန့်နဲ့ ကောက်ညှင်းဆန်တန်ချိန် ၂၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန်တန်ချိန် ၅၀ ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၃၂၀၈ တန်တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ညှော့မထဆန်တန်ချိန် ၁၂၀၀၊ မောင်တောကုန်သွယ်ရေးစခန်းမှ ညှော့မထဆန် ၂၀၃ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အဆိုပါကုန်သွယ်ရေးစခန်းများမှ ဆန် ၂၀၅၅၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၅၄၄တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲတန်ချိန် ၁၇၅၀နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၂၀၇တန်ကျော်တင်ပို့ခဲ့ပြီး စုစုပေါင်းဆန်ကွဲ ၁၉၅၇ တန်တင်ပို့ခဲ့ပါတယ်။ ဆန်ကွဲ ၁၉၅၇ တန်တင်ပို့ခဲ့တဲ့အတွက် ဝင်ငွေအမေရိကန်ဒေါ်လာ သုည ဒသမ ၅၆၆ သန်းရရှိခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၁၆၈၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ဆန်ကွဲ ၂၇၁ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၂၈ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၉၄၆၂ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်အများဆုံးတင်ပို့ပြီး ညှော့မထဆန် ၄၇၇၅ တန်နှင့်ပေါင်းဆန် ၁၂၅ တန်တင်ပို့ပါတယ်။ ထပ်မံတင်ပို့မှုများမှာ အာဖရိကန်နစ္စတန်နိုင်ငံသို့ ညှော့မထဆန်တန်ချိန် ၇၅၀၊ သီရိလင်္ကာနိုင်ငံသို့ ညှော့မထဆန် ၁၆၂၅ တန်၊ တရုတ်နိုင်ငံသို့ ငစိန်ဆန်တန်ချိန် ၅၀၊ ရုရှားနိုင်ငံသို့ပေါင်းဆန်တန်ချိန် ၁၅၀၊ မက်ဒါဂါစကားနိုင်ငံသို့ ညှော့မထဆန် ၈၉၅ တန်နဲ့ အီးယူနိုင်ငံများသို့ ညှော့မထဆန် ၈၄၂ တန်နဲ့ ပေါင်းဆန်တန်ချိန် ၂၅၀တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းကုန်သွယ်မှုမှဆန် ၂၃၆၂၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၄၁၆၃တန်လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၅ သန်းဖိုးနဲ့ ၂၄၁၇ တန်တင်ပို့ပြီး စင်ကာပူနိုင်ငံသို့ ၂၅ တန်နဲ့ အီးယူနိုင်ငံများသို့ ၂၃၉၂ တန် တင်ပို့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်ကွဲ ၆၀၆၃ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၆၄၆ တန်တင်ပို့မှုလျော့ကျခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁-၁၁-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၇၃ | ၃၈၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၃ | ၃၇၀ | ▽ | ၃၉၅ | ၃၉၅ | □ | ၄၀၀ | ၄၀၀ | □ | ၃၇၂ | ၃၇၅ | △ |
| ဆန်ဖြူ ၁၀% | ၃၇၁ | ၃၆၈ | ▽ | ၃၉၀ | ၃၉၀ | □ | - | - | - | ၃၆၉ | ၃၇၂ | △ |
| ဆန်ဖြူ ၁၅% | ၃၆၄ | ၃၆၁ | ▽ | ၃၇၅ | ၃၇၅ | □ | - | - | - | ၃၆၆ | ၃၆၉ | △ |
| ဆန်ဖြူ ၂၅% | ၃၅၀ | ၃၄၈ | ▽ | ၃၆၇ | ၃၆၇ | □ | ၃၆၀ | ၃၆၉ | △ | ၃၄၂ | ၃၃၈ | ▽ |
| ပေါင်းဆန် | ၄၂၉ | ၄၂၉ | □ | - | - | - | ၄၀၀ | ၄၀၀ | □ | ၄၃၀ | ၄၃၀ | □ |

*Source: thairiceexporters*

# ပြည်တွင်းမြို့ကြီးများ၏ (၁-၁၁-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော့မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၀၀ | □ | ၂၁၀၀၀ | □ | ၆၅၃၂ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၅၂၀ | □ | ၂၃၀၀၀ | □ | ၈၄၃၀ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၁၀၀ | □ | ၂၁၀၀၀ | □ | ၆၇၀၀ | □ | ၃၆၀၀၀ | □ |
| ရွှေဘို | ၅၈၀၀ | □ | ၂၃၀၀၀ | □ | ၁၄၀၀၀ | □ | ၄၄၀၀၀ | □ |
| စစ်တွေ | ၄၃၀၀ | □ | ၁၈၀၀၀ | □ | ၇၅၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၂၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၇၂၀၀ | □ | ၂၃၅၀၀ | □ | - | - | ၄၁၀၀၀ | □ |
| မော်လမြိုင် | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၇၂၀၀ | □ | ၂၈၀၀၀ | □ |
| လှိုင်ကော် | ၇၂၀၀ | ▽ | ၃၂၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| ဘားအံ | ၅၄၀၀ | □ | ၂၅၀၀၀ | □ | - | - | ၄၃၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော့မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ပြည်မိုးနှမ်းရောင်စုံများ ဈေးပြန်ကျလာ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းရောင်စုံများ ဈေးကျလာတာတွေ့ရပါတယ်။ အဝင်မရှိတော့ပေမယ့်ဈေးကွက်မှာ ကျန်ရှိနေတဲ့ နှမ်းလက်ကျန်များနဲ့ ရောင်းဝယ်ဖောက်ကားနေတဲ့အတွက် အရောင်းအဝယ်မပြတ်ဘဲ ရောင်းချနေတာတွေ့ရပါတယ်။

ဆီစက်များက တစ်နေ့ကိုအိတ် ၂၀၀ခန့်သာအဝယ်ရှိပြီး မန္တလေးဝယ်လက်များက တစ်နေ့လျှင် အိတ် ၅၀၀ခန့်သာ အဝယ်ရှိနေတာတွေ့ရပါတယ်။ အနည်းငယ်သာ ဝယ်ယူနေသော်လည်း ယခုတစ်ပတ်တွင် နှမ်းဈေးကျလာတာတွေ့ရပါတယ်။

ယခုတစ်ပတ်နှမ်းဈေးများမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၉၅၅၀၀ဖြင့် ယခင်တစ်ပတ်ကထက်ကျပ် ၅၀၀ဈေးကျပြီး နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ကျပ် ၁၀၀၀၀ ဈေးကျလာသလို စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင်ကျပ် ၁၂၀၀၀၀ ဖြင့် ကျပ် ၅၀၀၀ဈေးကျလာတာတွေ့ရပါတယ်။ နှမ်းဈေးကျသော်လည်း ဆီဈေးမှာယခင်တစ်ပတ်ကအတိုင်း တစ်ပိဿာလျှင်ကျပ် ၄၆၀၀မှ၄၄၀၀ဖြင့် ငြိမ်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁-၁၁-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၇/၁၀ | ၁/၁၁ | ပြောင်းလဲမှု | ၂၇/၁၀ | ၁/၁၁ | ပြောင်းလဲမှု | ၂၇/၁၀ | ၁/၁၁ | ပြောင်းလဲမှု | ၂၇/၁၀ | ၁/၁၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၀၀ | ၇၆၇ | ▼ | ၇၅၀ | - | - | ၇၀၀ | ၇၅၀ | ▲ | ၇၅၀ | ၇၅၀ | ■ |
| ပဲစင်းငုံ | ၅၄၅ | ၅၂၆ | ▼ | ၄၉၂ | - | - | ၄၀၅ | ၅၀၀ | ▲ | ၄၅၀ | ၄၅၀ | ■ |
| ပဲတီစိမ်း | ၁၄၃၀ | ၁၄၁၅ | ▼ | ၁၄၂၂ | - | - | ၁၃၆၈ | ၁၃၁၆ | ▼ | ၁၃၇၀ | ၁၄၅၀ | ▲ |
| ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၇၀၀ | ■ | ၂၂၃၆ | - | - | ၂၂၁၁ | ၂၂၀၉ | ▲ | ၂၂၆၅ | ၂၁၀၅ | ▼ |
| ပဲလွန်းဖြူ | ၁၆၆၅ | - | | ၁၀၀၀ | - | - | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၂၆၆၇ | - | - | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁-၁၁-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၇/၁၀ | ၁/၁၁ | ပြောင်းလဲမှု | ၂၇/၁၀ | ၁/၁၁ | ပြောင်းလဲမှု | ၂၇/၁၀ | ၁/၁၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၅၀ | ၃၅၀ | ■ | ၅၇၅ | ၅၇၇ | ▲ | ၆၁၅ | ၅၄၂ | ▼ |
| ပဲစင်းငုံ | ၂၄၀ | ၂၄၅ | ▲ | ၅၆၅ | ၅၆၆ | ▲ | ၅၉၁ | ၅၀၅ | ▼ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၆၉၁ | ၆၆၆ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၁၁၃၀ | ၁၁၃၀ | ■ | ၇၇၆ | ၇၅၉ | ▼ | ၈၁၈ | ၇၉၄ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၁-၁၀-၁၇)ထိ | ယခုတစ်ပတ် (၂၈-၁၀-၁၇)ထိ | (၁-၁-၁၇) မှ (၂၈-၁၀-၁၇) ထိ |
| မတ်ပဲ | ၄၁၉၅၁၂ | ၉၅၁၉ | ၄၂၉၀၃၁ |
| ပဲတီစိမ်း | ၁၀၇၂၈၇ | ၄၅၃ | ၁၀၇၇၄၀ |
| ပဲစင်းငုံ | ၂၀၄၁၂၇ | ၂၄၉၂ | ၂၀၆၆၁၉ |
| ကုလားပဲ | ၃၇၈၆၂ | ၅ | ၃၇၈၆၇ |
| ပဲလွန်းဖြူ | ၁၂၇၆၈ | ၁ | ၁၂၇၆၉ |
| မြေထောက်ပဲ | ၁၈၄၁၆ | ၁၅ | ၁၈၄၃၁ |

## ဈေးကွက်အတွင်း ပြည်ပဲကြီးသီးနှံဈေးအမြင့်ဆုံးနဲ့ စံချိန်တင်မြင့်တက်ခဲ့

ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲအဝင်မရှိဘဲ လက်ကျန်ပဲများရှိလို့ နေ့စဉ်အိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲကြော်ဖိုလုပ်ငန်းသမားများက အဓိကထား ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးမှာ တရိပ်ရိပ်တက်လာတာကြောင့် (ရွှေကျွန်း) တစ်တင်းကျပ် ၆၅၀၀၀၊ (ကမ်းနား)တစ်တင်းကျပ် ၆၀၀၀၀ ဖြင့် ယခင်တစ်ပတ် ကထက် တစ်တင်းကျပ် ခုနစ်ထောင်ကျော်ထိ ပိုလာခဲ့ပါတယ်။ ဒါကြောင့် ပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးရတဲ့ပဲဖြစ်နေသလို အရောင်းအဝယ်အများဆုံးဖြစ်တဲ့ ပဲလည်း ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က ပဲကြီးသီးနှံဈေးမှာ ကုလားပဲဈေးကို မမီဘဲ ဈေးကွက်အတွင်း ဈေးအေးခဲ့လို့ လက်လီပဲဈေးနှုန်းများနှင့် သိပ်မကွာခြားခဲ့ပေမယ့် ယခုနှစ်မှာတော့ ကျပ်ခြောက်သောင်းကျော်ထိ စံချိန်တင်မြင့်တက်လာခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## စားတော်ပဲသီးနှံအမျိုးအစားကိုလိုက်၍ ဈေးကွာခြားမှုရှိ

အောက်တိုဘာလကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ဈေးကောင်းရနေတဲ့ ပဲသီးနှံတစ်မျိုးကတော့ စားတော်ပဲသီးနှံဖြစ်ပါတယ်။ ပဲကြီးသီးနှံဈေးလောက် ဈေးမကောင်းသော်လည်း ကျပ်ငါးသောင်းနီးပါးထိရခဲ့လို့ ပဲတီစိမ်းသီးနှံထက်ပင် ဈေးကောင်းခဲ့ပြီး တစ်တင်းကျပ် ၄၈၀၀၀ မှ ကျပ် ၄၉၀၀၀ ဖြင့် မင်းတုန်းပဲက ဈေးပိုရကာ ကနေဒါပဲသီးနှံအမျိုးအစားကတော့ တစ်တင်းကျပ် ၃၀၀၀၀ သာ အရည်အသွေးလိုက် ဈေးကွာခြားခဲ့ပါတယ်။ စားတော်ပဲသီးနှံမှာ လက်လီသာ အရောင်းအဝယ်ဖြစ်လို့ အိတ်အရေအတွက် ပမာဏနည်းနည်းဖြင့် ရောင်းဝယ်ခဲ့ကြသော်လည်း နှစ်စဉ်ဈေးကောင်းရနေတဲ့ သီးနှံအမျိုးအစားထဲမှာ ပါဝင်နေတယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း**

## အောက်တိုဘာလကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲတီစိမ်း၊ ကုလားပဲသီးနှံများ အခြားပဲများထက် အရောင်းအဝယ်သွက်၊ ကျန်ပဲများ ပုံမှန်အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ အောက်တိုဘာလကုန်ရက်အတွင်း ပဲဈေးအချို့ဈေးမြင့်လာသလို ဈေးငြိမ်တဲ့ပဲများလည်းရှိခဲ့ကြတာကို တွေ့ရပါတယ်။ ဆောင်းပဲသစ် အချို့လည်း ဝင်ရောက်လာခဲ့ပြီး ကျန်ပဲများ လက်ကျန်များဖြင့် အရောင်းအဝယ်ဖြစ်နေခဲ့ကြကာ လက်ကျန်ပစ္စည်းမရှိသလောက်ဖြစ်တဲ့ပဲများလည်း အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။ မတ်ပဲနှင့်ပဲတီစိမ်းသီးနှံများ လကုန်ရက်မှာ ဈေးအနည်းငယ်တက်လာတယ်လို့ဆိုရမှာဖြစ်ပြီး မတ်ပဲ တစ်တင်း ကျပ်၁၅၈၀၀၊ပဲတီစိမ်းတစ်တင်းကျပ် ၂၇၅၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်စီ ပိုရလာခဲ့ကြပါတယ်။ မတ်ပဲသီးနှံမှာ အရောင်းအဝယ်အေးလို့ အချို့ရက်များမှသာ အိတ် ၁၅၀ကျော်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲတီစိမ်းသီးနှံမှာတော့ ဆောင်းပဲသစ်အချို့ ဝင်ရောက်မှုရှိကြသလို လက်ကျန်ပဲများလည်း အသင့်အတင့်ရှိတာကြောင့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြကာ အိတ် ၂၀၀ မှ ၂၅၀ကျော်အထိ မန္တလေးဝယ်လက်သမားများဖြင့် အရောင်းအဝယ်လည်း ပုံမှန်ဖြစ်ခဲ့ကြပါတယ်။ ပဲတီစိမ်းသီးနှံမှာ ယခင်နှစ်အောက်တိုဘာလက ပဲသစ်ဝင်ရောက်ခြင်းမရှိသေးသလို လက်ကျန်ပဲလည်းနည်းလို့ အရောင်းအဝယ် အေးခဲ့ကြကာ ပဲဈေးမှာတစ်တင်း ကျပ် ၂၈၀၀၀ ရရှိခဲ့တာ ကြောင့် ယခုနှစ်နှင့် ယခင်နှစ်ဈေးမှာ အတက်အကျသိပ်မဖြစ်ဘဲ ဈေးငြိမ်သာရရှိခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ပဲလက်ကျန်အသင့်အတင့်ရှိခဲ့သော်လည်း မတ်ပဲသီးနှံလောက်ပင် အရောင်းအဝယ်မဖြစ်ခဲ့ဘဲ အရောင်းအဝယ်သိသိသာသာအေးနေခဲ့တာကြောင့် ပဲတစ်တင်း ကျပ် ၉၅၀၀ ဖြင့် ကျပ်တစ်သောင်းအောက် လျော့နည်းရခဲ့လို့ ဈေးကွက်အတွင်း အရောင်းအဝယ်အေး၊ ဈေးနှုန်းလည်း အနိမ့်ဆုံးဖြစ်ခဲ့တဲ့ ပဲသီးနှံဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ ယခင်နှစ်ကဆိုလျှင် ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲစင်းငုံသီးနှံများဟာ ဈေးကောင်းခဲ့ကြပေမယ့် ယခုနှစ်မှာ အိန္ဒိယ၏ ပဲတင်သွင်းမှုကန့်သတ်ချက်များကြောင့် အရောင်းအဝယ်နှင့်ဈေးနှုန်းများ ကမောက်ကမဖြစ်ခဲ့ကာ ပဲလှောင်လက်သမားနှင့်ပဲလက်ကျန်ရှိသူတောင်သူများ ငွေလို၍ ရောင်းချသူအချို့မှလွဲ၍ ကျန်သူများ ဆက်လက်သိုလှောင်ထား ရှိနေကြတယ်လို့သိရပါတယ်။ ယခုနှစ်အတွင်း ပြည်ပဝယ်လက်ပဲများထဲမှာ ပဲတီစိမ်းသီးနှံတစ်မျိုးသာ တရုတ်ဝယ်လက်ပုံမှန်ဝယ်ယူနေလို့အရောင်းအဝယ်လည်း ပုံမှန်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။

ပြည်တွင်းဝယ်လက်ပဲများထဲမှာ ကုလားပဲ၊ ပဲကြီးသီးနှံနှင့် အခြားပဲများအားလုံးလိုလို ယခုနှစ် ဈေးကောင်းခဲ့ကြတာကြောင့် ပြည်ပဝယ်လက်ပဲများထက် ဈေးပိုရလျက်ရှိနေခဲ့ကြပါတယ်။ ကုလားပဲသီးနှံမှာ ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲများရှိလို့ ဝယ်လိုအားရှိမှုအပေါ် လိုသလောက်ရောင်းချနေခဲ့ကြပါတယ်။ ခွဲစက်သမားများ အဓိကထားဝယ်ယူလျက်ရှိပြီး အိတ် ၂၅၀ကျော် အရောင်းအဝယ်ဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၄၃၀၀၀ဖြင့် ပြည်တွင်းဝယ်လက်ပဲထဲမှာ ပဲကြီးသီးနှံလောက် ဈေးမကောင်းခဲ့သော်လည်း ဈေးကောင်းရနေတဲ့သီးနှံအမျိုးအစားထဲ ပါဝင်နေခဲ့ပါတယ်။ ကုလားပဲသီးနှံမှာ ပဲကြီးသီးနှံကဲ့သို့ ယခုနှစ်မှ ဈေးကောင်းရလာခြင်းမဟုတ်ခဲ့ဘဲ ယခင်နှစ်တွေကလည်း ဈေးကောင်းရတဲ့ သီးနှံဖြစ်နေတာကြောင့် ယခင်နှစ်က ယခုလိုကာလတွင် တစ်တင်းကျပ်လေးသောင်းအထက်မှာ ရရှိနေခဲ့တယ်လို့ သိရပါတယ်။ လက်လီအရောင်းအဝယ်ဖြစ်မှုများတဲ့ ပဲသီးနှံများမှာတော့ လက်ကျန်ပဲအတင့်အသင့်ရှိသလို အရောင်းအဝယ်လည်း လက်လီသမားအချို့ရှိလို့ အိတ်အနည်းငယ်စီရောင်းချခဲ့ကြပြီး ဘိုကိတ်ပဲသီးနှံတစ်တင်းကျပ် ၃၄၀၀၀၊ ထောပတ်ပဲသီးနှံတစ်တင်း ကျပ် ၃၁၅၀၀၊ ပဲပုပ်တစ်တင်း ကျပ် ၂၇၅၀၀တို့ဖြင့် အသီးသီးရောင်းချနေခဲ့ကြတာကြောင့် ဘိုကိတ်ပဲသီးနှံမှာ ဈေးအနည်းငယ်ပိုရလာပေမယ့် ထောပတ်ပဲမှာဈေးငြိမ်လျက်ရှိသလို ပဲပုပ်သီးနှံမှာလည်း ဈေးဆက်ငြိမ်နေကြောင်းလေ့လာသိရှိရပါတယ်။

ဒါကြောင့် ယခုအောက်တိုဘာလကုန်ပတ်အတွင်း ပဲတီစိမ်း၊ ကုလားပဲသီးနှံအရောင်းအဝယ်ပုံမှန်ဖြစ်ပြီး ကျန်ပဲများအရောင်းအဝယ်အေးနေခဲ့သလို ဈေးလည်းအတက်အကျသိပ်မဖြစ်ဘဲ မတ်ပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်သီးနှံများ ဈေးအနည်းငယ်စီပိုရလာကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲလွန်းဖြူ ဈေးကောင်းလာသော်လည်း လက်ကျန်နည်းလို့ အရောင်းအဝယ်အေး

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ယခုကာလတွင် ဆောင်းပဲသီးနှံစိုက်ပျိုးရာသီချိန်ဖြစ်လာတဲ့အတွက် အချို့ပဲများ မျိုးပဲအတွက်ဝယ်ယူခဲ့ကြပါတယ်။ ပဲအချို့မှာ လက်ကျန်မရှိသလောက်ဖြစ်ခဲ့ကာ အရောင်းအဝယ်လည်း အေးခဲ့တာကို တွေ့ရပါတယ်။ ပဲလွန်းဖြူသီးနှံမှာ လက်ကျန်နည်းခဲ့လို့ အရောင်းအဝယ်သိပ်မဖြစ်ပေမယ့် ပဲဈေးမှာတစ်တင်း ကျပ် ၄၅၀၀၀ဖြင့် ဈေးကောင်းနေခဲ့ပါတယ်။ ဒါကြောင့် လက်လီပဲဈေးကွက်မှာ ဈေးမြင့်ရလာတဲ့ ပဲသီးနှံတစ်မျိုးဖြစ်လာလို့ ဘိုကိတ်၊ ထောပတ်ပဲ၊ ပဲနီပြားသီးနှံတို့ထက်ပင် ဈေးပိုရလာခဲ့ကြောင်းသိရပါတယ်။ ယခင်နှစ်က ပဲလွန်းဖြူသီးနှံဈေးမှာ တစ်တင်းကျပ် ၂၄၀၀၀ခန့်သာရခဲ့လို့ ယခုနှစ်မှာတော့ ကျပ်နှစ်သောင်းကျော်ခန့်ထိ ပိုလာသော်လည်း ပဲလက်ကျန်သိပ်မရှိတော့လို့ အရောင်းအဝယ်ပါးခဲ့တာကိုတွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## နိုဝင်ဘာလပထမပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သောဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီ၏ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် အနည်းငယ်ဈေးတက်လျက်ရှိပြီး တစ်တင်းလျှင်ကျပ် ၉၇၀၀ ဖြင့်အိတ် ၂၀ မှ ၅၀၀ ထိဝင်ရောက်လျက်ရှိသည်။ ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သောနှမ်းဈေးကွက်မှာဈေးနှုန်းများအနည်းငယ်ကျလျက်ရှိပြီး နှမ်းညိုတစ်တင်းလျှင် ကျပ် ၃၁၂၀၀၊ ဂန့်ဂေါခရိုင်၊ ယောဒေသမှထွက်ရှိသည့် နှမ်းနက်(စမုံ)မှာအရည်အသွေးကောင်းမွန်၍ ပြည်ပနိုင်ငံမှ ဝယ်လက်ရှိခြင်းတို့ကြောင့် ဈေးကောင်းလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၃၅၀၀၀၊ တင်း ၅၀မှ ၂၀၀ထိ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ်တွင် ပဲတီစိမ်းအသစ်ပေါ်နေပြီဖြစ်၍ တစ်တင်းလျှင်ကျပ် ၂၈၀၀၀ဈေးနှုန်းရှိပြီးဈေးကွက်သို့အနည်းငယ်သာဝင်ရောက်လျက်ရှိပါသည်။ ဒေသထွက်ဖြစ်သည့်ပြောင်းဖူးစေ့(CP)၏ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် အနည်းငယ်ကျပြီးတစ်တင်းလျှင်ကျပ် ၇၃၀၀ဈေးနှုန်းဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရပါသည်။ ဒေသထွက်ကုန်ဖြစ်သည့်မြေပဲဆီ(ဆုံဆီ)တစ်ပိဿာဈေးနှုန်းမှာ လက်ကားဈေး ကျပ်၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ်အတွင်းကုလားပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ထက်အနည်းငယ်ကျနေပြီး ကုလားပဲဝါ (HL) တစ်တင်းလျှင်ကျပ် ၃၈၅၀၀၊ ကုလားပဲဖြူလုံးကြီး (929)တစ်တင်းလျှင် ကျပ် ၃၉၀၀၀၊ V2 ကုလားပဲဖြူတစ်တင်းလျှင် ကျပ် ၄၀၅၀၀ဈေးဖြင့် ပခုက္ကူကုန်စည်ဒိုင်တွင် တင်း ၅၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း တွေ့ရှိရသည်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

Vol: 17, No.43 Monday November 6 2017

## မြန်မာ့ဆိပ်ကမ်းတွင် ၁ .၁၁ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT CORVUS | P.Oil (In Bulk) ၄၄၀၀ ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း (၂) | - NINOS | ကုန်သေတ္တာ ၆ဂ၄ ကုန်တင်ဆဲ |
| အလုံစက်မှုဆိပ်ကမ်း (၃) | - BANG SA KAO | GRANULAR UREA ၆၀ဂ၄တန်ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၁) | - YANTRA BHUM | ကုန်သေတ္တာ ၇၂၇ တန် ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၂) | - HANDY STRANGER | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - KIRANA NAREE | ဆန် ၂၄၅၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - ALKAR TRUST | ဆန် ၂၂၀၀၀ တန်ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - KYAUK PYU | teel TMTBARS ၅၁၁၅ ကုန်ချဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၂) | - YAAN BYAE | သကြား ၄၃ဂဂ တန်ကုန်ချဆဲ |
| PUMA JETTY | - MT.MAPAS | Mogas 92 Ron ၁၁ဂ၂၁ တန်ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CO CO GYUN | LOCOMOTIVE &PARTS<br>THAILAND ၅၃၀ တန်ကုန်ချရန် | - | ၁ ၊၁၁ ၊ ၂၀၁၇ |
| LONG CHEER | Coal (In Bulk)<br>၂ဂ၀ဂဂ တန်ကုန်ချဆဲ | W/AFRICA | ၂ ၊၁၁ ၊ ၂၀၁၇ |
| UTHAR | Steel Product<br>၁၅၀၀၀ တန်ကုန်ချဆဲ | INDIA | ၂ ၊၁၁ ၊ ၂၀၁၇ |
| UBC CHILE | Cement (In Bulk)<br>၁၄၀၀၀ တန်ကုန်ချရန် | MALAYSIA | ၃ ၊၁၁ ၊ ၂၀၁၇ |
| MS. WORLD ODYSSEY | NOS CRUISE VESSEL<br>၆၀၀ PAX ကုန်ချဆဲ | COLOMBO | ၄ ၊၁၁ ၊ ၂၀၁၇ |
| VIKING CORAL | Units Vehicle(RO/RO)<br>၇၀၀ တန်ကုန်ချရန် | JAPAN | ၄ ၊၁၁ ၊ ၂၀၁၇ |
| DOLPHIN -15 | Ammonium Nitrete<br>၃၄၉၉ တန်ကုန်ချရန် | THAILAND | ၄ ၊၁၁ ၊ ၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SIMA PERFECT | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၁ ၊၁၀ ၊ ၂၀၁၇ |
| MCC ANDALAS | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁ ၊၁၁ ၊ ၂၀၁၇ |
| BAGAN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁ ၊၁၁ ၊ ၂၀၁၇ |
| MCC SINGAPORE | SINGAPORE | သီလဝါဆိပ်ကမ်း | ၂ ၊၁၁ ၊ ၂၀၁၇ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၂ ၊၁၀ ၊ ၂၀၁၇ |
| KOTA RAJIN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃ ၊၁၁ ၊ ၂၀၁၇ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၃ ၊၁၁ ၊ ၂၀၁၇ |
| SOUL OF LUCK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃ ၊၁၁ ၊ ၂၀၁၇ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃ ၊၁၁ ၊ ၂၀၁၇ |
| SINAR BATAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄ ၊၁၁ ၊ ၂၀၁၇ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၄ ၊၁၁ ၊ ၂၀၁၇ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅ ၊၁၁ ၊ ၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN WINTER | ဒီဇယ်ဆီ | - | ၃၁ ၊၁၀ ၊ ၂၀၁၇ |
| MT.AULAC JUPITER | ဒီဇယ်ဆီ | - | ၁ ၊၁၁ ၊ ၂၀၁၇ |
| MT.MESON | P.Oil (In Bulk) | - | ၃ ၊၁၁ ၊ ၂၀၁၇ |
| MT.SINGA PERAIS | ဒီဇယ်ဆီ | SINGAPORE | ၃ ၊၁၁ ၊ ၂၀၁၇ |
| MT.UNA | ဒီဇယ်ဆီ | SINGAPORE | ၃ ၊၁၁ ၊ ၂၀၁၇ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၃ ၊၁၁ ၊ ၂၀၁၇ |
| MT.CHAO ANOMA | P.Oil (In Bulk) | INDINESIA | ၃ ၊၁၁ ၊ ၂၀၁၇ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၃ ၊၁၁ ၊ ၂၀၁၇ |
| MT.BRAVELY LOYALTY | ဒီဇယ်ဆီ | SINGAPORE | ၃ ၊၁၁ ၊ ၂၀၁၇ |
| MT.FLY GURNARD | ဒီဇယ်ဆီ | SINGAPORE | ၃ ၊၁၁ ၊ ၂၀၁၇ |

## နိုဝင်ဘာလပထမပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်ဈေးနှုန်းမှာအနည်းငယ်တက်လျက်ရှိပါသည်။ ဒေသတွင်းရှိ မြေပဲဆားလှော်လုပ်ငန်းရှင်များမှ အဝယ်လိုက်လာခြင်း၊ ပဲကြော်ဖိုလုပ်ငန်းများမှ အဝယ်များခြင်းတို့ကြောင့် မြေပဲဆန်နီ (မြောင်)တစ်ပိဿာလျှင်ကျပ် ၂၀၀၀ မှ ကျပ်၂၂၀၀ထိ၊ ကျွန်း ဆန်မှာတစ်ပိဿာလျှင်ကျပ်၂၁၀၀၊ S1 (မြေပဲဖြူလုံးဆန်)ဈေးနှုန်းမှာ အနည်းငယ်တက်လျက်ရှိပြီး တစ်ပိဿာလျှင်ကျပ် ၂၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ရေစကြိုဒေသထွက် မတ်ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် အနည်းငယ်မြင့်တက်နေပြီး တစ်တင်းလျှင်ကျပ် ၁၅၀၀၀ဖြင့် ရောင်းဝယ်လျက်ရှိသည်။ ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် ပဲပိစပ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် တစ်တင်းလျှင်ကျပ် ၅၀၀ ထိကျဆင်းနေပြီးကျပ် ၁၄၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် ကုလားပဲဈေးနှုန်းများအနည်းငယ်ကျဆင်းနေပြီး ကုလားပဲဝါ HLတစ်တင်းလျှင်ကျပ် ၄၁၀၀၀၊ 929 ကုလားပဲဖြူလုံးကြီးမှာ တစ်တင်းလျှင်ကျပ် ၄၁၀၀၀၊ ကုလားပဲဖြူ V2 တစ်တင်းလျှင်ကျပ် ၄၂၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ နှမ်းဖြူသန့်မှာ အနည်းငယ်ဈေးတက်လျက်ရှိပြီးတစ်တင်းလျှင်ကျပ် ၃၇၀၀၀ ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရှိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပခုက္ကူ ကုန်စည်ဒိုင်တွင် ကုလားပဲဈေးမြင့်တက်

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ကုလားပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် အနည်းငယ်မြင့်နေကြောင်း တွေ့ရှိရပါတယ်။ ကထိန်ရာသီဖြစ်ခြင်း၊ တရုတ်မှ အဝယ်လိုက်လာခြင်းတို့ကြောင့် ယခင်တစ်ပတ်ထက် ဈေးမြင့်တက်နေကြောင်း သိရှိရပါတယ်။

ယခင်တစ်ပတ်က ကုလားပဲဈေးနှုန်းမှာကျပ် ၃၈၅၀၀ ထိကျဆင်းခဲ့သော်လည်း ယခုတစ်ပတ်တွင်ကျပ် ၄၂၀၀၀ ထိ ဈေးပြန်မြင့်လာကြောင်း သိရှိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဈေးနှုန်းများဖြစ်သော ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၃၈၀၀၀ မှကျပ် ၃၈၅၀၀၊ 929ကုလားပဲဖြူလုံး တစ်တင်းလျှင်ကျပ်၃၈၅၀၀၊ ကုလားပဲလုံးကြီး V2တစ်တင်းလျှင်ကျပ် ၄၀၅၀၀ ရှိခဲ့သော်လည်း ယခုတစ်ပတ်တွင်ကုလားပဲဝါ HL တစ်တင်းဈေးနှုန်းမှာကျပ် ၄၁၀၀၀ ၊ 929 ကုလားပဲဖြူလုံး တစ်တင်းလျှင် ကျပ် ၄၁၅၀၀၊ ကုလားပဲလုံးကြီး V2တစ်တင်းလျှင်ကျပ် ၄၂၅၀၀ထိရှိကြောင်း သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပခုက္ကူမြို့နယ်နှင့် ရေစကြိုမြို့နယ်များတွင် ဝယ်လိုအားကောင်းနေသောကြောင့် မြေပဲဆန်ဈေးနှုန်းများမြင့်တက်

ပခုက္ကူခရိုင်အတွင်းရှိပခုက္ကူမြို့နယ်နှင့် ရေစကြိုမြို့နယ်များတွင် မြေပဲဆန်ဈေးနှုန်းများမြင့်နေကြောင်း သတင်းရရှိပါတယ်။ ယခုတစ်ပတ် ကုန်စည်ဒိုင်တွင် မြေပဲဆန်များ ဝင်ရောက်မှုနည်းပါးနေပြီး ဈေးနှုန်းများလည်း မြင့်နေသည်ကို တွေ့ရှိရပါတယ်။ ဒေသတွင်း ဆားလှော်လုပ်ငန်းရှင်များ အဝယ်လိုက်လာခြင်း၊ ဆုံဆီလုပ်ငန်းရှင်များ အဝယ်လိုက်လာခြင်းတို့ကြောင့် မြေပဲနီလုံးဆန်လက္ကားဈေးတစ်ပိဿာ လျှင်ကျပ် ၂၁၀၀ မှကျပ် ၂၂၀၀၊ မြေပဲ (ကျွန်း)ဆန် လက္ကားဈေးတစ်ပိဿာလျှင် ကျပ်၂၁၀၀၊ မြေပဲဖြူလုံးဆန် လက္ကားဈေးတစ်ပိဿာလျှင်ကျပ် ၂၂၀၀ ဈေးရှိနေပါတယ်။ လက်လီဈေးမှာ တစ်ပိဿာလျှင်ကျပ် ၂၈၀၀ ဈေးရှိပါတယ်။ ယခုအခါ မြေပဲဆားလှော်ကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်နေကြောင်း၊ အညာဒေသတွင်သာမက ရန်ကုန်၊ မန္တလေးနှင့် အခြားဒေသများသို့လည်း ပို့ဆောင် ရောင်းဝယ်ဖောက်ကားနေကြောင်း သိရပါတယ်။

အညာဒေသထွက် မြေပဲဆီ(ဆုံဆီ)ကိုအညာဒေသတွင်သာမက အခြားဒေသများသို့လည်း လက်လီလက်ကားရောင်းဝယ်ဖောက်ကားနေပြီး ယခင်က မြေပဲဆီ(ဆုံဆီ) တစ်ပိဿာလျှင်ကျပ် ၅၀၀၀ ဈေးရှိပြီး ယခုအခါတွင် ကျပ် ၆၀၀၀ ဈေးရှိနေပါတယ်။ ဆုံဆီလုပ်ငန်းများမှာလည်း ပခုက္ကူမြို့နယ်အတွင်းရှိ ဆယ်ရွာကျေးရွာ၊ ကျွန်းလှယာဉ်ကျွန်းရွာနှင့် အခြားကျေးရွာများတွင် တွင်ကျယ်စွာလုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါတယ်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

## ပြည်ပဲနီပြားသီးနှံ ယခင်နှစ်ထက်ဈေးပိုရပေမယ့် လက်လီသာ အရောင်းအဝယ်ဖြစ်

ပြည်လက်လီပဲဈေးကွက်မှာ ပဲအားလုံးလိုလို ဈေးကောင်းခဲ့တဲ့နှစ်ဖြစ်လို့ ပဲတစ်တင်းကျပ်သုံးသောင်းအထက် ရရှိနေခဲ့ပါတယ်။ ယခင်နှစ်က အဆိုပါ လက်လီပဲအားလုံးဟာ တစ်တင်းကျပ်သုံးသောင်းအောက်သာရရှိပြီး စားတော်ပဲသီးနှံတစ်မျိုးသာ ကျပ်လေးသောင်းနီးပါးရရှိခဲ့ပါတယ်။ ပဲနီပြားသီးနှံဟာဆိုလျှင်လည်း တစ်တင်းကျပ် ၂၃၅၀၀သာရရှိခဲ့ပြီး ယခုနှစ်မှာတော့ကျပ် ၃၄၅၀၀ ထိ ရရှိလာလို့ ယခင်နှစ်ထက် ကျပ်တစ်သောင်းကျော် ဈေးမြင့်ခဲ့ပါတယ်။ ယခုအချိန်မှာ ပဲလက်ကျန်နည်းလို့ လက်လီသမားများနဲ့သာ အိတ်အနည်းငယ်ရောင်းချနေခဲ့ပါတယ်။ ပဲထွက်ပေါ်ချိန်ကာလများတွင်တော့ လက်လီ၊ လက်ကားအရောင်းအဝယ်သွက်တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း**

## ကြက်သွန်ဖြူအရောင်းအဝယ်ဖြစ်သော်လည်း ဈေးကျနေ

ပြည်ဈေးကြီးနှင့် ပွဲရုံများတွင် ပွဲတော်ရက်များဖြစ်သဖြင့် ကြက်သွန်ဖြူအရောင်းအဝယ် များနေပါတယ်။ ကြက်သွန်ဖြူဝင်ရောက်မှုမှာလည်း ယခင်နှစ်ကထက် ဈေးနှုန်းများ မြင့်တက်နေမည်စိုးတာကြောင့် ပွဲရုံပိုင်ရှင်များနှင့် အရောင်းအဝယ်သမားတို့က အများအပြားဝယ်ယူသိုလှောင်လျက်ရှိပါတယ်။ ဒါကြောင့် ပြည်ဈေးကွက်မှာ ဈေးအကျနှင့်သာ လုံလုံလောက်လောက်ဝယ်ယူနေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ တစ်ပိဿာလျှင် (ပွဲရုံဈေး) ရှမ်းစ ကျပ် ၃၂၀၀ နှင့် ကြူကုတ်စ ကျပ် ၁၈၀၀တို့ဖြစ်ပြီး ဒေသတွင်းဈေးကွက်များတွင် ကြက်သွန်ဖြူ တစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၃၅၀၀နှင့် (ကြူကုတ်စ) ကျပ် ၂၂၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိနေပါတယ်။ ယခုနှစ်တွင် ကြက်သွန်ဖြူ ဈေးတွေကတော့ အကျဈေးဘက်မှာသာရှိနေပြီး အများဆုံးတက်လျှင်လည်း တစ်ပိဿာပေါ်တွင် ကျပ် ၅၀၊ ကျပ် ၁၀၀လောက်သာ အများဆုံးဈေးတက်တာ တွေ့ရပါတယ်။ ကြူကုတ်စ ကြက်သွန်ဖြူတွေကိုသာ အများဆုံးသုံးစွဲပြီး ဈေးနှုန်းလည်း အသင့်အတင့်ရှိပါတယ်။ ကြူကုတ်အိတ်ဆွဲဈေးဆိုလျှင် တစ်ပိဿာပေါ်တွင်ကျပ် ၁၀၀ နီးပါး ဈေးကျနေတာတွေ့ရပါတယ်။ ယခုတစ်ပတ်မှာ ကြက်သွန်ဖြူအိတ်ရေ ၃၀၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

## ကြက်သွန်နီ

# ပြည်ကြက်သွန်နီဈေးကွက်အတွင်း အရောင်းအဝယ်အေး၍ ပစ္စည်းလက်ကျန်များနေ

ပြည်ကြက်သွန်နီဈေးကွက်အနေဖြင့် အရောင်းအဝယ်အေးနေသည်မှာ အောက်တိုဘာ ဒုတိယပတ်မှစတင်ကာ အရောင်းအဝယ်အေးနေကြောင်း သိရပြီး ဝင်ရောက်မှုမှာ ပုံမှန်အနေအထားရှိနေတဲ့အတွက် ဈေးကွက်အတွင်း ကုန်ပစ္စည်းလက်ကျန်များနေကြောင်းသိရပါတယ်။ ရေနံချောင်း၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ ဆိပ်ဖြူနယ်တို့မှ ပုံမှန်ဝင်ရောက်မှုရှိနေပြီး အရောင်းအဝယ်ဆက်တိုက်အေးနေသဖြင့် ပွဲရုံလုပ်ငန်းရှင်များက ဈေးနှုန်းများလျှော့ချ၍ ရောင်းချနေကြောင်းသိရပါတယ်။

ကြက်သွန်နီသီးနှံမှာ အထားမခံသည့်သီးနှံဖြစ်ပြီး အလျှော့တွက်များသည့်အတွက် ယခုလို လက္ကားဈေးနှုန်းများ လျော့နည်းရောင်းချခြင်းဖြစ်ကြောင်း ပွဲရုံလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရှိရပါတယ်။ ဈေးနှုန်းအနေနဲ့ ယခုတစ်ပတ်ပွဲရုံလက္ကားဈေး တစ်ပိဿာလျှင် (ကြီး) ကျပ် ၂၅၀၀၊ (လတ်) ကျပ် ၂၄၀၀၊ (သေး)ကျပ် ၂၃၀၀-၂၃၅၀နှုန်းရှိပြီး လက်လီဈေးအသေးများတွင်(ကြီး)ကျပ် ၂၉၀၀-၃၀၀၀၊ (လတ်)ကျပ် ၂၇၀၀-၂၈၀၀၊ (သေး)ကျပ် ၂၅၀၀-၂၆၀၀နှုန်းဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်လက္ကားဈေး တစ်ပိဿာ(ကြီး) ကျပ်၂၇၀၀၊ (လတ်)ကျပ်၂၆၀၀၊ (သေး)ကျပ် ၂၄၀၀-၂၅၀၀ နှုန်းရှိပြီး လက်လီဈေးအသေးများတွင်(ကြီး) ကျပ် ၃၀၀၀၊ (လတ်) ကျပ် ၂၈၀၀၊ (သေး)ကျပ် ၂၆၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းအား ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်ပါက ပွဲရုံလက္ကားဈေး ကျပ် ၂၀၀ ခန့် လျော့နည်းသွားသလို လက်လီဈေးအသေးများတွင်တော့ ကျပ် ၁၀၀ခန့်သာလျော့နည်းရောင်းချမှုများရှိနေကြောင်း တွေ့ရှိရပါတယ်။ ကိုယ်တိုင်ချက်ပြုတ် ရောင်းချသူများက ဒေသထွက်ကြက်သွန်နီများကို ဈေးနှုန်းအပေါ် မူတည်၍ ခြိုးခြံချွေတာဝယ်ယူသုံးစွဲနေကြပြီး အစားအသောက်ချက်ပြုတ်ရောင်းချသူများအနေဖြင့် ဈေးနှုန်းလည်းချိုသာ တွက်ခြေလည်းကိုက်သည့် တရုတ်ကြက်သွန်နီများကို ဝယ်ယူသုံးစွဲနေကြကြောင်းတွေ့ရှိရပါတယ်။ ဈေးကွက်အတွင်း တရုတ်ကြက်သွန်နီ တစ်ပိဿာလျှင် လက်ကားကျပ် ၁၀၀၀-၁၂၀၀ ရှိပြီး လက်လီကျပ်၁၄၀၀-၁၅၀၀တို့ဖြင့် ရောင်းဝယ်နေကြောင်းသိရပါတယ်။

ဝင်းလဲ့ဝါ(ပြည်)

# မုံရွာကြက်သွန်နီဈေးကွက်ဈေးနှုန်းအမြင့်နဲ့ ဈေးငြိမ်လျက်ရှိ



မုံရွာ(ပွဲရုံ) စားဖိုဆောင်သီးနှံ ရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီဈေးကွက်မှာ ယခင်တစ်ပတ် ပေါက်ဈေးနှုန်းအတိုင်းအမြင့်ဈေးနဲ့ဈေးငြိမ်လျက်ရှိနေပါတယ်။ ကြက်သွန်နီများကို မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များနှင့်ချင်းတွင်း မြစ်ကမ်းတစ်လျှောက်ရှိမြို့များသို့တင်ပို့ရောင်းဝယ်လျက်ရှိကြောင်းသိရပါတယ်။

ကထိန်အလှူပွဲနှင့် တန်ဆောင်တိုင်ပွဲများရှိသော်လည်း ဈေးမြင့်လို့အသုံးပြုသူများနည်းလာပြီး မိသားစုများကလည်း စားသုံးမှုနည်းလာ၍ အရောင်းအဝယ်လည်း အနည်းငယ်အေးနေကြောင်းသိရပါတယ်။ ယခုတစ်ပတ်ပွဲရုံများတွင် ကြက်သွန်နီ တစ်ပိဿာ လက်ကား ပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ်၂၅၀၀၊ (လတ်) ကျပ် ၂၄၀၀၊ (သေး) ၂၃၀၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး)ကျပ်၂၇၀၀၊ (လတ်) ကျပ် ၂၅၀၀၊ (သေး) ကျပ်၂၄၀၀နှုန်းနဲ့ ရောင်းဝယ်လျက်ရှိပြီး ယခင်တစ်ပတ်က လက်ကားပေါက်ဈေးနှုန်းမှာ(ကြီး)ကျပ်၂၅၀၀၊(လတ်)ကျပ်၂၄၀၀၊(သေး)၂၃၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ်၂၇၀၀၊(လတ်)ကျပ်၂၅၀၀၊(သေး)ကျပ်၂၄၀၀နှုန်းပေါက်လို့ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း အမြင့်ဈေးနဲ့ဈေးငြိမ်လျက်ရှိကြောင်း သိရပါတယ်။

မုံရွာကြက်သွန်ဖြူဈေးကွက်မှာတော့ ဈေးအတက်/အကျအနည်းငယ်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ပွဲရုံသို့ကြက်သွန်ဖြူ ပိဿာ ၈၀၀ခန့် နေ့စဉ်အဝင်ရှိပြီး ယခုတစ်ပတ်ပေါက်ဈေးနှုန်းကတော့ ယခင်တစ်ပတ်ပေါက်ဈေးနှုန်းထက် အနည်းငယ်မြင့်လျက်ရှိကာအရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူ တစ်ပိဿာ ပွဲရုံပေါက်ဈေးနှုန်းမှာ(ဗမာ)ကျပ်၄၀၀၀၊(ရှမ်း)ကျပ် ၃၀၀၀၊ (ကြူကုတ်)ကျပ် ၂၂၀၀နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ(ဗမာ)ကျပ် ၄၅၀၀၊ (ရှမ်း) ကျပ် ၃၅၀၀၊ (ကြူကုတ်) ကျပ် ၂၆၀၀နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။

ကြည်ကြည်နွယ်(မုံရွာ)

# မုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့သီးနှံများရဲ့နှစ်အလိုက် ကာလတူအချိန်ဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာကုန်စည်ဒိုင်မှာပြည်ပဝယ်လက်ပဲများဖြစ်တဲ့ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းဈေးကွက်အခြေအနေမှာ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလအတွင်း ပဲစင်းငုံတစ်တင်း နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၄၄၀၀၀၊ ၅၂၀၀၀နှုန်းနဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၀၁၇ခုနှစ်တွင် တစ်တင်းကိုကျပ် ၁၀၀၀၀အောက်ထိ ကျဆင်းသွားကြောင်း သိရပါတယ်။ ပဲစင်းငုံသီးနှံဟာ ဈေးကွက်မှာ လက်ကျန်ပဲအနည်းသာရှိပြီး ရန်ကုန်ဝယ်လက်ရှိ၍ အရောင်းအဝယ်ဖြစ်လျက်ပါတယ်။ ယခုတစ်ပတ် ပဲစင်းငုံ တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၁၀၀၀၀နှုန်းပေါက်ပြီး အိတ် ၅၀၀ မှ ၁၀၀၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

မတ်ပဲသီးနှံရဲ့ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့် ပေါက်ဈေးနှုန်းမှာ ကျပ် ၅၅၀၀၀၊ ၇၂၀၀၀ နှုန်းပေါက်ကာ ပဲဈေးကွက်တွင် အမြင့်ဆုံးဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်ကာလတူ နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၁၃၀၀၀၊ ကျပ် ၁၈၀၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ကာ ယခုနှစ်ကာလတူပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ထက်ဝက်အောက် လျော့နည်းနေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ် မတ်ပဲတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၁၅၀၀၀ နှုန်းပေါက်ပြီး အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခုနှစ်တွင် ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲနှင့်ပဲစင်းငုံသီးနှံဟာ အိန္ဒိယကဝယ်လိုအားကန့်သတ်လိုက်ခြင်းကြောင့် ပဲဈေးနှုန်းများမှာ တဖြည်းဖြည်း လျော့နည်းပြီး ယခင်တစ်ပတ်ကပဲစင်းငုံသီးနှံတစ်တင်းပေါက်ဈေးမှာ ကျပ် ၉၅၀၀ထိ ကျဆင်းသွားခဲ့ကြောင်း သိရပါတယ်။

ပဲတီစိမ်းသီးနှံရဲ့ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့်ပေါက် ဈေးနှုန်းမှာ ကျပ် ၃၂၀၀၀၊ ကျပ်၃၉၀၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်ကာလတူ နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၂၅၀၀၀၊ကျပ် ၂၇၀၀၀နှုန်းနဲ့အရောင်းအဝယ်ဖြစ်ကာ ယခုနှစ်ကာလတူပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးလျော့လျက်ရှိကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ် ပဲတီစိမ်းပေါက်ဈေးနှုန်းမှာ တစ်တင်း(ကြီး)ကျပ်၂၅၀၀၀၊(သေး)ကျပ်၂၃၀၀၀နှုန်းပေါက်ပြီး မန္တလေးဝယ်လက်က ဝယ်ယူလို့ မတ်ပဲ၊ ပဲစင်းငုံသီးနှံထက် အရောင်းအဝယ်ပိုဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ကုလားပဲဖြူလုံးကြီး၊ ပဲကြီး၊ စွန်တာနီ၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ပဲပုပ်၊ ဂျုံ၊ CP ပြောင်းစသည့်သီးနှံများလည်း အောက်တိုဘာလအတွင်းမှာ ဈေးနှုန်းအတက်၊အကျအနည်းငယ်ရှိပြီး ဒေသတွင်းသုံးဝယ်လက်ရှိ၍ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ကုလားပဲဖြူလုံးကြီးသီးနှံမှာ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီး တစ်တင်း ကျပ် ၃၅၈၀၀၊ ကျပ်၄၄၀၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုနှစ်ကာလတူ နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီး တစ်တင်း ကျပ် ၄၂၀၀၀၊ ကျပ် ၄၅၀၀၀ နှုန်း ပေါက်လျက်ရှိပြီး ယခင်နှစ်များကာလတူပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်သာကွာခြားမှုရှိကြောင်းတွေ့ရှိရပါတယ်။ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီးတစ်တင်း ကျပ် ၄၃၅၀၀ နှုန်းပေါက်လျက် နေ့စဉ်အိတ် ၈၀၀ မှ ၁၀၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ပဲကြီးသီးနှံရဲ့၂၀၁၅ခုနှစ်၊ အောက်တိုဘာလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၁၄၅၀၀၊ ကျပ် ၃၄၀၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၀၁၆ခုနှစ်တွင် ကျပ် ၂၅၀၀၀၊ ကျပ် ၂၆၀၀၀ နှုန်းပေါက်ကာ ယခုနှစ်ကာလတူ နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာကျပ်၆၂၀၀၀၊ ၆၈၀၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခုနှစ် ပဲဈေးကွက်မှာပဲကြီး သီးနှံပေါက်ဈေးနှုန်း အမြင့်ဆုံးဖြစ်နေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ပဲကြီး တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၆၆၀၀၀ မှကျပ် ၆၈၀၀၀ နှုန်းပေါက်လျက်ရှိကြောင်းသိရပါတယ်။ စွန်တာနီပဲရဲ့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၁၄၈၀၀၊၁၇၅၀၀နှုန်းနဲ့အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုနှစ်ကာလတူပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၃၁၅၀၀၊ ကျပ် ၃၄၀၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်နှစ်ကာလတူ ပေါက်ဈေးနှုန်းများထက် ဈေးမြင့်နေကြောင်းတွေ့ရပါတယ်။ ယခုတစ်ပတ်ဖြစ်ပေါ်ခဲ့သော စွန်တာနီပဲတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၃၄၀၀၀နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ထောပတ်ပဲသီးနှံရဲ့ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၁၂၀၀၀၊ ၁၈၀၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုနှစ်ကာလတူပေါက်ဈေးနှုန်းမှာ တစ်တင်း ကျပ် ၃၂၀၀၀၊ ၃၅၀၀၀နှုန်းနဲ့အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်နှစ်ကာလတူပေါက်ဈေးနှုန်း၏ထက်ဝက် ကျော်ဈေးမြင့်နေကြောင်းတွေ့ရပါတယ်။ ယခုတစ်ပတ် ဖြစ်ပေါ်ခဲ့သော ထောပတ်ပဲတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၄၀၀၀၀နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ မြေထောက်ပဲသီးနှံမှာ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာတစ်တင်းကျပ်၁၆၀၀၀၊ ၁၉၀၀၀နှုန်းနဲ့အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုနှစ်ကာလတူပေါက်ဈေးနှုန်းမှာ တစ်တင်း ကျပ် ၃၉၀၀၀၊ ၄၀၀၀၀နှုန်းနဲ့အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်နှစ်ကာလတူပေါက်ဈေးနှုန်းထက် ဈေးမြင့်နေကြောင်းတွေ့ရပါတယ်။ ယခုတစ်ပတ် ဖြစ်ပေါ်ခဲ့သော မြေထောက်ပဲ တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၄၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ပဲပုပ်စေ့သီးနှံရဲ့ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၁၆၈၀၀၊ ၁၇၃၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုနှစ်ကာလတူပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၃၀၅၀၀၊ ၃၄၅၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်နှစ်ကာလတူပေါက်ဈေးနှုန်းထက် ဈေးမြင့်နေကြောင်းတွေ့ရပါတယ်။ ယခုတစ်ပတ် ပဲပုပ်စေ့တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၃၄၅၀၀နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ဂျုံသီးနှံမှာ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ်၁၇၉၀၀၊၁၈၀၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုနှစ်ကာလတူပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၂၀၀၀၀နှုန်းနဲ့အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်နှစ်ကာလတူပေါက် ဈေးနှုန်းများထက် ဈေးမြင့်နေကြောင်းတွေ့ရပါတယ်။ ယခုတစ်ပတ်ဖြစ်ပေါ်ခဲ့သော ဂျုံတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၂၀၀၀၀နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ CP ပြောင်းသီးနှံရဲ့ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၇၆၀၀၊ ကျပ် ၈၃၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် တစ်တင်းကျပ် ၅၀၀၀၊ ကျပ် ၆၃၀၀ နှုန်းပေါက်ကာ ယခင်နှစ်ထက်ဈေးလျော့ပြီး ယခုနှစ်ကာလတူ နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၆၅၀၀၊ ၇၄၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခုတစ်ပတ်ဖြစ်ပေါ်ခဲ့သော CP ပြောင်း တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၇၃၀၀နှုန်းဖြင့် နေ့စဉ်အိတ် ၃၀၀ မှ ၄၀၀ ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

ကြည်ကြည်နွယ်(မုံရွာ)

# (၂၂) ကြိမ်မြောက် မကာအို နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် အာဆီယံနိုင်ငံများ၏ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းဆိုင်ရာ ပြခန်းပါဝင်ပြသ

(၂၂) ကြိမ်မြောက် မကာအို နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြပွဲ (Macao International Trade and Investment Fair (MIF) ပြပွဲအား 'ပူးပေါင်းဆောင်ရွက်ခြင်းမှ စီးပွားရေး အခွင့်အလမ်းများဆီသို့' Cooperation -Key to business opp-ortunities ဆောင်ပုဒ်ဖြင့် မကာအို ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနက ကြီးမှူး၍ မကာအိုမြို့ Venetian-Resort-Hotel ၌ အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်ထိ ကျင်းပခဲ့ပါသည်။ အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၅၀ ကျော်မှ ပြခန်းပေါင်း ၁၆၀၀ ကျော် ပါဝင်ပြသခဲ့ပြီး "2017 Portuguese Speaking Countries Products and Services Exhibition (Macao)" အား တစ်ပြိုင်နက်တည်း ကျင်းပခဲ့ပါသည်။

အဆိုပါပြပွဲအား မကာအိုကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနနှင့်အတူ မကာအို၊ ဟောင်ကောင်နှင့် တရုတ်ပြည်မကြီးမှ စီးပွားရေးနှင့် ကုန်သွယ်ရေး အဖွဲ့အစည်းပေါင်း ၁၅ ခုမှ ပူးပေါင်းကြီးမှူး၍ တရုတ်ပြည်နယ်အစိုးရများ၊ ဥရောပ၊ ပေါ်တူဂီစကားပြောနိုင်ငံများ၊ အမေရိကန်နှင့် အာဆီယံနိုင်ငံများမှ ပါဝင်ပြသခဲ့ပါသည်။ အဆိုပါပြပွဲအနေဖြင့် မကာအို၏ ကမ္ဘာ့ခရီးသွားနှင့်အပန်းဖြေစင်တာတစ်ခုအဖြစ် လည်းကောင်း၊ တရုတ်နိုင်ငံနှင့် ပေါ်တူဂီစကားပြောနိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်မှုဝန်ဆောင်ရေး ပလက်ဖောင်းတစ်ခုအဖြစ်လည်းကောင်း၊ အခွင့်အလမ်းများရရှိစေပြီး ပြပွဲတွင် ပါဝင်တက်ရောက်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းစတင်တည်ထောင်ခြင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးအတွက် လွယ်ကူချောမွေ့စေရေးများစွာ အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်သည်။

ပြပွဲတွင် စီးပွားဖက်မြို့တော်များ၏ အောင်မြင်ဖြစ်ထွန်းသော စီးပွားရေးလုပ်ငန်းအတွေ့အကြုံများ ပေါင်းစပ်ခြင်းအားဖြင့် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံပေါင်းစုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးအမြင်များ ဖလှယ်ဆွေးနွေးနိုင်ရေးအတွက် "one-stop" ပလက်ဖောင်းတည်ဆောက်နိုင်ရန် လုပ်ငန်းပေါင်းစုံ၊ အလှူပေါင်းစုံမှ ပြပွဲများ၊ အဆင့်မြင့်ဖိုရမ်များ၊ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်နှင့် စီမံကိန်းလုပ်ငန်းများ မြှင့်တင်ရေးအတွက် ညှိနှိုင်းဖလှယ်ပွဲများ၊ လုပ်ငန်းကဏ္ဍပေါင်းစုံမှ အကြောင်းအရာအလိုက် ဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်။

၎င်းပြပွဲတွင် အာဆီယံနိုင်ငံများ၏ ကုန်သွယ်မှုနှင့် စီးပွားရေးအခွင့်အလမ်းများမြှင့်တင်နိုင်ရေး၊ အာဆီယံခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းဆိုင်ရာ ပြခန်းခင်းကျင်းပြသမှုတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာအမျိုးသားပိုင်လေကြောင်းလိုင်းတို့ပူးပေါင်း၍ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်နိုင်ရေးအတွက် အာဆီယံနိုင်ငံများဆိုင်ရာပြခန်းတွင်လည်း ပါဝင်ပြသခဲ့ကြောင်း သိရှိရသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ထိုင်းနိုင်ငံ၏၂၀၁၇ ခုနှစ်အတွက် ပို့ကုန်တင်ပို့နိုင်မှု ခန့်မှန်းချက်

ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူလာခြင်းနှင့် ထိုင်းကုန်စည်များအား ဝယ်လိုအားခိုင်မာခြင်းတို့ကြောင့် ယခုနှစ်တွင် ပို့ကုန်တင်ပို့မှု၌ အမေရိကန်ဒေါ်လာ ၂၃၂ ဒသမ ၆ ဘီလီယံ၊ (ဘတ် ၇ ဒသမ ၇၂ ထရီလီယံ) ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်ကထက် ရှစ်ရာခိုင်နှုန်းကျော် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်အတွက် ကုန်သွယ်မှုလျာထားချက်များ ပြည့်မီစေရန် ပို့ကုန်တင်ပို့မှု တိုးတက်မှု ရှစ်ရာခိုင်နှုန်းရရှိစေရန် ကျန်ရှိသောလများတွင် တစ်လလျှင် ကိုးဘီလီယံထက်ကျော်လွန်တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အသစ် Mrs.Chantira Jimreivat Vivatrat က ပြောပါသည်။

ပို့ကုန်တင်ပို့မှု တိုးတက်မှုရာခိုင်နှုန်းသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်လာပြီး ရာခိုင်နှုန်းအားဖြင့် ၁၂ ဒသမ ၂ ရာခိုင်နှုန်းထိ တိုးတက်လာနိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ကျန်ရှိနေ သောကာလများတွင် ပို့ကုန်တင်ပို့မှု တစ်လလျှင် အနည်းဆုံး ၁၉ ဘီလီယံထက် တင်ပို့နိုင်မည်ဆိုပါက နှစ်စဉ်တင်ပို့မှု အမေရိကန်ဒေါ်လာ ၂၃၂ ဒသမ ၆ ဘီလီယံထက် ပိုမိုပြီး ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်အတွက် ပို့ကုန်လျာထားချက်သတ်မှတ်ရန် ဇန်နဝါရီလအတွင်း ပုဂ္ဂလိကကဏ္ဍများနှင့်အတူဆွေးနွေးပွဲများ ကျင်းပပြီး လျာထားချက်များကို သတ်မှတ်သွားမည်ဖြစ်ပါကြောင်း Mrs. Chantira က ပြောကြားခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနသည် ကုန်သွယ်မှုရည်မှန်းချက် အောင်မြင်စေရန်အတွက် အဓိကဝယ်လက်များကို ကူညီဆွဲဆောင်နိုင်သော စီးပွားရေးနှင့်သက်ဆိုင်သည့် ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်၍ ပို့ကုန်တင်ပို့နိုင်မှုအစီအမံများကို ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလယ်ယာကဏ္ဍ၊ လက်ဝတ်ရတနာကဏ္ဍနှင့် ဖျော်ဖြေတင်ဆက်မှုကဏ္ဍများကို အာရုံစိုက်ပြီး ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း Mrs .Chantira က ပြောကြားပါသည်။

ဗန်ကောက်မြို့တွင် အောက်တိုဘာ ၃၀ ရက် မှ နိုဝင်ဘာ ၂ ရက်ထိ ထိုင်းဆန်ဝယ်ယူသူများနှင့် တင်ပို့သူများအား အစည်းအဝေး ဖိတ်ကြားခဲ့ပြီး ဆန်တင်ပို့မှု တိုးမြှင့်စေရေးအတွက် စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အဆိုပါအစည်းအဝေးမှ ဆန်တန်ချိန် ၃၀၀၀၀ ရောင်းချခြင်းအား ကူညီရန်ဖြစ်ပါကြောင်း၊ အစည်းအဝေးကာလအတွင်း ဆန်တန်ဖိုး ဘတ် ၅၈၆ သန်း ရောင်းချမည်ဖြစ်ပြီး ဘတ် ၃၀ ဘီလီယံတန်ဖိုးအား ရေရှည်တင်ပို့မှု စာချုပ်အဖြစ် လက်မှတ်ရေးထိုးမည်ဖြစ်ပါကြောင်း Mrs .Chantira က ပြောကြားခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ထိုင်းရုပ်ရှင်ဇာတ်လမ်းများ ပြည်ပပို့ကုန်အဖြစ်အောင်မြင်မှုရရှိရန်အတွက် အမေရိကန်နိုင်ငံအကြိုက် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရေးအတွက် ထိုင်းရုပ်ရှင်ရိုက်ကူးသူများနှင့် နိုဝင်ဘာလအစောပိုင်းတွင်တွေ့ဆုံရန် စီစဉ်လျက်ရှိပြီး ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုတိုးတက်ရရှိစေရန်အတွက် တရုတ်နှင့် အိန္ဒိယတို့တွင် ထိုင်းကျန်းမာရေးနှင့် အလှအပပိုင်းဆိုင်ရာ ကုန်စည်ပြပွဲအား နိုဝင်ဘာလအတွင်း ကျင်းပနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပို့ကုန်တင်ပို့သူများအား အနိမ့်ဆုံးအခွန်ကောက်ခံမှုနှုန်းထားနှင့် လွတ်လပ်စွာ ကုန်သွယ်မှုပြုနိုင်ရန်အတွက် ပံ့ပိုးကူညီပြီး ပိုမိုလွတ်လပ်သောကုန်သွယ်မှု မူဝါဒများ ချမှတ်သင့်ကြောင်း၊ ထိုင်းအစိုးရအနေနှင့် အာဆီယံနိုင်ငံများ၊ ရုရှား၊ တရုတ်၊ အီရန်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ထိုင်းရိုးရာပစ္စည်းများ ပို့ကုန်ဈေးကွက်ရရှိရေး မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိ ပြီး တန်ဖိုးမြှင့်ပို့ကုန်များကို ချမ်းသာကြွယ်ဝသော နိုင်ငံများသို့ ဈေးကွက်ထိုးဖောက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mrs.Chantira က ပြောကြားသွားပါသည်။

**Source: Bangkok Post**
**မင်းအောင်အေး**

# e-Trade အကောင်အထည် ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပုဂ္ဂလိက ကဏ္ဍတို့ တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် UNCTAD မှ ကိုယ်စားလှယ်အဖွဲ့တို့ ပူးပေါင်းညှိနှိုင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံတွင် အီလက်ထရောနစ်စနစ်ဖြင့် ကုန်သွယ်မှုပြုနိုင်ရေး လိုအပ်ချက်များကို အကဲဖြတ်နိုင်ရန်အတွက် e-Trade Readiness Assessment အစည်းအဝေးများကို နေပြည်တော်နှင့် ရန်ကုန်တို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် e-Trade Readiness Assessment ပြုလုပ်နိုင်ရေးအတွက် UNCTAD အဖွဲ့အစည်းထံ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် ကမ်းလှမ်းခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင်ကျင်းပခဲ့သော "Aid for Trade Global Review" ကာလအတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် UNCTAD မှ တာဝန်ရှိသူများ တွေ့ဆုံကာ အဆိုပါ e-Trade Readiness Assessment ပြုလုပ်နိုင်ရေးကို ထပ်မံအတည်ပြုဆွေးနွေးခဲ့ခြင်းကြောင့် UNCTAD Consultant ဖြစ်သူ Mr. Marian Pletosu နှင့် Team Leader ဖြစ်သူ Mr. Sven Callebaut တို့သည် e-Trade Readiness Assessment ပြုလုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံသို့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်မှ ၂၈ ရက်အထိ လာရောက်ပြီး e-Trade Readiness Assessment အစည်းအဝေးများ ကျင်းပခဲ့ခြင်းဖြစ်သည်။

e-Trade Readiness Assessment အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ UMFCCI နှင့် ပုဂ္ဂလိကကဏ္ဍမှ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အပါအဝင် သက်ဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်ပြီး အဆိုပါ e-Trade Readiness Assess ment အစည်းအဝေးကို နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၌ ကုန်သွယ်ရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးတွင် UNCTAD Consultant ဖြစ်သူ Mr. Marian Pletosu မှ အခြားနိုင်ငံများ၏ e-Trade Readiness Assessment ဆိုင်ရာ လုပ်ငန်းစဉ်များကို ဗဟုသုတအဖြစ် ပြန်လည်ဝေမျှပေးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ Mr. Sven ကလည်း မြန်မာနိုင်ငံ၏ e-Trade Readiness Assessment ဆိုင်ရာ အဓိကဦးစားပေး နယ်ပယ်ခုနစ်ခုဖြစ်သည့် e-Commerce Readiness Assessments and Strategy Formulation၊ ICT Infrastructure and Services၊ Trade Logistics and Trade Facilitation၊ Payment Solutions၊ Legal and Regulatory Frameworks၊ e-Commerce Skills Development နှင့် Access to Financing တို့ကို Power Point များဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး အဆိုပါ နယ်ပယ် ခုနစ်ခုနှင့်ပတ်သက်၍ တက်ရောက်လာသူများက ၎င်းတို့ သိလိုသည့်မေးခွန်းများကို မေးမြန်းခြင်း၊ အကြံပြုချက်များ၊ သုံးသပ်ချက်များအား အပြန်အလှန်တင်ပြခြင်းနှင့် e-Trade Readiness Assessment ဆိုင်ရာ Survey Question များကို တက်ရောက်လာကြသူများမှ ဖြေကြားပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

UNCTAD မှ ကျွမ်းကျင်သူများအနေဖြင့် အောက်တိုဘာ ၂၇ ရက်တွင် ရန်ကုန်မြို့၌ UMFCCI၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ Eurocham Myanmar၊ Thura Swiss၊ Ooredoo၊ Information Matrix နှင့် ကမ္ဘောဇဘဏ်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ ကြောင်း သိရှိရသည်။

e-Trade Readiness Assessment နှင့်ပတ်သက်၍ ဒေသတွင်းနိုင်ငံများဖြစ်သော ဘူတန်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင်လည်း UNCTAD အဖွဲ့အစည်းကပင် e-Trade Readiness Assessment များကို ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံအတွက် အဆိုပါ e-Trade Readiness Assessment ဆိုင်ရာ Report ကို ယခုနှစ် နိုဝင်ဘာလဆန်းခန့်တွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**အိသက်သက်စံ (WTO)**

## ခတ်ဆီ/ဒီဇယ်

### ရေကြောင်းလမ်းမှပါ ခတ်ဆီ၊ ဒီဇယ်တန်ချိန် တစ်သိန်းလေးသောင်းကျော်ဝင်

အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၁၂၀၁၁၃ တန်ဖိုးရှိ ဒီဇယ် ၇၄၁၂၆ ဒသမ ၁၄၃ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၈၄၇၀၈၉၇ တန်ဖိုးရှိ ခတ်ဆီ ၃၈၂၀၇ ဒသမ ၈၅၇ တန်၊ စုစုပေါင်း ၁၁၂၃၃၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း(95) တို့တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၈၈၁၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၁၃၉၇၀ ကျော်၊ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခတ်ဆီတန်ချိန် ၅၄၇၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ခတ်ဆီတန်ချိန် ၁၆၅၀၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ အောက်တိုဘာ ၂၁ ရက်မှ၂၇ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်း ဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၉၂၄၈၀၈ တန်ဖိုးရှိအဆင့်မြင့်ဒီဇယ် ၁၈၇၀ ဒသမ ၇၁ တန် နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၆၁၁၁၂ တန်ဖိုးရှိ ဒီဇယ် ၂၈၀ ဒသမ ၂၅၂ တန် တင်သွင်းခဲ့ပြီး လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၂၇ တန်ဖိုးရှိ Re-Export ဒီဇယ် ၁၈၄၈ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ခတ်ဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း ( 92 )နဲ့ ( 95 ) မှာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၄၅ ကျပ်၊ အောက်တိန်း (92) ၇၄၅ ကျပ်၊ အောက်တိန်း (95) ၇၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၆၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာ ၃၀ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၅၀၀၀၀၊ ရောင်းဈေး ကျပ် ၁၅၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။အောက်တိုဘာလ ၃၀ ရက်မှာ ခတ်ဆီ ဝယ်ဈေး ကျပ် ၁၅၈၀၀၀၊ ရောင်းဈေး ကျပ်၁၆၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နိုဝင်ဘာ ၂ ရက်တွင် ဝယ်ဈေး ၊ ရောင်းဈေး ကျပ် ၁၀၀၀ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေး နည်းနည်းမြင့်ခဲ့ပြီး ခတ်ဆီဈေးအနည်းငယ်ကျခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း(92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း(95) တစ်လီတာ ကျပ် ၈၉၀၊ ဒီဇယ် တစ်လီတာ ကျပ် ၇၇၀ ၊အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၇၉၀၊ အောက်တိန်း (92)တစ်လီတာ ကျပ် ၈၀၀၊ ခတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါ ဈေးများမှာ အောက်တိုဘာ ၃၀ ရက်တွင်ဒီဇယ်ဝယ်ဈေးကျပ် ၁၅၄၀၀၀၊ ရောင်းဈေး ကျပ် ၁၅၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာနိုဝင်ဘာ ၂ ရက်တွင် ဝယ်ဈေး ၊ ရောင်းဈေး ကျပ် ၂၀၀၀ နဲ့ ဈေးမြင့်အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ အောက်တိုဘာ ၃၀ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၀၀၀၀၊ ရောင်းဈေးကျပ် ၁၆၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နိုဝင်ဘာ ၂ရက်တွင်ဝယ်ဈေး ကျပ် ၁၆၂၀၀၀၊ ရောင်းဈေး ကျပ် ၁၆၄၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ဈေးငြိမ်သော်လည်း ခတ်ဆီဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ခတ်ဆီ ၇၅၅ ကျပ် ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၀၀ ၊ အောက်တိန်း(92) ကျပ် ၇၉၀၊ အောက်တိန်း (95) ကျပ် ၈၂၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၆၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ်၃၆၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းရွှေဈေးများ သုံးပတ်ဆက်တိုက် ဆက်လက်ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တနှစ်ပတ်ဆက်တိုက် ကျဆင်းခဲ့သည့်ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းလျက်ရှိရာ သုံးပတ်ဆက်တိုက်ကျဆင်းခြင်းဖြစ်ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးများလည်း ကျဆင်းလာသဖြင့် ပြည်တွင်းရွှေဈေးများလည်း ကျဆင်းလာရခြင်းဖြစ်ကြောင်း ရွှေဈေးကွက်ကျွမ်းကျင်သူတို့က သုံးသပ်လျက်ရှိသည်။ ပြည်တွင်းတွင်မူ ဈေးကျဆင်းနေသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်မှာ အေးနေကြောင်း သိရသည်။

“ပြည်တွင်းရွှေဈေးက ကမ္ဘာ့ရွှေဈေး ကျဆင်းလာလို့ လိုက်ပြီးကျလာတယ်။ ပြည်တွင်းမှာက ဒီတစ်ပတ်မှာ တန်ဆောင်တိုင်ပိတ်ရက်တွေကများနေတော့ ခရီးသွားကြတဲ့သူတွေများတယ်။ အဲဒါကြောင့် ဈေးကွက်ထဲမှာ အရောင်းအဝယ်အေးနေရတာပါ”ဟု ရွှေကုန်သည် ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးများသည် အောက်တိုဘာ ၃၀ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၃၂၅၀၀ ကျပ်ရှိခဲ့ရာမှ အောက်တိုဘာ ၃၁ ရက်တွင် ကျပ် ၉၃၀၀၀၀ သို့ ကျဆင်းခဲ့သည်။ နိုဝင်ဘာ ၁ ရက်တွင် ကျပ် ၉၂၉၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် အောက်တို ဘာ ၃၀ ရက်က တစ်အောင်စလျှင် ၁၂၇၂ အမေရိကန်ဒေါ်လာရှိခဲ့ပြီး အောက်တိုဘာ ၃၁ ရက်တွင် ၁၂၇၆ အမေရိကန်ဒေါ်လာ ရှိခဲ့သည်။ နိုဝင်ဘာ ၁ ရက်တွင် ၁၂၆၉ အမေရိကန်ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းငွေလဲနှုန်းများ ငြိမ်သက်လျက်ရှိ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် အနည်းငယ် ငြိမ်သက်လျက်ရှိကြောင်း ငွေလဲဈေးကွက်အတွင်းမှ သိရသည်။

ယခုတစ်ပတ်အတွင်း တန်ဆောင်တိုင်ပိတ်ရက်များကြောင့် ဘုရားဖူးထွက်ကြသူများရှိနေသဖြင့် အရောင်းအဝယ်များအေးနေကြောင်း၊ အရောင်းအဝယ်အေးနေသဖြင့် ဈေးကျဆင်းလာပြီး အကျဈေးဖြင့် ငြိမ်နေကြောင်း၊ အကျဈေးဖြင့်ဈေးငြိမ်နေသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်မရှိသကဲ့သို့ ပိတ်ရက်များကြောင့်လည်း ဈေးငြိမ်နေရခြင်းဖြစ်ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ကလည်း ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၆၆ ကျပ်ဟု သတ်မှတ်ထားကြောင်း ဗဟိုဘဏ်၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ပြည်တွင်းငွေလဲစင်တာများတွင် အောက်တိုဘာ ၃၀ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၅ ကျပ်၊ ဝယ်ဈေး ၁၃၅၃ ကျပ်ရှိခဲ့ပြီး နိုဝင်ဘာ ၁ ရက်တွင် ရောင်းဈေး ၁၃၅၆ ကျပ်၊ ဝယ်ဈေး ၁၃၅၄ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## ရန်ကုန်စတော့ဈေးကွက်အား ပြည်သူများစိတ်ဝင်စားမှု ပိုမိုနည်းပါးလာ

ရန်ကုန်စတော့ ဈေးကွက်အား ပြည်သူများ စိတ်ဝင်စားမှု ပိုမိုနည်းပါးလာကြောင်း သိရသည်။ စီးပွားရေးကျဆင်းမှုနှင့်အတူ စတော့အိတ်ချိန်းနှင့်ပတ်သက်၍ နားလည်ရန် ခက်ခဲနေမှုများကြောင့်လည်းကောင်း၊ စတော့ဈေးနှုန်းများ ကျဆင်းနေသဖြင့် လည်းကောင်း၊ မည်ကဲ့သို့ ရောင်းရဝယ်ရမည်ကို မသိသဖြင့်လည်းကောင်း စိတ်ဝင်စားမှု အားနည်းနေရခြင်းဖြစ်သည်ဟု ဆိုသည်။

ရန်ကုန် စတော့အိတ်ချိန်းကို ၂၀၁၆ ခုနှစ် မတ် ၂၅ ရက်က စတင်ဖွင့်လှစ်ကာ အစုရှယ်ယာများအား စတင်ရောင်းဝယ်ခဲ့သော်လည်း အစပိုင်းတွင်သာ စိတ်ဝင်စားမှုမြင့်တက်ခဲ့သည်။ သို့သော် စတော့ဈေးကွက်စတင်ဖွင့်လှစ်ပြီး တစ်နှစ်ကျော်ကြာသည်အထိ စတော့ဈေးကွက်၏အနေအထားမှာ အကျဘက်သို့ ဦးတည်နေသဖြင့် ပြည်သူများ စိတ်ဝင်စားမှုနည်းပါးရခြင်းဖြစ်သည်ဟု ဆိုသည်။

စတော့ဈေးကွက်နှင့်ပတ်သက်၍ ပြင်ပလောကတွင် သင်တန်းများ ဖွင့်လှစ်ကာ သင်ကြားပေးလျက်ရှိသော်လည်း အစုရှယ်ယာစာရင်းဝင်ကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှုမရှိခြင်းကလည်း အစုရှယ်ယာဈေးကွက်ကိုထိခိုက်စေသည်ဟု ဆိုသည်။

ရန်ကုန်စတော့အိတ်ချိန်း အနေဖြင့် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက စတော့အိတ်ချိန်းဆိုင်ရာ ကုန်စည်ပြပွဲတစ်ခုကို ပြုလုပ်ခဲ့သော်လည်း စတော့ဈေးကွက်မှာ အေးစက်မြဲအေးစက်နေဆဲပင်ဖြစ်သည်။

**မယ်သီတာ**

## Currency Exchange Rate

**November 2, 2017**
**Base Currency is United States Dollar - USD**

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.30 |
| BDT Bangladesh Taka | 83.09 |
| CAD Canada Dollars | 1.28 |
| CNY China Yuan Renminbi | 6.60 |
| EUR Euro | 0.86 |
| H KDHong Kong Dollars | 7.80 |
| I NR India Rupees | 64.60 |
| I DR Indonesia Rupiahs | 13556.57 |
| JPY Japan Yen | 113.95 |
| MYR Malaysia | 4.23 |
| PKR Pakistan Rupees | 105.34 |
| PHP Philippines Pesos | 51.48 |
| RUB Russia Rubles | 58.18 |
| SGD Singapore Dollars | 1.36 |
| KRW South Korea Won | 1113.99 |
| LKR Sri Lanka Rupe | 153.70 |
| THB Thailand Baht | 33.13 |
| GBP United Kingdom Pounds | 0.75 |
| VND VietnamDon | 22688.76 |

*Source:xe.com*

## World Gold Price

October-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 30 | 1275 | 1273 | 1273 |
| 31 | 1280 | 1278 | 1278 |
| 1 | 1278 | 1276 | 1276 |
| 2 | 1281 | 1279 | 1280 |
| 3 | - | - | - |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 30-10- 2017 | 929.00 | 929.20 |
| 31-10-2017 | 930.00 | 929.90 |
| 1-11- 2017 | 929.50 | 930.00 |
| 2-11-2017 | - | - |
| 3-11- 2017 | - | - |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 30 | 6.65 | 33.26 | 83.02 | 64.95 |
| 31 | 6.63 | 33.24 | 82.96 | 64.81 |
| 1 | 6.62 | 33.17 | 82.98 | 64.55 |
| 2 | 6.60 | 33.13 | 83.09 | 64.60 |
| 3 | - | - | - | - |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 30-October | 16.74 | 3255.09 | 2152.43 | 6829.76 | 914.00 |
| 31-October | 16.83 | 3288.37 | 2144.93 | 6887.94 | 921.00 |
| 1-November | 16.84 | 3339.28 | 2137.66 | 6984.04 | 926.00 |
| 2-November | 17.11 | 3328.92 | 2172.70 | 6903.15 | 929.00 |
| 3-November | - | - | - | - | - |

## Energy NYMEX

2-11-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 54.26 | -0.04 | -0.07 |
| Brent Crude Futr (USD/bbl) | 60.49 | 0.00 | 0.00 |
| Gasoline Rbob Fut (Cent/gal) | 174.18 | 0.08 | 0.05 |
| Natural Gas Futr (USD/MMBtu) | 2.91 | 0.02 | 0.73 |
| Heating Oil Futr (Cent/gal) | 186.46 | 0.21 | 0.11 |

## ဘိလပ်မြေ

### ဘိလပ်မြေ ဆက်တိုက်အဝင်နည်း

အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၂၂၀ တန်ဖိုးရှိ ဘိလပ်မြေ ၁၂၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ၅၂ တန်နဲ့ ထိုင်းနိုင်ငံမှ ၇၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၃၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၁၈၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ရော ဒီတစ်ပတ်ပါ ဘိလပ်မြေ ဆက်တိုက် အဝင်နည်းနေတယ်လို့ သိရပါတယ်။ အောက်တိုဘာ ၂၁ ရက်မှ ၂၆ ရက်အထိသီတင်းပတ်အတွင်းနယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန် ၂၉၆၀ ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၈၄၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၄၆၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။



### ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၅၀၊ ဆင်(ထိုင်း) ကျပ် ၅၅၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၅၀၊ စိန်(ထိုင်း) ၅၂၂၅ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်ကောင်းပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ခရောင်းဘိလပ်မြေ ကျပ် ၅၂၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၈၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ဆင်မင်း (ကျောက်ဆည်) ကျပ် ၃၉၀၀၊ ခရောင်း ကျပ် ၅၂၀၀၊ ကျားခေါင်း ကျပ် ၄၂၀၀၊ မော်လမြိုင်ဆင် ကျပ် ၆၇၀၀၊ ဆင်(ထိုင်း) ကျပ် ၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာအရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၀၀၊ ကြံ့ကျပ် ၅၀၀၀၊ ဆင်(ထိုင်း) ကျပ် ၆၃၀၀၊ စိန်(ထိုင်း) ကျပ် ၆၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ကထိန်အလှူများကြောင့် အရောင်းအဝယ်ပါးပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အသေုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၇၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ရေကြောင်းလမ်းမှ မြေဩဇာတန်ချိန် ၂၃၀၀၀ ကျော်ဝင်

အောက်တိုဘာလ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၉၆၈၄၇၅ တန်ဖိုးရှိ မြေဩဇာ ၂၃၄၈၈ ဒသမ၈၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၅၁၂ ဒသမ ၅၀ တန်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၁၅၃၂ ဒသမ ၅၀ တန်၊ ဂျာမနီနိုင်ငံမှ ၁၄၉၈ ဒသမ ၆၀ တန်၊ အိန္ဒိယနိုင်ငံမှ ၂၄ တန်၊ အီရန်နိုင်ငံမှ ၁၀၅၀ တန်၊ ဂျပန်နိုင်ငံမှ ၅၂ ဒသမ၅၀ တန်၊ ကိုရီးယားနိုင်ငံမှ ၁၀၀၉ ဒသမ ၈၈ တန်၊ မလေးရှားနိုင်ငံမှ ၆၅၅၃ ဒသမ ၆၈ တန်၊ နော်ဝေးနိုင်ငံမှ ၉၈ ဒသမ ၂၈ တန်၊ ပါကစ္စတန်နိုင်ငံမှ တန်ချိန် ၁၀၀၀၊ ရုရှားနိုင်ငံမှ ၂၇၈၀ ဒသမ ၆၉ တန်၊ ထိုင်းနိုင်ငံမှ ၅၀၁၈ ဒသမ ၁၉ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၃၅၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုး အစားများမှာ ပိုတက်၊ အမိုးနီးယားဆာလဖိတ်၊ နိုက်ထြိုဖော့စကား ၁၅း၁၅း၁၅၊ အမိုင်နိုအက်စစ်၊ ယူရီးယား၊ ဩဂဲနစ်၊ ကွန်ပေါင်း(၁၅း၉း၂၀)၊ ကွန်ပေါင်း(၁၆း၁၆း၁၆)၊ အာမိုတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၁၂၅၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၉၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအေး

အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိသီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ မြေဩဇာအဝင်မှာတန်ချိန် ၂၃၄၈၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၁၂၅၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၉၀၀ ကျော်အဝင်ပိုခဲ့ပါတယ်။ အောက်တိုဘာလ ၂၁ရက်မှ ၂၇ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၉၀၁၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၁၈၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၈၆၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်ပိုပြီးနယ်စပ်လမ်းမှ မြေဩဇာ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဆောင်းသီးနှံအတွက် မြေဩဇာအဝယ်လိုက်နေပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေ တဲ့ ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၂၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၃၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၂၀၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်ကထိန်အလှူများကြောင့် အရောင်းအေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ -တရုတ် (၁၂း၁၃) ကျပ် ၁၅၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅း ကျပ် ၃၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၆၂၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၃၃၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၃၂၀၀၊ ဇာမဏီ ကျပ် ၁၇၈၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၃၃၀၀၊ တောင်သူမ ကျပ် ၁၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ကထိန်အလှူများကြောင့် မြေဩဇာ အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၄၂၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၃၅၀၀၊ မြားကမ္ဘာ ကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ရာသီချိန်မရောက်သေးတာနဲ့ ကထိန်အလှူများကြောင့် အရောင်းအဝယ်အေးသလိုဈေးလည်းငြိမ်နေတယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၃၀၀၀၊ တီစူပါ၄၆% ကျပ် ၂၀၁၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံ ကျပ် ၁၅၃၀၀၊ အာမို၁၀း၁၀း၅ ကျပ် ၁၆၅၀၀၊ မြားကမ္ဘာ ကျပ် ၁၄၈၀၀၊ သံကွင်း-ကွန်ပေါင်း(၁၅း၅း၅း၅) ကျပ် ၁၆၂၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၂၆၀၇၀ တန်ဖိုးရှိ နို့ဆီ ၃၀၆ ဒသမ ၄၃၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မာရီဂိုးနို့ဆီ ၈၇ ဒသမ ၅၅၂ တန်နဲ့ ဒွန်းနို့ဆီ ၂၁၈ ဒသမ ၈၈ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၄၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့ဆီတန်ချိန် ၁၁၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ ဩစတြေးလျနိုင်ငံမှ ၂ ဒသမ ၄၀ တန်၊ အိုင်ယာလန်နိုင်ငံမှ တန်ချိန် ၁၅၀၊ မလေးရှားနိုင်ငံမှ ၄၂ ဒသမ ၀၀၇ တန်၊ စင်ကာပူနိုင်ငံမှ ၁၉ ဒသမ ၇၇ တန်၊ စပိန်နိုင်ငံမှ သုညဒသမ ၁၀၂ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၁၈ ဒသမ ၂၄၆ တန် ၊စုစုပေါင်း ၂၃၂ ဒသမ ၅၂၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၁၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၁၀ မှ ၂၈/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၁၀ မှ ၂၀/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၅.၄၀ | ၁၁၃.၈၀ | (-) | ၈.၄၀ |
| ၂။ | လွယ်ဂျယ် | ၄၂၀.၀၀ | ၃၅၅.၀၀ | (+) | ၆၅.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၁၄၃၇.၀၀ | ၁၇၈၅.၀၀ | (-) | ၃၄၈.၀၀ |
| ၅။ | တာချီလိတ် | ၁၀၀၀.၀၀ | - | (+) | ၁၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၆၁၂၈.၀၀ | (-) | ၆၁၂၈.၀၀ |
| ၈။ | မြိတ် | - | ၄၅.၀၀ | (-) | ၄၅.၀၀ |
| | စုစုပေါင်း | ၂၉၆၂.၄၀ | ၈၄၂၆.၈၀ | (-) | ၅၄၆၄.၄၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၁၀ မှ ၂၇/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၁၀ မှ ၂၀/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၈၃၄.၄၅ | ၉၃၃၁.၁၂ | (-) | ၂၄၉၆.၆၇ |
| ၂။ | လွယ်ဂျယ် | ၃၁၀.၀၀ | ၂၆၆.၀၀ | (+) | ၄၄.၀၀ |
| ၃။ | ချင်းရွှေဟော် | ၆၉၂.၂၅ | ၇၂၇.၀၀ | (-) | ၃၄.၇၅ |
| ၄။ | ကန်ပိုက်တီ | - | - | | - |
| ၅။ | မြဝတီ | ၃၈၆.၈၈ | ၁၀၃၃.၈၅ | (-) | ၆၄၆.၉၇ |
| ၆။ | ကော့သောင်း | ၇၀.၀၀ | ၇၀.၀၀ | | - |
| ၇။ | မြိတ် | ၇၀.၀၀ | - | (+) | ၇၀.၀၀ |
| ၈။ | ရိုဒ် | ၆၅၅.၂၅ | ၄၅၁.၇၅ | (+) | ၂၀၃.၅၀ |
| | စုစုပေါင်း | ၉၀၁၈.၈၃ | ၁၁၈၇၉.၇၂ | (-) | ၂၈၆၀.၈၉ |

ခင်မိုးသူ

## နှမ်း

# မူဆယ်မှ နှမ်းပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၂၀ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀၆ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၁၂၃၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နှမ်းရောင်စုံတွေကတော့ နှမ်းနက် ၅၀၈ တန်ကျော်၊ နှမ်းဖြူ ၃၅ တန်ခွဲနဲ့ နှမ်းညိုတန် ၆၉၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၄၀၇ တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်က ၈၂၇ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ အောက်တိုဘာလအတွင်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နှမ်းရောင်စုံတန်ချိန်နှစ်ထောင်ကျော် တင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၃၂ သန်းတန်ဖိုးရှိ နှမ်းနက် ၂၅၁၃ တန်ကျော်၊ နှမ်းဖြူ ၁၄၂ တန်ခွဲ၊ နှမ်းဖြူ (အခွံချွတ်) ၁၆၂ တန်၊ Re-export နှမ်းဖြူတန် ၁၉၀၊ နှမ်းညိုအခွံချွတ် ၁၃၂ တန်ကျော်နဲ့ နှမ်းညိုတစ်တန်နီးပါး စုစုပေါင်း တန်ချိန် ၃၁၄၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၃၆၂၉ တန်ကျော် တင်ပို့ခဲ့လို့ ၄၈၈ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ အောက်တို ဘာလမှာ ချင်းရွှေဟော်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နှမ်းရောင်စုံတန်ချိန်၁၃၀၀၀ ကျော်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၂၀ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၄၀၄၀၈၂ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ၂၂၂၀၄၀၈ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ပြည်ဈေးကွက်၌ ဆီဆန်ဈေးမြင့်လာပြီး လုံးဆန်ဈေးကျ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆီဆန်ဈေးမြင့်လာပြီး လုံးဆန်ဈေး အနည်းငယ်ပြန်ကျလာတာ တွေ့ရပါတယ်။ လုံးဆန်ကို မန္တလေးနှင့် မြဝတီဝယ်လက်များက အဝယ်ရပ်ထားလို့ ဈေးကျပေမယ့် ဆီဆန်ကို ဆီစက်သမားများက ဝယ်ယူလျက်ရှိသဖြင့် ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။

ပြည်ဈေးကွက်သို့ မြေပဲဆန်တစ်နေ့လျှင် အိတ် ၇၀၀-၈၀၀ ခန့်သာ ဝင်ရောက်လျက်ရှိသဖြင့် ဈေးကွက်တွင် မြေပဲဆန်လက်ကျန်ရှိသင့်သလောက်ရှိပေမယ့် ဈေးမှာအတက်အကျမမှန်တာတွေ့ရပါတယ်။ ယခုတစ်ပတ် ပြည်ဈေးကွက်တွင် ဆီကြိတ်မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၂၀၅၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၃၅၀ ဈေးမြင့်လာပြီး လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၂၀၀၊ လုံးဆန် (အနီ) တစ်ပိ သဿာလျှင်ကျပ် ၂၃၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးကျလာတာ တွေ့ရပါတယ်။ မြေပဲဆီဈေးကတော့ ယခင်တစ်ပတ်ကအတိုင်း တစ်ပိဿာလျှင် ကျပ် ၄၈၀၀ မှ ၄၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# လေးပတ်ဆက်တိုက် ကျဆင်းခဲ့သည့် မလေးရှားစားအုန်းဆီဈေးနှုန်းများ ပြန်လည်မြင့်တက်မည့် အလားအလာများရှိနေ



မလေးရှား စားအုန်းဆီဈေးနှုန်းများသည် သုံးပတ်ဆက်တိုက်ကျဆင်းခဲ့ရာ ယခုတစ်ပတ်တွင် ပြန်လည်မြင့်တက်မည့် အလားအလာများရှိနေကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် စားအုန်းဆီစာချုပ် ချုပ်ဆိုဈေးနှုန်းသည် တစ်တန်လျှင် သုည ဒသမ ၉ ရာခိုင်နှုန်းကျဆင်းပြီး ၂၈၁၅ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၆၅ ဒသမ ၂၅)ရှိခဲ့သည်။ ဈေးပိတ်ချိန်တွင် စားအုန်းဆီ ရောင်းချရသည့်ပမာဏမှာ ၂၅တန်ရှိ အတွဲပေါင်း ၃၅၆၄၀ ရှိခဲ့သည်။

“ပြင်ပဈေးကွက်ရဲ့ရိုက်ခတ်မှုတွေကြောင့် ဈေးကွက်တိုင်းမှာ ဈေးနှုန်းကျဆင်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့်လည်း စားအုန်းဆီဈေးနှုန်းတွေ ကျဆင်းနေတာပါ” ဟု ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့နှင့် တရုတ်နိုင်ငံဒါလီယံကုန်စည်ဒိုင်ရှိ ပဲပုပ်ဆီဈေးနှုန်းများကိုရည်ညွှန်း၍ ကွာလာလမ်ပူရှိ စားအုန်းဆီကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

“ပို့ကုန်တင်ပို့မှုက ဈေးကွက်ရဲ့ မျှော်လင့်ချက်အတိုင်း ဖြစ်လာမှာပါ”ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

မလေးရှားနိုင်ငံမှ အောက်တိုဘာလအတွက် စားအုန်းဆီတင်ပို့မှုသည် ယခင်လကထက် ၂ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း Intertek Testing Services ၏ လေ့လာဆန်းစစ်ချက်များအရ သိရသည်။

ထို့ပြင် Societe Generale de Surveillance ၏ခန့်မှန်းချက်အရမူ ပို့ကုန်တင်ပို့မှုသည် ၂ ဒသမ ၃ ရာခိုင် နှုန်းမြင့်တက်ခဲ့သည်ဟုဆိုသည်။

စားအုန်းဆီအများဆုံးတင်သွင်းသည့် နိုင်ငံနှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် အဓိကပွဲတော်ကြီးများဖြစ်သည့် ဒီပါဝလီနှင့် ဆောင်းရာသီကာလလယ်ပွဲတော်များ ကျင်းပနေသဖြင့် စားအုန်းဆီတင်ပို့မှုမှရရှိသည့် အမြတ်ငွေသည် စက်တင်ဘာလလယ်ခန့်ကတည်းက နေးကွေးကျဆင်းခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံတို့တွင် ဆောင်းရာသီသို့ ရောက်ရှိချိန်တွင် စားအုန်းဆီ စားသုံးမှုနှုန်းသည်လည်း ကျဆင်းလျက်ရှိသဖြင့် ပို့ကုန်တင်ပို့မှု ကျဆင်းရခြင်းဖြစ်သည်ဟုဆိုသည်။

အခြားသောဆက်စပ်နေသည့် စားသုံးဆီများသည့် ပဲပုပ်ဆီဈေးကွက်တွင်လည်း ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် ပဲပုပ်ဆီစာချုပ်ချုပ် ဆိုဈေးနှုန်းသည် သုည ဒသမ ၃ ရာခိုင် နှုန်း ကျဆင်းလျက်ရှိချိန်တွင် ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့၏ ဒီဇင်ဘာလအတွက် ပဲပုပ်ဆီစာချုပ်ချုပ်ဆိုဈေးနှုန်းသည် သုည ဒသမ ၂ ရာခိုင်နှုန်းကျ ဆင်းခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၁-၁၁-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၁၀၀ | ၄၁၀၀ | □ | ၂၀၀၀ | ၂၁၀၀ | △ |
| မုံရွာ | ၄၁၀၀ | ၄၁၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁-၁၁-၂၀၁၇ US$/Ton

| အမျိုးအစား | အောက်တိုဘာစတုတ္ထပတ် | အောက်တိုဘာပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၇၃.၅၀ | ၆၈၂.၀၀ | △ |
| RBD P.Olein | ၆၈၀.၀၀ | ၆၈၅.၅၀ | △ |
| RBD P.Stearin | ၆၈၅.၅၀ | ၆၉၄.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁-၁၁-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၆၂.၈၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၁၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၃၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၀၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၀.၃၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၂.၆၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၇၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၈၁၉.၇၉၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁-၁၁-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၄၅ ဒေါ်လာနှင့် USD ဈေး ၁၃၆၆ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁-၁၁-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၆ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ ၃-၁၁-၂၀၁၇ရက်နေ့သည် အစိုးရရုံးပိတ်ရက်ဖြစ်သောကြောင့် ၁-၁၁-၂၀၁၇ရက်နေ့ဈေးဖြင့် တွက်ချက်ပါသည်။

# ကျိုင်းတုံမြို့မှာပွင့်တဲ့ပန်း

ကျိုင်းတုံမြို့သည် မြန်မာနိုင်ငံအရှေ့အရပ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် တည်ရှိပြီး ရိုးရာလက်မှုအနုပညာလုပ်ငန်းများ အသင့်အတင့်ထွန်းကားပါသည်။ ကျိုင်းတုံမြို့တွင် လက်မှုလုပ်ငန်းများအဖြစ် ရှမ်းရိုးရာယွန်းထည်လုပ်ငန်း၊ ငွေထည်လုပ်ငန်း၊ ပန်းပုနှင့်ပရိဘောဂလုပ်ငန်း၊ အခါတိုင်းရင်းသား အဝတ်အထည်လုပ်ငန်း၊ ခြုံစောင်ထည် ရက်လုပ်ခြင်းလုပ်ငန်း၊ ရှမ်းဖယောင်းတိုင်လုပ်ငန်း၊ ထီးတံခွန်ကုက္ကားလုပ်ငန်း၊ စက္ကူပန်းလုပ်ငန်းနှင့် ရိုးရာမုန့်ပဲသရေစာလုပ်ငန်း စသည်တို့ကိုတွေ့ရသည်။ ထိုလုပ်ငန်းများထဲတွင်မှ တစ်ခုတည်းသာကျန်ရှိတော့သည့် ရှမ်းရိုးရာယွန်းထည်လုပ်ငန်းကို လေ့လာဖော်ပြပေးလိုပါသည်။

**လင်းသူ**

**ရှမ်းယွန်းထည်လုပ်ငန်း**

ရှမ်းယွန်းထည်လုပ်ငန်းမှာ ရိုးရာလက်မှုအနုပညာလုပ်ငန်းဖြစ်သဖြင့် တန်ဖိုးမဖြတ်နိုင်သည့်အမွေအနှစ်တစ်ခုဖြစ်သည်။ ရှမ်းလူမျိုးတို့၏ ရိုးရာအမွေဖြစ်သော သစ်ရိုးပန်းဖောင်းကြွရွှေအစစ်ချယွန်းထည်များကို ပြုလုပ်ရောင်းချခြင်းဖြစ်သည်။

အနုစိတ်ပုံဖော်လုပ်ရပြီး ရွှေသားအစစ်ကိုပါဝင်အသုံးပြုရသောကြောင့် ဈေးနှုန်း ကြီးမြင့်သည်။ ကျိုင်းတုံမြို့တွင်ရှိသော အခြား လက်မှုလုပ်ငန်းများသည် ဒေသနှင့် အံဝင်ကိုက်ညီပြီး ဈေးကွက်ပုံမှန်ရှိနေသော်လည်း ရှမ်းယွန်းထည်လုပ်ငန်းမှာမူ ပြည်တွင်းဝယ်လိုအား လွန်စွာနည်းလှသည်။ ထို့ကြောင့် ယခင်က ယွန်းထည်လုပ်ငန်း ၁၀ခုထက်မကရှိခဲ့ရာမှ ယခုအခါတွင် ဦးမူးလိန္ဒ ရှမ်းယွန်းထည်လုပ်ငန်းတစ်ခုသာ ကျန်ရှိတော့သည်။ ဦးမူလိန္ဒ၏မြေးတော်စပ်သူ ဦးစိုင်းလုံဆိုသူမှ ဦးစီးလုပ်ကိုင်နေပြီး အရောင်းဆိုင်နှင့်လုပ်ငန်းကို အမှတ်(၃၀)၊ စွန်မွန်းရပ်၊ တာချီလိတ်လမ်းရှိ နေထိုင်ရာ အိမ်ခြံဝင်းအတွင်း ဖွင့်လှစ်ထားရှိသည်။ ပြုလုပ်ထားသော ရှမ်းယွန်းထည်များကို ခင်းကျင်းပြသထားပါသည်။

ယွန်းပညာအမွေဦးမူးလိန္ဒယွန်းထည်လုပ်ငန်းသည် လွန်ခဲ့သောနှစ်ပေါင်း နှစ်ရာခန့်ကတည်းက စတင်ခဲ့ ခြင်းဖြစ်သည်။ လုပ်ငန်းကို ဦးလုန်းဆန်နုန်အမည်ရသည့်ပညာရှင်ကြီးက တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယင်းမှတစ်ဆင့်သားဖြစ်သူ ဆရာဦးခန်းထွန်း၊ ဦးခန်းထွန်း၏သား ဦးမူးလိန္ဒ၊ ဦးမူးလိန္ဒ၏သား ဦးစိုင်းမောက် ထိုမှတစ်ဆင့် တူဖြစ်သူဦးစိုင်းလုံလက်ထက်အထိ ယွန်းပညာအမွေကိုလက်ဆင့်ကမ်းထိန်းသိမ်းနေကြခြင်းလည်းဖြစ်သည်။

ယခုလက်ရှိ လုပ်ကိုင်နေသော ဦးစိုင်းလုံသည် ငယ်စဉ်ကလေးကတည်းက ဘိုးဘွားအမွေကို ဆက်ခံနိုင်ခဲ့သူလည်းဖြစ်သည်။ ဘိုးဘွားပညာအပြင် အစိုးရအစီအစဉ်ဖြင့် ပုဂံမြို့ ယွန်းပညာကောလိပ်တွင် ခြောက်နှစ်ကြာမျှ လေ့လာသင်ယူခဲ့ရသည်။ ယွန်းကောလိပ်တက်ရောက်နေစဉ်အတွင်း ပုဂံဒေသမှ ယွန်းထည်လုပ်ငန်းပညာရှင်များထံမှလည်း လေ့လာဆည်းပူးသင်ပူးနိုင်သည်။ ထို့အပြင် အင်ဒိုနီးရှား၊ ထိုင်းနှင့် ဂျပန်ယွန်းပညာရှင်များထံမှလည်း ပြည်ပယွန်းအတတ်ပညာများကို လေ့လာခဲ့သေးသည်။ ထို့အပြင် ပန်းချီနှင့်ပတ်သက်၍ အရောင်ရောစပ်နည်းများ ပန်းချီရေးဆွဲနည်းပညာများကိုလည်း ထပ်မံလေ့လာသင်ယူခဲ့ပြန်သည်။ ထို့နောက်တွင် မိမိရပ်ရွာဒေသ၌ မိသားစုနှင့်အခြေတကျနေထိုင်ကာ ယွန်းထည်လုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်သည်။ သို့သော် ယွန်းထည်လုပ်ငန်းသည် အရောင်းသွက်ပစ္စည်းမဟုတ်သဖြင့် ပြင်ပလုပ်သားငှားရမ်း လုပ်ကိုင်ရခြင်းမရှိဘဲ မိသားစုဝင်များ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြသည်။ တစ်မိသားစုလုံး ယွန်းပညာကိုတတ်မြောက်ကြသဖြင့်လုပ်ငန်းခွင်သည်အခက်အခဲမရှိသည်ကိုတွေ့ရသည်။









**ရှမ်းယွန်းထည်လုပ်ငန်း**

ဘိုးဘွားထံမှအမွေရထားသော ရှမ်းရိုးရာယွန်းပညာနှင့်ခြောက်နှစ်ကျော် ဆည်းပူးလေ့လာခွင့်ရခဲ့သော ပုဂံယွန်းကောလိပ်မှ ပညာရပ်များကို ပေါင်းစပ်တီထွင်လုပ်ကိုင်ခဲ့သည်။ ယွန်းထည်လုပ်ရန် အပူပေးသည့်မြေတိုက်ကိုအသုံးပြုသော်လည်း ဦးစိုင်းလုံ ကရေတိုက်ကိုသုံးသည်။ ရေတိုက်ဖြင့် အသုံးပြုခြင်းကို ဂျပန်ယွန်းပညာရှင်ထံမှရရှိခဲ့ခြင်းဖြစ်သည်။ စမ်းသပ်အသုံးပြုရာတွင် အဆင်ပြေသဖြင့် ဆက်လက်အသုံးပြုခဲ့သည်။

ရေတိုက်ဆိုသည် မှာ ယွန်းအကြမ်းထည်များကို အလုံပိတ်အခန်းတွင်းထည့်ပြီး ယင်းအခန်းအတွင်းသို့ ပြင်ပမှရေဖိအားဖြင့် အပူပေးခြင်းဖြစ်သည်။ မိရိုးဖလာနည်းအရဆိုလျှင် မြေအောက်ခန်းတွင်းထည့်ထားခြင်းဖြစ်သည်။ ယခုမြေတိုက်ကို အသုံးပြုခြင်းဖြင့် လိုအပ်သောအပူချိန်ကိုရရှိကာ မြေတိုက်ထက် ပိုမိုသန့်ရှင်းသပ်ရပ်မှုရှိကြောင်း သိရသည်။ ကျိုင်းတုံသည် ထိုင်း၊ တရုတ်တို့နှင့် နီးစပ်သည့်အတွက် ယင်းတို့နှင့်နီးစပ်သည့်ခေတ်ပေါ်ဒီဇိုင်းများနှင့် ရှေးလက်ရာများကို တွဲစပ်ဖန်တီးလုပ်ကိုင်သည်။

အရည်အသွေး ဦးစားပေးသည့်အတွက် ယွန်းအကြမ်းထည်များကို အသားသေ၊ ပိုးသေရန် ကြပ်ခိုးစင်တွင် ငါးနှစ်မှ ရှစ်နှစ်အထိ ကြပ်တင်ထားသည်ကိုတွေ့ရ သည်။ ကြပ်ခိုးစင်ပေါ်ရောက်မည့် အကြမ်းထည်တစ်ခုအဆင့်တွင်ပင် သုံးလမှ ငါးလအတွင်းကြာပြီး အချောကိုင်သည့်အဆင့်တွင် ခြောက်လနီးပါး အချိန်ကြာသည်ဟုသိရသည်။ ထို့ကြောင့် ကုန်ပစ္စည်းများပြုလုပ်ရာတွင် ကုန်ကြမ်းပေါင်းရာချီပြီးပြုလုပ်ထားရသည်။

**ရှမ်းယွန်းအတွက် ကုန်ကြမ်း**

အဓိကအသုံးပြုသည့်ကုန်ကြမ်းမှာ တင်းဝါး၊ သစ်စေး(စစ်စီး)၊ ရွှေဆိုင်း၊ ဟင်္သာပြဒါးတို့ ဖြစ်ကြသည်။ ဝါးကို နီးစပ်ရာရွာများတွင် အလွယ်တကူဝယ်ယူနိုင်သည်။ သစ်စေးကို ရှမ်းပြည်နယ် တောင်ပိုင်းရှိ လွိုင်လင်၊ ကျိုင်းတောင်၊ ကျိုင်းခမ်းဒေသများအထိ သွားရောက် ဝယ်ယူရသည်။

သစ်စေးချက်ချင်းမရသဖြင့် ကြိုပြီးမှာထားရ သည်။ ရွှေဆိုင်းကို မန္တလေးမြို့မျက်ပါးရပ်တွင် ဝယ်ယူရသည်။ မန္တလေးသို့မသွားလိုလျှင် ကျိုင်းတုံမြို့ပေါ်တွင်ရှိသော သက်န်းပရိက္ခရာဆိုင်များတွင် ဈေးအနည်းငယ်ပိုပေးပြီးဝယ်ယူနိုင်သည်။ ရွှေဆိုင်းဆိုရာတွင် ရွှေတိဂုံစေတီ၊ ပဥ္စဝဂ္ဂီငါးပါး၊ ဆွမ်းအုပ်၊ နွားစသည်ဖြင့် တံဆိပ်အမျိုးမျိုးရှိသည့်အနက် ရွှေတိဂုံစေတီတော်တံဆိပ်ကို အသုံးပြုသည်။ ဈေးနှုန်းများမှာ တစ်သမတ်တည်း အမှန်မရှိဘဲ အတက်အကျအမြဲရှိနေသည်။ အဓိကကုန်ကြမ်းဝယ်ရသောဒေသများနှင့် အလှမ်းကွာသောကြောင့် ကုန်ကြမ်းစရိတ်အပြင် ခရီးစရိတ်အပိုကုန်ကျမှုပါရှိသည်။



**ပြုလုပ်သည့်ယွန်းထည်အမျိုးမျိုး**

အများဆုံးပြုလုပ်ရောင်းချသည့် ယွန်းထည်များမှာ ပန်းအိုး၊ ကွမ်းအစ်၊ ပြည်တောင်း၊ လက်ဖက်အုပ်၊ လင်ဗန်း၊ ရေတကောင်း၊ ဆွမ်းအုပ်၊ ပန်းကန်လုံး၊ သွားကြားထိုးတံဗူး၊ လိပ်စာကတ်ဗူး စသည်ဖြင့် ပစ္စည်းအမျိုးအစား ၂၀ ကျော်ပြုလုပ်ပါသည်။

ပြည်တောင်း၊ ပန်းကန်လုံးနှင့် ရေတကောင်းတို့မှာ လူကြိုက်များပြီး လွန်ခဲ့သောလေးနှစ်ခန့်က ထိုင်းဧည့်သည်တစ်ဦးတည်းက ဘတ်တစ်သိန်းဖိုးဝယ်ယူသွားကြောင်းသိရသည်။ ယွန်းထည်များကို ပြည်တွင်းဝယ်လိုအားအနေဖြင့် နည်းပါးပြီး နိုင်ငံခြားခရီးသွားဧည့်သည်များက လာရောက်ဝယ်ယူကြခြင်းသာဖြစ်သည်။


ဂျပန်၊ အင်္ဂလန်၊ ရုရှား၊ ကိုရီးယား၊ တရုတ်၊ စင်ကာပူတို့မှ လာရောက်လေ့လာဝယ်ယူကြပါသည်။ အရောင်းအဝယ်ဖြစ်လျှင် ဧည့်လမ်းညွှန်များကို အကျိုးဆောင်ခအနေဖြင့် ရောင်းချရငွေ၏ ၁၀ ရာခိုင်နှုန်းကို ပေးချေကြောင်းသိရသည်။

နိုင်ငံခြားဧည့်သည်ကိုသာ အားထားရောင်းချပေးရသည့်လုပ်ငန်းအမျိုးအစားကဲ့သို့ဖြစ်နေခြင်းကြောင့် ယွန်းထည်လုပ်ငန်းတစ်ခုတည်းနှင့် အဆင်ပြေမှုမရှိသဖြင့် ရှမ်းရိုးရာခေါ်ပြုလုပ်ခြင်းလုပ်ငန်း၊အခြားအရောင်းအဝယ်လုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်လျက်ရှိသည်။

မည်သို့ဆိုစေကာမူ ဦးမူးလိန္ဒမိသားစုများ၏ လက်ရာရှမ်းယွန်းထည်များသည် ကမ္ဘာအရပ်ရပ်သို့ ရောက်ရှိနေသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း ဦးစိုင်းလုံကဆိုပါသည်။

**ကျိုင်းတုံမြို့မှာပွင့်တဲ့ပန်း**

မြန်မာတို့တွင် ဆယ်ပွင့်ပန်းဟူသော ကိုယ်ပိုင်လက်မှု အနုပညာရိုးရာလုပ်ငန်းများရှိရာ ကျိုင်းတုံမြို့တွင်လည်း ယွန်းပန်းတစ်ပွင့် ဖူးပွင့်လျက်ရှိနေပါသည်။ ထိုရိုးရာပန်းတစ်ပွင့်သည် အခွန့်ရှည်ကြာမပျောက်မပျက်ပွင့်လန်းနိုင်ပြီး နိုင်ငံခြားဝင်ငွေကိုယခုထက် ပိုမိုရှာဖွေနိုင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ကြိုးစားသင့်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။



## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍသည် ၂၀၁၇ ခုနှစ်တွင် ၆ ဒသမ ၅ မှ ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်မည်ဟု JSCCIB ခန့်မှန်း

ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍသည် ယခုနှစ်ပထမရှစ်လအထိ တိုးတက်မှုများရရှိနေ၍ တစ်နှစ်ပတ်လုံးအနေဖြင့် ၆ ဒသမ ၅ မှ ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်နိုင်ကြောင်း JSCCIB က ခန့်မှန်းထားပါသည်။

JSCCIB အနေဖြင့် ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍသည် ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၅ မှ ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ယခင်ကခန့်မှန်းခဲ့ရာထိုင်းကုန်ပစ္စည်းများအပေါ် ခိုင်မာသော ဝယ်လိုအားများရရှိနေသဖြင့် ယခုကဲ့သို့ခန့်မှန်းမှုကို တိုးမြှင့်ရခြင်းဖြစ်ပါသည်။ ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်သည် ယခုနှစ်၏ပထမရှစ်လအတွင်း အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၆ ဘီလီယံ (ထိုင်းဘတ် ၅ ဒသမ ၁၃ ထရီလီယံ)ရရှိ၍ ယမန်နှစ်အလားတူကာလထက် ၈ ဒသမ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ တစ်နှစ်ပတ်လုံး ရည်မှန်းချက်ဖြစ်သော ဒေါ်လာ ၂၃၀ ဒသမ ၅ ဘီလီယံ၏ သုံးပုံနှစ်ပုံအထိရရှိထားကြောင်း ထိုင်းစက်မှုလုပ်ငန်းများဖက်ဒရေးရှင်း၏ ဥက္ကဋ္ဌ Chen Namchaisiri က ပြောကြားခဲ့ပါသည်။

ထို့နောက် TNSC ကလည်း ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်သည်ယခုနှစ်တွင် တိုးတက်မှု ခုနစ်မှ ရှစ်ရာခိုင်နှုန်းရရှိနိုင်ကြောင်း၊ ထိုင်းကုန်ပစ္စည်း တင်ပို့မှုသည် ကမ္ဘာ့စျေးကွက်၏ ဝယ်လိုအား ကောင်းမွန်မှုနှင့်အတူ ပထမရှစ်လအတွင်း မျှော်မှန်းထားသည်ထက် တိုးတက်မှုရှိခဲ့ကြောင်း၊ ယခုနှစ်ကုန်ကာလတွင်ကျင်းပမည့် နှစ်သစ်ကူးအခမ်းအနားများကြောင့် ထိုင်းကုန်ပစ္စည်းအပေါ် ဝယ်လိုအားသည် ပိုမိုမြင့်တက်နိုင်ပြီး ယခုနှစ်၏ နောက်ဆုံးလေးလတွင် ကုန်သွယ်မှုပိုငွေသည် တစ်လလျှင် ဒေါ်လာ ၂၀ ဘီလီယံအထိ ရှိနိုင်ကြောင်း TNSC ၏ဥက္ကဋ္ဌ Ghaiyapad Tantipipatpong ကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများဖြစ်သော အမေရိကန်၊ ဂျပန်၊ တရုတ်နှင့် အိမ်နီးချင်း အာဆီယံနိုင်ငံများ၏ စီးပွားရေးကောင်းမွန်မှုကြောင့် ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍ တိုးတက်မှုကိုအထောက်အကူပြုခဲ့ပါသည်။ ထို့အပြင် အဓိကပို့ကုန်များ၏ စျေးနှုန်းများမြင့်တက်၍ ပို့ကုန်ဝင်ငွေကိုလည်း မြင့်တက်စေခဲ့ပါသည်။ သို့သော် ထိုင်းဘတ်ငွေတန်ဖိုးမြင့်တက်မှုသည် ဆက်လက်ဖြစ်ပေါ်နေပါက တိုင်းပြည်၏ ပြည်ပပို့ကုန်ကဏ္ဍအပေါ် ထိခိုက်နိုင်ပြီး ထိုင်းဘတ်ငွေတန်ဖိုးသည် ယခုနှစ်အတွင်း ခုနစ်ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ရာ အမေရိကန်တစ်ဒေါ်လာလျှင် ထိုင်းဘတ် ၃၃ အောက်ကျဆင်းလာပါက ပို့ကုန်ကဏ္ဍကို ထိခိုက်စေနိုင်ပါသည်။ ထိုင်းနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အမေရိကန်နိုင်ငံသို့ ခရီးစဉ်ကို စောင့်ကြည့်နေကြပြီး အမေရိကန်နိုင်ငံမှ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အတိုင်းအတာတစ်ခုထိရရှိမည်ဆိုပါက တိုင်းပြည်စီးပွားရေး တိုးတက်မှုကို အထောက်အကူပြုနိုင်ကြောင်း ဖော်ပြထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့သည် စမတ်စီးတီး စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်မည်

ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့သည် စမတ်စီးတီး (Smart City) စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန်အတွက် အခွန်အကောက်နှင့် အခွန်အကောက်မဟုတ်သော ဆွဲဆောင်မှုမက်လုံးများကို ချမှတ်နိုင်ရေး လေ့လာလျက်ရှိပါသည်။ Smart Cities စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရာ၌ အဆိုပါအခွန်အကောက်နှင့် အခွန်အကောက်မဟုတ်သော မက်လုံးများသည် အလွန်အရေးကြီးကြောင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံး ဝန်ကြီး Suvit Maesincee က ပြောကြားခဲ့ပါသည်။

ဗန်ကောက်၊ ဖူးခက်၊ ချင်းမိုင်၊ ခုံကမ်၊ လရောင်း၊ ချွန်ဘူရီနှင့် ကျန်ချောင်ဆာ စသည့်ပြည်နယ်ခုနစ်ခု၌ စမတ်စီးတီးဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို စတင်အကောင်အထည်ဖော်ရန် စက်တင်ဘာ ၆ ရက်တွင်ကျင်းပသည့်အစိုးရ အဖွဲ့အစည်းအဝေးမှ အတည်ပြုပေးခဲ့ပြီး ရှေ့လာမည့် ၂၀၁၈ ခုနှစ်တွင် အပြီးသတ်စီမံကိန်းများကို ချမှတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

စမတ်စီးတီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော ဒစ်ဂျစ်တယ်နည်းပညာနှင့် သတင်းအချက်အလက်စင်တာ (Big Data Center) စသည့်အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို အဓိကထား၍ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် အကောင်အထည်ဖော်မည့် စမတ်စီးတီးစီမံကိန်းအတွက် မရှိမဖြစ်လိုအပ်သော အစိုးရအဖွဲ့အစည်းများ၏ သတင်းအချက်အလက်များကို တစ်နေရာတည်းမှနေ၍ စီမံခန့်ခွဲသည့်စနစ် ပါဝင်သည့် သတင်းအချက်အလက်စင်တာကို ပူးပေါင်းတည်ထောင်ရန်အတွက် ဒစ်ဂျစ်တယ် စီးပွားရေးနှင့် လူ့အဖွဲ့အစည်းဝန်ကြီးဌာန၊ TOT နှင့် CAT Telecom တို့ကို တာဝန်ပေးအပ်ထားပါသည်။

သတင်းအချက်အလက်စင်တာကိုအပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက အများပြည်သူသည် အစိုးရဌာနများ၏ အချက်အလက်နှင့်စီမံကိန်းများကို ပွင့်လင်းမြင်သာစွာသိရှိနိုင်သဖြင့် အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများ၏ အကျင့်ပျက်ခြစားမှုကိုလည်း ကျဆင်းရန် မျှော်မှန်းနိုင်ပါသည်။ ထို့နောက် ပုဂ္ဂလိကကဏ္ဍမှ အဆိုပါသတင်းအချက်အလက်များကို လွတ်လပ်စွာ အသုံးပြုခွင့်ပေးခြင်း အားဖြင့် ကောင်းမွန်သော စီးပွားရေးမူဝါဒများချမှတ်ရာ၌ အထောက်အကူပြုသည့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများ၏ စီးပွားရေးဂေဟစနစ်များ ဖြစ်ပေါ်လာရေးအတွက် အစိုးရဌာနများကို တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်ပါသည်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်သည် သတင်းအချက်အလက်စင်တာကို တည်ထောင်ရန်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သက်ဆိုင်ရာအစိုးရဌာန ကိုယ်စားလှယ်များကိုဖိတ်ကြား၍ တွေ့ဆုံဆွေးနွေးရန်ရှိကြောင်းနှင့် တိုးတက်မှုအခြေအနေများကိုလည်း သုံးလသို့မဟုတ် ခြောက်လတစ်ကြိမ် အမြဲမပြတ်သုံးသပ်နေမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် မစ္စတာဆွန်ကစ်က ပြောကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# မိုးရာသီ(Kharif) ပဲထုတ်လုပ်မှုပမာဏ ကျဆင်းခြင်းကို ဆောင်းသီးနှံ(Rabi) ပဲများဖြင့် ဖြည့်ဆည်းနိုင်ရေးဆောင်ရွက်မည်ဟု အိန္ဒိယစိုက်ပျိုးရေးဝန်ကြီး ပြောကြား

အိန္ဒိယနိုင်ငံတွင် မိုးရာသီ (Kharif season) စိုက်ပဲထုတ်လုပ်မှု ပမာဏမှာ ယခင်နှစ်ထက်တန်ချိန် ခုနစ်သိန်းခန့် လျော့နည်းကျဆင်းမည် ဟု ခန့်မှန်းထားရာ ထိုသို့လျော့နည်းသွားမည့်ပမာဏကို လာမည့်ဆောင်းရာသီစိုက် ပဲများဖြင့် ဖြည့်တင်းနိုင်မည်ဟု အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီးရာဒ်ဟာမိုဟန်ဆင်းဂ်က အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လက ထုတ်ပြန်ခဲ့သည့် အိန္ဒိယအစိုးရ၏ ပထမအကြိမ်ခန့်မှန်းချက် (First Advance Estimate) အရ ၂၀၁၇ ခုနှစ်၊ မိုးရာသီအတွင်း အိန္ဒိယနိုင်ငံ၏ ပဲထုတ်လုပ်မှုပမာဏမှာ တန်ချိန် ၈ ဒသမ ၇၁ သန်းသို့ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း၊ ပြီးခဲ့သည့်နှစ် အလားတူကာလက တန်ချိန် ၉ ဒသမ ၄၂ သန်းအထိ စံချိန်တင်ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ယခုနှစ်မိုးရာသီတွင် တန်ချိန် ခုနစ်သိန်းခန့် လျော့နည်းထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ မိုးရာသီတွင် ထုတ်လုပ်မှု ပမာဏကျဆင်းမည်ဖြစ်သော်လည်း ဆောင်းရာသီတွင် ပြန်လည်အစားထိုး ဖြည့်တင်းနိုင်ရန် ၎င်းတို့အနေဖြင့် မျှော်လင့်ထားသည်ဟု ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# သဘာဝဓာတ်ငွေ့ရည်(LNG) တင်သွင်းရန် အိန္ဒိယနှင့် ဂျပန်တို့ ပူးပေါင်းဆောင်ရွက်မည်

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် သဘာဝဓာတ်ငွေ့ရည် စတုတ္ထအများဆုံး တင်သွင်းသည့်နိုင်ငံဖြစ်ရာ ယခုအခါ အိန္ဒိယနှင့်ဂျပန်နိုင်ငံတို့သည် ကမ္ဘာ့စျေးကွက်၌ သဘောဝဓာတ်ငွေ့ရည် အရင်းအမြစ်ရယူခြင်း၊ ဖလှယ်ခြင်း၊ အကျိုးရှိရှိအသုံးချခြင်းနှင့် မီသိန်းဟိုက်ဒရိတ်များ စီးပွားဖြစ်ရှာဖွေတူးဖော်ခြင်းနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် အောက်တိုဘာလ ၁၈ ရက်တွင် သဘောတူညီခဲ့ကြပြီး လိုက်လျောညီထွေရှိကာ ပြောင်းလွယ်ပြင်လွယ်ဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ သဘာဝဓာတ်ငွေ့ရည်စျေးကွက် တစ်ခု တည်ထောင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာတစ်စောင်ကို တိုကျိုမြို့၌ ရောက်ရှိနေသည့် အိန္ဒိယရေနံဝန်ကြီး Dharmendra Pradhan နှင့် ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး Hiroshige Seko တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းစာချုပ်သည် LNG ဓာတ်ငွေ့ကဏ္ဍ၌ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့အကြား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာစေရန် အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် အိန္ဒိယရေနံဝန်ကြီးသည် ဂျပန်နိုင်ငံ၊ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီး Katsunobu Kato နှင့်လည်းတွေ့ဆုံကာ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးသည် နှစ်နိုင်ငံအတွက် အရေးပါသည့် အခြေအနေများကိုလည်း ဆွေးနွေးခဲ့ပြီး အိန္ဒိယနည်းပညာအလုပ်သင်များအား ဂျပန်သို့စေလွှတ်ကာ လုပ်ငန်းခွင်သင်တန်းများ တက်ရောက်စေမည့် Technical Intern Training Program (TITP) အစီအစဉ်အတွက် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။

ယင်းစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းအားဖြင့် အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့အကြား ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း၊ TITP အစီအစဉ်အရ ဖော်ဆောင်မည့် သင်တန်းများမှာ သင်တန်းကာလ သုံးနှစ်မှ ငါးနှစ်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေမူကြမ်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့၊ ဆူးလေရှန်ဂရီလာဟိုတယ်၌ အောက်တိုဘာ ၃၁ ရက်က ပြုလုပ်ခဲ့ရာ စိတ်ပါဝင်စားသူများ၊ ဥပဒေဆိုင်ရာ ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် Win Thin & Associates ဥက္ကဋ္ဌ ဦးဝင်းသင်၊ တရားလွှတ်တော်ရှေ့နေ ဦးမင်းစိန်၊ ADB ၏ Coporate Law ကျွမ်းကျင်သူ ဒေါ်မယ်လင်ဒါသက်ထွန်းနှင့် ဆရာဆက်ပိုင်ထက်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

တည်ဆဲကုမ္ပဏီများ ဥပဒေအရ တင်းကျပ်ထားသော အချက်အလက်များကို ဖြေလျှော့ပေးနိုင်ရေးအပြင် လက်ရှိဥပဒေမှာ မြန်မာနိုင်ငံတွင် ဆိုရှယ်လစ်စနစ်ကို နှစ်ပေါင်းများစွာ သုံးစွဲခဲ့သောကြောင့် အစိုးရနှင့် ပြည်သူလူထု ပါ ရင်းနှီးမှုမရှိတော့သည့်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဦးဆောင်ကာ အသစ်ပြန်လည်ရေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

"၁၉၁၄ ကုမ္ပဏီများအက်ဥပဒေကို အင်္ဂလိပ်ရိုးရာ ဥပဒေစနစ်ကျင့်သုံးတဲ့ နိုင်ငံတွေမှာလည်း ပြဋ္ဌာန်းကျင့်သုံးခဲ့ပါတယ်။ အဲဒီနိုင်ငံတွေမှာလည်း ဒီဥပဒေကို ခေတ်နဲ့လျော်ညီစွာ ပြောင်းလဲကျင့်သုံးဖို့ ပြင်ဆင်နေတာမျိုးတွေ ရှိပါတယ်" ဟု ADB ၏ Coporate Law ကျွမ်းကျင်သူ ဒေါ်မယ်လင်ဒါသက်ထွန်းက ပြောကြားသည်။

ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းအနေဖြင့် ယခုကဲ့သို့ သက်ဆိုင်ရာ နယ်ပယ်ရှိ ပညာရှင်များနှင့် တွေ့ဆုံကာ ယင်း ဥပဒေကို တိုက်ရိုက်ခံစားပတ်သက်နေရသည့် ပြည်သူများပါဝင်သော ဆွေးနွေးပွဲများ၊ ဥပဒေနှင့်အမြင်စကားဝိုင်းများ ကျင်းပပြီး သက်ဆိုင်ရာ လွှတ်တော်ဥပဒေကြမ်းကော်မတီများ၊ လွှတ်တော်အမတ်များနှင့်တွေ့ဆုံကာ ယင်း ဥပဒေများအပေါ် အမြင်နှင့် အကြံပြုချက်ဆွေးနွေးချက်များကို ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုဆွေးနွေးပွဲကို ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း (Yangon School of Political Science) နှင့် Norwegian Peoples Aid တို့မှ ပူးပေါင်း စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# Computing & IT နောက်ဆုံးနှစ်ကို စင်ကာပူတွင်တက်ရောက်မည့် ကျောင်းသားများအတွက် သတ်မှတ်ကျောင်းစရိတ်ကင်းလွတ်ခွင့်ရရှိရန် MSI တွင် လျှောက်ထားနိုင်

Computing & IT နောက်ဆုံးနှစ်ကို စင်ကာပူတွင်တက်ရောက်မည့် ကျောင်းသားများအတွက် သတ်မှတ်ကျောင်းစရိတ်ကင်းလွတ်ခွင့်ရရှိရန် MSI တွင် လျှောက်ထားနိုင်ကြောင်း သိရသည်။

ပြည်တွင်းမှ HND ပြီးထားသူများနှင့် အစိုးရတက္ကသိုလ်တွင် နောက်ဆုံးနှစ်တက်ရောက်ရန် ကျန်နေသေးသူများအနေဖြင့် စင်ကာပူနိုင်ငံရှိ Informatics Academy ကျောင်းတွင် နောက်ဆုံးနှစ်တက်ရောက်ခြင်းဖြင့် အင်္ဂလန်နိုင်ငံရှိ Oxford Brookes University မှ ဘွဲ့ဒီဂရီများကို ရမည့်အပြင် ကျောင်းစရိတ်ကင်းလွတ်ခွင့် သိန်း ၃၀ ကိုလည်း ရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကွန်ပျူတာနှင့် နည်းပညာပိုင်းတွင် လေ့လာလိုသူများအနေဖြင့် Informatics Academy ကို ရွေးချယ်သင့်သလို အဆိုပါကျောင်းမှ ဘွဲ့ရရှိပြီးသူများ၏ ၈၀ ရာခိုင်နှုန်းမှာ ၆ လအတွင်း အလုပ်အကိုင်ရရှိနေကြောင်း သိရသည်။

ကျောင်းတက်နေစဉ် ကာလတွင်လည်း လူမှုဆက်ဆံရေးနှင့် ယဉ်ကျေးမှုကိုလေ့လာနိုင်သလို ဦးဆောင်မှု စွမ်းရည် တိုးတက်စေရန်အတွက် Group Activities Program များ ထားရှိပေးခြင်း၊ ပညာရေးအပြင် စည်းကမ်းပိုင်းနှင့် ပတ်သက်သော ဘာသာရပ်များကိုပါ ဗဟုသုတရစေရန် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကျောင်းစရိတ် သိန်း ၃၀ ကင်းလွတ်ခွင့် ရရှိရန်အတွက် IELTS ရမှတ် ၅ ဒသမ ၅ ရှိရန်လိုအပ်ပြီး ပြည်တွင်းရှိ MSI နိုင်ငံခြားပညာရေး ဝန်ဆောင်မှုရုံးတွင်သာ လျှောက်ထားနိုင်ကြောင်းသိရသည်။

စိတ်ပါဝင်စားသူများအနေဖြင့် အသေးစိတ်ထပ်မံသိရှိလိုပါက Myanmar Search International(MSI) တွင် အချိန်မရွေး အခမဲ့လာရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။ **ချောစု**

# Samsung Note Fan Edition စမတ်ဖုန်းသစ် ပြည်တွင်းဈေးကွက်သို့ စတင်မိတ်ဆက်

Samsung Note Fan Edition စမတ်ဖုန်းအမျိုးအစားသစ်ကို ပြည်တွင်း ဈေးကွက်သို့စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း Samsung Myanmar မှ သတင်းထုတ်ပြန်ထားသည်။

ယခု မိတ်ဆက်လိုက်သော Samsung Note Fan Edition စမတ်ဖုန်းအမျိုးအစားသစ်တွင် ရေစိုခံနိုင်သော IP68 အဆင့်ရှိ ကိုယ်ထည်နှင့် S-Pen တို့အပြင် ထိပ်တန်းလုံခြုံရေးစနစ်တို့ ပါဝင်မည်ဖြစ်ပြီး မျက်နှာပြင် အကျယ်မှာ 5.7" Quad HD Super AMOLED မျက်နှာပြင်ပါရှိပြီး 3200mAh ရှိ အမျိုးအစားသစ် ဘက်ထရီသစ် တပ်ဆင်ပေးထားကြောင်း သိရသည်။

Samsung Note Fan Edition စမတ်ဖုန်းအမျိုးအစားသစ်ကို ကျပ် ၇၉၉၀၀၀ ဖြင့် နိုဝင်ဘာ ပထမပတ်မှ စတင်ကာဝယ်ယူနိုင်မည်ဖြစ်ပြီး အပြာရောင် (Bule Coral)၊ အနက်ရောင် (Black onyx)ဟူ၍ အရောင် အမျိုးအစားနှစ်မျိုးကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။




Samsung Note Fan Edition စမတ်ဖုန်းအမျိုးအစားသစ် မိတ်ဆက်ခြင်း အထိမ်းအမှတ်အဖြစ် Ooredoo Myanmar နှင့် ပူးပေါင်း၍ သုံးစွဲသူများအတွက် ဖုန်းငွေဖြည့်ကတ် ၁၀၀၀၀ ကျပ်ဖြည့်သွင်းရုံနှင့် အင်တာနက် 1Gb အား အများဆုံး ၉၉ကြိမ်ဖြင့် သုံးလဆက်တိုက် ရရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘောဇဘဏ်နှင့် ချိတ်ဆက်၍ အတိုးနှုန်းမဲ့ ၆ လအရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန် Samsung Myanmar က စီစဉ်ပေးထားကြောင်း သိရသည်။

Samsung ၏ ပထမဦးဆုံး Note Series ကို ၂၀၁၁ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့သည်။ **သန်းထိုက်အောင်**

# ရန်ကုန် စနေ-တနင်္ဂနွေစာအုပ်လမ်းကို နိုဝင်ဘာ ၁၁ ရက်တွင် ပြန်လည် ဖွင့်လှစ်မည်

Yangon Book Street ရန်ကုန် စနေ-တနင်္ဂနွေစာအုပ်လမ်းကို နိုဝင်ဘာ ၁၁ ရက်မှစတင်ကာ ရန်ကုန်မြို့၊ သိမ်ဖြူလမ်းတွင်ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာပေ ထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ သတင်းရရှိသည်။

ယခုပြန်လည်ဖွင့်လှစ်သည့် Yangon Book Street ရန်ကုန် စနေ-တနင်္ဂနွေစာအုပ်လမ်းတွင် စာအုပ်ဆိုင် များနှင့် အထိမ်းအမှတ်ပစ္စည်းဆိုင်များ အပါအဝင် ဆိုင်ခန်းပေါင်း ၁၇၀ခန့်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ စနေ-တနင်္ဂနွေ-တနင်္လာ သုံးရက်တိုင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စာအုပ်လမ်းကို လာရောက်သူများအား စာအုပ်လက်ဆောင်ပေးခြင်း၊ ရေးသူဖတ်သူဆွေးနွေးပွဲကျင်းပခြင်း၊ စာရေးသူတို့၏ စာဖတ်ဝိုင်းအစီအစဉ်၊ စာပေပဟေဠိအစီအစဉ်၊ တေးဂီတအ အစီအစဉ်များဖြင့် ဖျော်ဖြေခြင်း၊ ကာတွန်းဆရာများ၏ ကယ်ရီကေးချား ရေးဆွဲခြင်းအစီအစဉ်များကိုပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အရင်နေရာဖြစ်တဲ့ ရန်ကုန်မြို့၊ သိမ်ဖြူလမ်းပေါ်မှာရှိတဲ့ ဝန်ကြီးများရုံးမျက်နှာချင်းဆိုင်မှာ စာအုပ်လမ်းပြန် လုပ်သွားမှာဖြစ်ပါတယ်။ ဖွင့်ပွဲကို နိုဝင်ဘာ ၁၁ရက်မှာလုပ်သွားမှာပါ။ နောက်ပိုင်း စနေနဲ့တနင်္ဂနွေတွေကျရင်လည်း နံနက် ၉ နာရီမှ ညနေ ၅ နာရီရောင်းချပေးသွားပါမယ်" ဟု မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Yangon Book Street ရန်ကုန် စနေ-တနင်္ဂနွေစာအုပ်လမ်းကို ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က ကူညီပေးထားကြောင်း သိရသည်။ **သန်းထိုက်အောင်**

# အူရီဒူးမြန်မာ၏ နည်းပညာအသုံးပြုပုံကို ဗန်းမော်ရှိ နည်းပညာတက္ကသိုလ်မှ ကျောင်းသားများ လာရောက်လေ့လာ

အူရီဒူးမြန်မာ၏ နည်းပညာအသုံးပြုပုံများကို ဗန်းမော်နည်းပညာတက္ကသိုလ်မှ ကျောင်းသားများ လာရောက် လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းသား၊ ကျောင်းသူများမှာ အူရီဒူးမြန်မာ မန္တလေးရုံးခွဲသို့ လေ့လာခဲ့ခြင်းဖြစ်ပြီး ကွန်ရက်၊ ဒေတာစင်တာ၊ ကွန်ရက်ချိတ်ဆက်မှု၊ အသုံးပြုပုံများနှင့် စီးပွားရေးလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော နည်းပညာအကြောင်းများကိုပါ လေ့လာခဲ့ကြကြောင်း သိရသည်။

"အူရီဒူးအနေနဲ့ မြန်မာနိုင်ငံက ကျောင်းသားကျောင်းသူတွေကို နည်းပညာနယ်ပယ်မှာ တိုးတက်ဖို့အတွက် ပံ့ပိုး ကူညီပေးလိုပါတယ်။ ဒစ်ဂျစ်တယ်နည်းပညာကိုသုံးရင် နိုင်ငံအတွက်လည်း အများနဲ့ယှဉ်ပြိုင်ဖို့ရာ အထောက်အကူဖြစ်မှာပါ။ အဲဒီလို တိုးတက်ပြောင်းလဲဖို့အတွက် အဆင့်မြင့်နည်းပညာကိုသုံးတာက တွန်းအားတစ်ရပ်ဖြစ်ပြီး အခွင့်အလမ်းတွေလည်း ရရှိလာမှာပါ။ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်



လူငယ်တွေရဲ့ အရည်အသွေးတွေ၊ တီထွင်ဖန်တီးနိုင်မှုတွေနဲ့ တိုးတက်မှုတွေ လိုအပ်နေပါတယ်" ဟု အူရီဒူးမြန်မာမှ Chief HR Officer Ms. Cecile Umana က ပြောသည်။

နည်းပညာနှင့်ပတ်သက်သည့် အကြောင်းအရာများကို လေ့လာလိုသူများအနေဖြင့်လည်း အူရီဒူး၏ Call Center များ၊ ဝက်ဘ်ဆိုဒ်များမှတစ်ဆင့် ဆက်သွယ်နိုင်ပြီး အူရီဒူးမှ တာဝန် ရှိသူများက စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာအနေဖြင့်လည်း ပြည်တွင်းနှင့် နိုင်ငံတကာရှိ တက္ကသိုလ်များမှ ကျောင်းသား/သူ လေ့လာရေးအဖွဲ့များကို အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိနိုင်ရန် အတွေးအမြင်နှင့် အရည်အသွေးမြှင့်တင်ပေးရန်အတွက် လုပ်ငန်းလုပ်ဆောင်ချက်များ အကြောင်းကို မကြာခဏ ဝေမျှရှင်းလင်းပေးလျက်ရှိကြောင်း သိရသည်။

**ချောစု**

# မွေးမြူရေးငါးများ ဈေးနှုန်းကျဆင်းကာ အရောင်းအဝယ်အေးလျက်ရှိ

မြန်မာနိုင်ငံ၏ ပြည်တွင်းငါးစားသုံးမှု ဈေးကွက်တွင် အဓိကအားထားစားသုံးသည့် ရေချိုမွေးမြူရေးငါးများမှာ ရန်ကုန်မြို့ရှိ ကြည့်မြင်တိုင်နှင့် ရွှေပိတောက် လက်ကားငါးဈေးကြီးများတွင်ဈေးနှုန်းများကျဆင်းကာ အရောင်းအဝယ် အေးလျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံသားများသည် အင်း၊ အိုင်၊ မြစ်၊ ချောင်းများမှ ဖမ်းဆီးရရှိသည့် ရေချိုငါးများကိုသာ နှစ်ပေါင်းများစွာကပင်နှစ်ခြိုက်စွာ စားသုံးကြသည့်ဓလေ့ရှိပါသည်။ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် နေထိုင်ကြသူများသည်သာ ရေငန်ငါး၊ ပုစွန်များကိုစားသုံးကြပါသည်။ အင်း၊ အိုင်၊ မြစ်၊ ချောင်းများနှင့် ပင်လယ်ပြင်တွင် ငါး၊ ပုစွန်သယံဇာတများ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ လျော့နည်းကျဆင်းလာခြင်းနှင့် လူဦးရေတိုးပွားလာခြင်း၊ ငါး၊ ပုစွန်များကို ပြည်ပပို့ကုန်များအဖြစ် တိုးမြှင့်တင်ပို့ခြင်း စသည့် အကြောင်းအရင်းများကြောင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ခဲ့ရပါသည်။

ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၆ ခုနှစ် စာရင်းများအရ ငါးမွေးကန်ဧက ၂ ဒသမ ၄ သိန်းနှင့် ပုစွန်မွေးကန်ဧက ၂ ဒသမ ၄ သိန်း၊ စုစုပေါင်း ငါး၊ ပုစွန်မွေးကန် ၄ ဒသမ ၈ သိန်း ဧကခန့်မွေးမြူလျက်ရှိကြောင်း သိရှိရပါသည်။

ပုစွန်မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော ပုစွန်များကို အဓိကအားဖြင့် ပြည်ပပို့ကုန်အဖြစ်တင်ပို့ခြင်းဖြစ်ပြီး ရေချို ငါးမွေးမြူရေးလုပ်ငန်းမှ ရရှိသည့်ငါးများကို ပြည်တွင်းဈေးကွက်တွင် အဓိကရောင်းဝယ်စားသုံးလျက်ရှိကြပါသည်။ အထူးသဖြင့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် မွေးမြူရေးငါးများသည် ပြည်တွင်းစားသုံးသည့် အဓိကငါးရိက္ခာအဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။

မွေးမြူရေးငါးများအနေဖြင့် ရေချိုငါးမျိုးစိတ်များဖြစ်သည့် ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးသိုင်းခေါင်းပွ၊ ငါးတန်၊ ငါးမုတ်၊ တီလားပီးယား၊ ထိုင်းငါးခုံးကြီးနှင့် ရွှေဝါငါးကြင်းများကို မွေးမြူထုတ်လုပ်လျက်ရှိပါသည်။

ငါးမြစ်ချင်းသည် မွေးမြူရေးငါးများ၏ ၇၀ ရာခိုင်နှုန်းခန့်အထိ မွေးမြူထုတ်လုပ်လျက်ရှိသော ငါးအမျိုးအစားဖြစ်၍ ပြည်တွင်း ငါးစားသုံးမှုတွင်လည်း အဓိကကျသည့်ငါးဖြစ်ပြီး ပြည်ပတင်ပို့ရာတွင်လည်း ငါးတစ်မယ်စီအလိုက် အများဆုံးတင်ပို့နိုင်သည့် ငါးအမျိုးအစား ဖြစ်ပါသည်။

နှစ်စဉ် မေ၊ ဇွန်၊ ဇူလိုင်လများတွင် ငါးလုပ်ငန်းဦးစီးဌာနမှမြန်မာ့ပင်လယ်ပြင် ငါးသယံဇာတ ထိန်းသိမ်းရေးအစီအစဉ်အဖြစ် ငါးမဖမ်းရရာသီသတ်မှတ်ကာ ငါးဖမ်းဆီးရေယာဉ်များ စီးရေ ကန့်သတ်ထိန်းချုပ်သည့် အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇ ခုနှစ် ငါးမဖမ်းရရာသီ ပြီးဆုံးပြီးနောက် ပင်လယ်ငါးဖမ်းလုပ်ငန်းများ စတင်ဆောင်ရွက်ရာတွင် ရာသီဥတုအခြေအနေကြောင့် ငါးဖမ်းဆီးရရှိမှုများ လျော့နည်းလျက်ရှိပြီး မိုးရွာသွန်းမှုများ ဆက်တိုက်ဖြစ်ပေါ်နေသဖြင့် အင်း၊ အိုင်ငါးလုပ်ငန်းများမှလည်း သဘာဝငါးဖမ်းဆီးရမိမှုများ လျော့နည်းလျက်ရှိပါသည်။ ထို့ကြောင့် ပြည်တွင်းငါးစားသုံးမှု ဈေးကွက်တွင် မွေးမြူရေး ငါးရောင်းဝယ်စားသုံးမှု အခြေအနေမှာ ပုံမှန်ထက်သာလွန်ရမည်ဖြစ်သော်လည်း လက်တွေ့တွင် လျော့နည်းကျဆင်းကာ လက်ကားငါးဈေးကြီးများတွင် ငါးတစ်ပိဿာလျှင် ကျပ် ၃၀၀ မှ ၄၀၀ အထိ ဈေးနှုန်းများ လျော့နည်းကျဆင်းလျက် အရောင်းအဝယ်များ အေးလျက်ရှိကြောင်း သိရှိပါသည်။ ပြည်ပပို့ကုန်အဖြစ် မွေးမြူရေးငါးဝယ်ယူမှုများမှာလည်း ဈေးကွက်အတွင်း ယခင်နှစ် ကာလတူထက်စာလျှင် လျော့နည်းကျဆင်းလျက်ရှိကြောင်း သိရှိရပါသည်။

ငါးမြစ်ချင်းနှင့် ငါးတန်ငါးမျိုးများ၏ ဈေးနှုန်းများ ကျဆင်းလျက် အရောင်းအဝယ်အေးနေရသည့် အကြောင်းရင်းများအနက် မြဝတီ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ရန်ကုန်မြို့ ငါးဈေးကွက်အတွင်းသို့ တရားမဝင်၊ နိုင်ငံတော်သို့ အခွန်ပေးဆောင်ခြင်းမပြုဘဲ ဝင်ရောက်လာသည့် ထိုင်းနိုင်ငံမှ ငါးများကြောင့်လည်းပါဝင်ကြောင်း သိရှိရပါသည်။

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် ငါး၊ ပုစွန်များကြောင့် နိုင်ငံတော်တွင် ကုန်သွယ်ခွန်များထိခိုက်နစ်နာခြင်း၊ နိုင်ငံသားများစားသုံးရန် သင့်/မသင့် သတ်မှတ်ပေးသည့် ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်များမပါရှိခြင်း၊ မိမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် မွေးမြူရေးလုပ်ငန်းများသို့ ကူးစက်နိုင်သည့် ရောဂါပိုးများပါရှိခြင်း ရှိ/မရှိ အထောက်အထားများမပါရှိခြင်း စသည့် အကြောင်းရင်းများကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အခွန်အခနှင့် ကျန်းမာရေးအပေါ် များစွာထိခိုက်နစ်နာစေနိုင်ပါသည်။

ပြည်တွင်း မွေးမြူထုတ်လုပ်သူများအတွက်ပါ အခွန်ပေးဆောင်ခြင်းမပြုဘဲ တရားမဝင်နည်းလမ်းများဖြင့် တင်သွင်းလာသည့်ငါးများကြောင့် အကျိုးစီးပွား ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း သတင်းရရှိပါသည်။

**ခိုင်သဥ္ဇာ၊ MYANTRADE**

# တောင်ကြီးမြို့တွင် ထောပတ်စိုက်ပျိုးထုတ်လုပ်မှု နည်းပညာသင်တန်းနှင့် ထောပတ်အစုအဖွဲ့ ဖွဲ့စည်း

ရှမ်းပြည်နယ် တောင်ကြီးမြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်က ထောပတ်နည်းပညာသင်တန်းနှင့် တောင်ကြီးမြို့နယ် ထောပတ်အစုအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားများ ကျင်းပခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ တောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကျောက်နီ၊ ပင်ငါးကြတ်၊ ဘုရားဖြူနောင်ကား၊ဖက်ကွန်၊ နန့်ခုတ်၊ မင်္ဂလာ၊ နန့်ဟူး၊ ပန်းပုံး၊ ဝင်းရနှင့် တောင်ကြီးမြို့၊ ညောင်ရွှေမြို့ပေါ်ရပ်ကွက်များမှ ထောပတ်စိုက်တောင်သူများ ၇၀ ဦးခန့်တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမြသန်းက အဖွင့်အမှာစကားပြောကြားခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုပမာဏ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကအခန်းကဏ္ဍများအား အားပေးမြှင့်တင်ဆောင်ရွက်ရန်၊ နိုင်ငံတကာ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်မှာ မြန်မာ့ထုတ်ကုန်များ ဈေးကွက်ဝေစု ပိုမိုရရှိအောင်ဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ ပံ့ပိုးကူညီဆောင်ရွက်ရန်ဆိုပြီး ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကဏ္ဍကြီး ခြောက်ရပ်ဖြစ်သည့် ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ရေး၊ ကုန်သွယ်မှုပညာပေးရေး၊ စားသုံးသူ အကာအကွယ်ပေးရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးသည့် သီးနှံများအနက် ပဲပုပ်၊ ကြက်သွန်ဖြူ၊ ချင်း၊ အစိုအခြောက်၊ လက်ဖက်၊ ကော်ဖီ၊ ထောပတ်သီးနှံများနဲ့ မီးဖိုချောင်သုံး စားသောက်ကုန်များကို ပြည်ပပို့ရန် ရည်မှန်းချက်ရှိပါကြောင်း၊ ပို့ကုန်မြှင့်တင်ရေးနှင့်ပတ်သက်ပြီး ဟိုပုံးမြို့တွင် မြန်မာနိုင်ငံသစ်သီးဝလံအသင်းမှကြီးမှူး၍ ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်တွင် ထောပတ်စိုက်ဧက ၁၀၀၀၀ ကျော်ရှိပါကြောင်း၊ ယခင်နှစ်က ထိုင်းနိုင်ငံသို့ ထောပတ်သီး တန်ချိန် ၁၇၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း၊ UK Aid မှလည်း ထောပတ်တောင်သူများအတွက် နည်းပညာနှင့် အကူအညီများပေးနေသည့်အတွက် အားတက်စရာ ဖြစ်ပါကြောင်း၊ ထောပတ်တောင်သူများအနေဖြင့် ပြည်ပဈေးကွက်မှာ ရောင်းဝယ်နေတဲ့ အရည်အသွေးနဲ့ ထုပ်ပိုးမှုနည်းစနစ်များကို မသိရှိတာကလည်း အားနည်းချက်တစ်ရပ်ဖြစ်ပါကြောင်း၊ သီးနှံတစ်မျိုးကို ထုတ်လုပ်ရာတွင် တစ်ဧက ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်နေတာ တွေ့ရပါကြောင်း၊ ဥပမာပြောရလျှင် လက်ဖက်စိုက်ပျိုးမှု ဖြစ်ပါကြောင်း၊ လူတစ်ယောက် လုပ်အားခကို တစ်ရက် ကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀ ထိ ပေးနေရပါကြောင်း၊ လူလုပ်အားကိုသာ အသုံးပြုနေရတဲ့အတွက် ထုတ်လုပ်မှုစရိတ် တက်လာပါကြောင်း၊ ထိုင်းမှာလေ့လာခဲ့စဉ်က လက်ဖက်ကို တောင်တွေမှာပတ်၍စိုက်ထားပြီး လက်ဖက်ခူးချိန်တွင် စက်ဖြင့်ရိတ်ပါကြောင်း၊ မြန်မာမှာ လက်ဖက်ခြောက် တစ်ပိဿာ ကျပ် ၆၀၀၀ နဲ့ မရောင်းနိုင်တဲ့ အချိန်မှာ သူတို့နိုင်ငံမှာ ကျပ် ၃၅၀၀ နဲ့ဝယ်၍ရနိုင်ပါကြောင်း၊ ဒါ့ကြောင့် Contract Farming စနစ်ကို ပြုပြင်ပြောင်းလဲရန် လိုအပ်ပါကြောင်း၊ Contract Farming စနစ်ကိုကျင့်သုံးခြင်းဖြင့် စိုက်ပျိုးတဲ့သူကလည်း ရဲရဲစိုက်ပျိုးလာပြီး ဝယ်တဲ့သူကလည်း ရဲရဲဝယ်လာနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်သူ၊ ဝယ်ယူသူ၊ ရောင်းမယ့်သူတွေကြားမှာ Organizer တွေ လိုအပ်နေပြီဖြစ်ပါကြောင်း၊ တစ်ဦးချင်း ဖြေရှင်းခြင်းထက် အစုအဖွဲ့ဖြင့် ဖြေရှင်းခြင်းသည် ပိုမိုထိရောက်မှုရှိပါကြောင်း၊ ပြည်ပနိုင်ငံများက အကူအညီပေးမည်ဆိုပါက တစ်ဦးချင်း၊ တစ်ယောက်ချင်းကို အကူအညီပေးမှုထက် အစုအဖွဲ့၊ အသင်းအဖွဲ့များကို အကူအညီပေးရန် ဆန္ဒရှိပါကြောင်း၊ အစုအဖွဲ့ဖြင့် စုပေါင်းလှုပ်ရှားမှု ရှိ/မရှိ မေးမြန်း စုံစမ်းမှုများပြုလုပ်ပါကြောင်း ပြောကြားပါသည်။

အဆိုပါ နည်းပညာသင်တန်းတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်က ထောပတ် စိုက်ပျိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆက်စပ်မှုအကြောင်းကို လည်းကောင်း၊ ထောပတ်အသင်းအဖွဲ့မှ ဦးမြင့်ဦးက ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းနှင့် ခူးဆွတ်မှုအကြောင်းကို လည်းကောင်း၊ ဦးခွန်ထွန်းထွန်းဦးက မြန်မာ့ထောပတ်သီး ဈေးကွက် အလားအလာအကြောင်းကို လည်းကောင်း၊ ဦးလင်းသန့်မောင်က Organic စိုက်ပျိုးရေးအကြောင်းကို လည်းကောင်း၊ ဦးကျော်စိုးမင်းက ကိုင်း ကူးကိုင်းဆက်နည်းပညာနှင့်အပင်ပြုစုပျိုးထောင်မှုနည်းများကိုလည်းကောင်း အသီးသီးပို့ချခဲ့ကြပြီး သင်တန်းသားများ သိရှိလိုသည်များကိုလည်း ပြန်လည်ဆွေးနွေးပေးခဲ့သည်။

နောက်ဆုံးရက်သင်တန်းအပြီး၌ တောင်ကြီးမြို့နယ် ထောပတ်အစုအဖွဲ့ ဖွဲ့စည်းခြင်းကို ပြုလုပ်ခဲ့ရာ အဖွဲ့ဝင်၂၅ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိသည်။

**စောမောင်(တောင်ကြီး)**

# မြန်မာထိုင်းနယ်စပ်မှ ရေထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၂၁ ရက်မှ ၂၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၇၉ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၆၅၃၂ တန်ကို တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ၅၇၈၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၄၆ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန်များလျော့နည်းတင်ပို့ခဲ့သော်လည်း ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလို ပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၁ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို ၆၂ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ မွေးပုစွန်၊ ကင်းမွန်၊ ကင်းမွန် (လိပ်)၊ သဲကဏန်း၊ ငါးမျိုးစုံ၊ ရေငန်ပုစွန်တို့ကို တန် ၁၆၂၀၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၂၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ကင်းမွန်၊ကဏန်း ပုစွန်၊ရေဘဝဲ၊အခြားရေထွက်၊ပင်လယ်ငါးရှဉ့်တို့ကို ၄၈၄၉ တန် တင်ပို့ခဲ့တယ်လို့သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၆၉ သန်း တန်ဖိုးရှိ ရေချိုငါး ၁၈၆ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၃၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၈ တန် ပိုမို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက အမေရိကန်ဒေါ်လာ သုညဒသမ ၁၅၉ သန်းတန်ဖိုးရှိ ငါးမြစ်ချင်း ၁၇၉ တန်နဲ့ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၀ သန်း တန်ဖိုးရှိ ငါးခေါင်းပွ ၇ တန်နီးပါးကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးများအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၆၂၄ သန်း တန်ဖိုးရှိ ဧည့်မထ ၂၅ မှတ်ဆန်၊ မန်ကျည်းစေ့၊ ဆီးသီးခြောက်၊ ဆီးဖတ်၊ လဲမှို့(အစေ့ပါ) စောင်၊ ငါးနီတူခြောက်၊ ဆီးယိုထုပ်တို့ကို ၂၄၂၃ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**



## အိန္ဒိယသို့ ကွမ်းသီး တင်ပို့မှု ကျဆင်း

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ရိဒ် ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၂ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၁၃ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာတမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီး တင်ပို့နိုင်ခြင်းမရှိဘဲ ရိဒ်ကုန်သွယ်ရေးစခန်းတစ်ခုတည်းမှ တင်ပို့ခဲ့တဲ့အတွက် ယခုလို လျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

ရိဒ် ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၇ သန်း တန်ဖိုးရှိ ဆေးမှုန့်၊ စီးကရက်၊ မစီးဖိနပ်၊ မဝတ်တီရှပ်၊ ဆေးရိုး၊ စောင်တို့ကို ၃၆၇ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီး တင်ပို့မှုမရှိပေမယ့် အမေရိကန်ဒေါ်လာ သုညဒသမ ၂၄၉ သန်းတန်ဖိုးရှိ နန့်ဖာလုံ ကုန်စုံ၊ ငါးလေးခြောက်၊ ကြက်သွန်ဖြူ ပဲပုပ်၊ ကုလားပဲတို့ကို ၁၉ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ဝဥခြောက် လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၇သန်းတန်ဖိုးရှိ ဝဥခြောက် တန် ၃၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တန် ၅၀ ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်တန် ၂၀ လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

'ဝ'ဥကို အစားအစာများ၊ မုန့်များ ထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုခြင်း၊ ခေါက်ဆွဲပြုလုပ်ခြင်း၊ ပြုတ်၍ သုပ်စားခြင်း၊ အသားတုပြုလုပ်ခြင်းများအပြင် 'ဝ' ဥခြောက်၌ အဆီကျစေတဲ့ အာနိသင်ရှိသလို ကိုလက်စထရောကိုလည်း ကျစေလို့ ဆေးဝါးများဖော်စပ်ရာမှာလည်း အသုံးပြုကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းစိုပိုမိုတင်ပို့

အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၀၇၀ တန်ဖိုးရှိ ချင်းစို ၄၆ တန်ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၃၁ တန်ကျော်သာတင်ပို့ခဲ့တဲ့အတွက် ၁၅ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ မောင်တောတွင် ချင်းစိုတစ်တန်ကို မိမိဘက်ပေါက်ဈေးမှာ(ငွေလဲနှုန်းအရ) ကျပ် ၂၉၁၁၁၀ ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မှျစ်စို၊ မှျစ်ခြောက်တင်ပို့မှု အရှိန်ရ

ဟိုတယ်ဟင်းပွဲများ၊ မိသားစုထမင်းဝိုင်းများရဲ့ ဟင်းလျာတစ်မျိုးဖြစ်တဲ့ မှျစ်စို၊ မှျစ်ခြောက်များကို တရုတ်နိုင်ငံမှ ဝယ်ယူလျက်ရှိရာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၉၈၃ တန်ဖိုးရှိ မှျစ်စို ၃၁ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၃၀၀ တန်ဖိုးရှိ မှျစ်ခြောက်တစ်တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က မူဆယ်မှ မှျစ်စို ၁၀ တန်နဲ့ လွယ်ဂျယ်မှ ၁၄ တန် တင်ပို့ခဲ့တာ တွေ့ရပါတယ်။ အောက်တိုဘာလအတွင်း မူဆယ်မှ မှျစ်စို ၁၀၆ တန်၊ လွယ်ဂျယ်မှ မှျစ်စို ၁၄ တန်နဲ့ မှျစ်ခြောက် ၃ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျော ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၉၃၉၄ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၁၀၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကလည်း တန် ၁၀၀ တင်ပို့ခဲ့တဲ့အတွက် ကန်ပိုက်တီမှတစ်ဆင့် တစ်သျှူးငှက်ပျောပုံမှန်တင်ပို့မှုရှိတယ်လို့ ဆိုရပါမယ်။

ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျောစိုက်ခင်းများကို မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးမောက်၊ မံစီ၊ ဗန်းမော်နဲ့ ရွှေကူမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ ငှက်ပျောစိုက်ခင်းများတွင် တရုတ်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်တွေလာရောက်လုပ်ကိုင်ကြကြောင်း၊ ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးတာဖြစ်ကြောင်းသိရပါတယ်။ **မော်မော်အောင်**

## မူဆယ်မှ ဝါဂွမ်း၊ စစ်တွေမှလဲမှို့ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၀၄၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါဂွမ်း ၃၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သလို မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၅၅၀ တန်ဖိုးရှိ လဲမှို့သုံးတန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မူဆယ်မှာ ဝါဂွမ်းတစ်တန်ကို လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၂၂၀၀ ရှိပြီး စစ်တွေမှာ လဲမှို့တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၅၀ ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်း ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းသုံးခုမှ အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၃၅ သန်း တန်ဖိုးရှိပြောင်းဖူးစေ့ ၂၅၇၈၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ တန်ချိန် ၂၁၈၀၀၊ လွယ်ဂျယ်မှ ၃၆၂၂ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၃၆၃ တန်ခွဲဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်း လေးခုပေါင်းမှ ၂၆၀၆၉ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ၂၈၄ တန် လျော့နည်းခဲ့ပေမယ့် ပြောင်းပုံမှန်တင်ပို့နေတာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်သီတင်းပတ်က ပြောင်းတစ်တန်ကို ၃၄၂၃၆၈ ကျပ်ဈေးရှိရာမှ အောက်တိုဘာ ၂၁ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်မှာ ၂၈၁၆၃၃ ကျပ်သို့ဈေးထပ်မံကျဆင်းခဲ့ကြောင်း၊ မန္တလေး-မူဆယ်ကုန်သယ် ယူစရိတ်မှာ ပြောင်းတစ်ပိဿာကို ကျပ် ၅၀ ရှိကြောင်း၊ အောက်တိုဘာလတစ်လလုံး တရုတ်နယ်စပ်မှတစ်ဆင့် ပြောင်းတန်ချိန် တစ်သိန်းနီးပါးကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ပြည်တွင်းသို့ ဆိုင်ကယ်တင်သွင်းမှုကျဆင်း

ကုန်သွယ်ရေးဇုန်များနဲ့ ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၃၀ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၅၆၈၀ စီးကိုတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၀၅၈၉ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၉၀၉ စီးလျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်၊ တမူးကုန်သွယ်ရေးစခန်းနဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းတို့မှ ဆိုင်ကယ်များ လျော့နည်းတင်သွင်းခဲ့တဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈၂ သန်း တန်ဖိုးရှိဆိုင်ကယ် ၄၂၆၀ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၅ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၉၁ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၃၁၀ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅၁ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၀၅ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# ဧရာဝတီတိုင်းဒေသကြီးတွင် ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ARCCI)တို့ တွေ့ဆုံဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီးတွင် ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ARCCI အသင်းတို့ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက်က ပုသိမ်ဟိုတယ်တွင် ကျင်းပခဲ့သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်း၊ သက်ဆိုင်ရာ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ ခရိုင် CCI အသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ ဘဏ်လုပ်ငန်းရှင်၊ ဟိုတယ်ခရီး၊ စက်မှုဇုန်၊ ကုမ္ပဏီ၊ လက်မှုလုပ်ငန်းရှင်နှင့် အခြား စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ အရေးပါမှု၊ လက်ရှိအစိုးရသစ်ကာလတွင် လူ့စွမ်းအားအရင်းအမြစ် ဖော်ဆောင်နိုင်ရေးကော်မတီ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာကော်မတီ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးသော ကော်မတီ၊ စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာကော်မတီနှင့် ငွေကြေးရရှိစေနိုင်မှုဆိုင်ရာကော်မတီများကို ဖွဲ့စည်းထားရှိပြီး ပုဂ္ဂလိကကဏ္ဍအားပေးမြှင့်တင်မှုဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ စီးပွားရေးလုပ်ငန်းများအတွက် မူဘောင်များချမှတ်ရာတွင် ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ထားရှိမှုများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ငွေကြေးရရှိစေနိုင်မှုတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားပါသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က ARCCI အသင်းဖွဲ့စည်းထားရှိမှု၊ အသင်းဝင်အရေအတွက်၊ အသင်း၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြား၍ ARCCI အသင်းလုပ်ငန်းရှင်အဖွဲ့ဝင်များမှ သက်ဆိုင်ရာကဏ္ဍအလိုက် CMP၊ SME၊ ပို့ကုန်၊ သွင်းကုန်၊ ဟိုတယ်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်နှင့် မွေးမြူရေးလုပ်ငန်းရှင်များက လုပ်ငန်း၏ အားသာချက်/အားနည်းချက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ ထို့နောက်တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

မင်းမင်းဦး(ပုသိမ်)

# ပြည်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၆/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၆/၂၀၁၇) အစည်းအဝေးကို အောက်တိုဘာ ၂၅ ရက်က ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါတယ်။

အဆိုပါအစည်းအဝေးတွင် ပြည်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ပြည်ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ဝင်းက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း အစီအမံများကိုလည်းကောင်း၊ ဩဂုတ် ၂၂ ရက်က ကျင်းပပြုလုပ်သော စတုတ္ထအကြိမ်မြောက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်း ဆုံးဖြတ်ချက်များအား ရှင်းလင်းဆွေးနွေးခြင်းကိုလည်းကောင်း၊ နယ်စပ်မှ တရားမဝင်ဝင်ရောက်လာသော ကုန်စည်များနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဂိတ်တွေမှာ စိစစ်ထိန်းချုပ်သွားဖို့ရှိပါကြောင်း၊ ဆန်အတု၊ ကြက်ဥအတု၊ ဘဲဥအတု၊ ဆီအတုများနှင့်ပတ်သက်၍လည်း မိမိတို့ဒေသတွင်တွေ့ရှိပါက သက်ဆိုင်ရာ FDA ဌာနသို့ပေးပို့ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ လိမ်လည်လှည့်ဖြား ရောင်းချမှုများအပေါ် သက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူမှုအပိုင်းများ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာများ ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် စားသုံးသူပြည်သူများ၊ လုပ်ငန်းရှင်များ၊ အသိပညာများ ပိုမိုရရှိရေးကို အလေးထား ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပါတယ်။

ဆက်လက်၍ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇင်ဖြိုးဝေနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးသိန်းတို့က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ကုန်များကိုသာ ဝယ်ယူစားသုံးကြရန် လုပ်ဆောင်ထားရှိမှုများအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။

ဝင်းလဲ့ဝါ(ပြည်)

Commerce ကာတွန်း




# မွန်ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးသူများနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ပူးပေါင်း၍ မွန်ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးသူများနှင့် အမျိုးသမီးများစီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေး စီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့ (Project Implementation Unit- PIU) ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃၀ ရက်တွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

ပထမဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးဟောက်ကျင်မုန်က အဖွင့်အမှာစကားပြောကြားရာတွင် ယခု စီမံကိန်းကို ထိထိရောက်ရောက် အကောင်အထည်ဖော်စေလိုကြောင်း၊ ငွေကြေးသုံး စွဲမှုများနှင့် စီမံခန့်ခွဲမှုများကိုလည်း စနစ်တကျ ဖြစ်စေလိုကြောင်း၊ ကုန်ထုတ်လုပ်မှု သင်တန်းများပို့ချရန် PIU မှခန့်အပ်ထားသည့် ကျွမ်းကျင်သူများ ရှိပါကြောင်း၊ PIU အဖွဲ့၏ စီမံကိန်းအောင်မြင်စေရန် သက်ဆိုင်ရာဌာန အသီးသီးကလည်း အဘက်ဘက်မှ ဝိုင်းဝန်းအကြံပြုပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ADB မှ Mr. Paul Ramirez Tapia က PIU အနေဖြင့် မွန်ပြည်နယ် ဒေသဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေမည့် အခြေခံသင်တန်း ၄ ခု ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ သင်တန်းဖွင့်လှစ်မှုအပြင် တစ်ဖက်မှလည်း စီးပွားရေး အခွင့်အလမ်းများကိုဖန်တီးပေးပါကြောင်း၊ လာမည့်နှစ်တွင် လူဦးရေ ၁၇၀၀၀ ခန့်ကို အခြေခံသင်တန်း ပို့ချပေးရန်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း နည်းပညာသင်တန်းများကို ပို့ချပေးမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်သည် အရပ်ဘက်လူ့အဖွဲ့အစည်းများစွာရှိသဖြင့် ၎င်းတို့အနက်မှ စိတ်ပါဝင်စားသူများကို သင်တန်းဆရာဖြစ်သည်အထိ လေ့ကျင့်ပေးလိုကြောင်း၊ စီမံကိန်းနယ်မြေများအနက် ရွာပေါင်း ၁၉ ရွာကိုအဓိကထား၍ လုပ်ဆောင်နေပါကြောင်း၊ ထုတ်ကုန်သစ်များကို ထုတ်လုပ်ပြီးဈေးကွက်တင်၍ စီးပွားရေး အခွင့်အလမ်းများ ကောင်းမွန်လာစေရန် ရည်ရွယ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် PIU မှ ခန့်အပ်ထားသည့် ကျွမ်းကျင်သူများက အသီးသီးမိတ်ဆက်ခဲ့ကြပြီး Project နှင့်ပတ်သက်၍ ၎င်းတို့တာဝန်ယူရသည့် ကဏ္ဍများနှင့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား အသီးသီးရှင်းလင်းတင်ပြခဲ့ကြပါသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးဟောက်ကျင်မုန်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေး တက်ရောက်လာသူ PIU အဖွဲ့ဝင်များမှ စီမံကိန်းအောင်မြင်စေရန် အသီးသီးဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပါသည်။ အစည်းအဝေးသို့ PIU အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော် ၂၅ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

မိုးမိုး(စားသုံးသူ-မွန်)

# ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က ဟသ်ာတမြို့ ပဒေသာဈေးနှင့် ဌေးဝင်းဈေးရှိ မုန့်ဆိုင်များအားစစ်ဆေး


ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် အောက်တိုဘာ ၃၀ ရက်က ဟသ်ာတမြို့ပဒေသာဈေးရှိ ဈေးခေါင်းရုံးတွင် ပဒေသာဈေး၊ ဌေးဝင်းဈေး၊ သီရိမင်္ဂလာဈေးတို့မှ ဈေးစားသုံးသူရေးရာ အဖွဲ့ဝင်များအား စားသုံးသူနစ်နာမှုတိုင်ကြားစာပုံးများ ပေးအပ်ခဲ့ပါသည်။

ထို့နောက် ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကြည်ဟန်သည် မိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်း၍ ပဒေသာဈေးနှင့် ဌေးဝင်းဈေးတို့ရှိ မုန့်ဆိုင်များတွင် တားမြစ်မုန့်များ၊ ရက်လွန်မုန့်များ၊ ကုန်ဆုံးရက်စွဲ၊ ထုတ်လုပ်သည့် လိပ်စာမပါရှိသော မုန့်များ ရောင်းချခြင်း ရှိ/မရှိ ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ပါသည်။

အဆိုပါ ဈေးများတွင် ရောင်းချလျက်ရှိသော တားမြစ်မုန့်များ၊ ရက်လွန်မုန့်များနှင့် ထုတ်လုပ်သည့်လိပ်စာနှင့် ကုန်ဆုံးရက်စွဲမပါရှိသော မုန့်များကို သိမ်းဆည်းခဲ့ပြီး ဆက်လက်မရောင်းချရေးအတွက် ဆွေးနွေးပညာပေးခဲ့ပြီး တားမြစ်မုန့်များ စာရင်းပါသော လက်ကမ်းစာစောင်များအား ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

မောင်မောင်မြတ်ခိုင်


DI
Ladies',Men's & Children's Wear
Ready Made - Export Quailty
ပြည်ပသွားလျှင်
DI
ကိုသတိရပါ
DLM UNIFORM PROFESSIONAL
ယူနီဖောင်း လိုအပ်တဲ့
အဖွဲ့ အစည်းအားလုံးအတွက်
DLM လာပါပြီ
DLM UNIFORM PROFESSIONAL
No.154/158, Sanchaung Street, Sanchaung Township
Yangon, Myanmar.
Tel: 09250222296, 09425890001
www.facebook.com/Digitizing Logo Myanmar


MMM
Car Sales Center
Email:mmmcarsalecenter@gmail.com
www.facebook.com/MMM car sales centre
VANGUARD
min min maung Services Co.,Ltd
MMM Car Sale Center
အမှတ် (၁၉/၂၀) , ဗဟိုလမ်းမကြီး၊ နာနတ်တောဝန်းကျင်နှင့် လှည်းတန်းဝန်းကျင်ကြား (၇) ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph:09 7979 85859, 09 863 8585


Honda Maung Maung
Construction & Trading Co.,Ltd
မုံရွာတောင်၊ နတ်လှူထပ်ပန်ရပ်ကွက်၊ မုံရွာမြို့။
Ph : 09 2132221 , 09 962132221, 09 6450607, 09 2132223,
09 962132223, 09 33332373, & 07 125522


PPC
Property People Connection
Under Management of Established Company
" PPC Group of Companies" in Singapore
Property Services
Property Management
M & E Services
Cleaning
Security
Renovation Service
Renovation of Existing Building
Painting, Roofing, Flooring, Ceiling
Installation of Electricity & Plumbing
Consultancy Services
Real Estate Services
Leasing, Purchasing & Selling
No.22, 1st Floor (Left Room), Thida Road, Kyauk Myaung Gyi Quarter,
Tamwe Township, Yangon, Myanmar.Tel : 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
MYAWADDY BANK LIMITED
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans and Overdraft
Gift Cheque Services
Safe Deposit Locker
ATM / POS Services
Mobile Banking Services
Foreign Banking Services
Phone No : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301395, 2301450, 2301402
Email : mwdbankygn@mptmail.net.mm
Website : www.mwdbank.com.mm
ကြီးပွား တိုးတက် အောင်မြင်ရန် မြဝတီဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ပါ
MPU
UnionPay
JCB


TOYOTA
MINGALAR
3rd Year Anniversary
Nov 7 to 17. 2017 (Special Promotion)
မည်သည့်ကားမဆို လာရောက်ဝယ်ယူအားပေးသူတိုင်းအတွက် ရွှေလက်ဆောင် (Gold Bullion) များ ချီးမြှင့်မည်။
One Lucky Draw - လေယာဉ်Ticket ဖြင့် နှစ်ညအိပ်(၂)ယောက်စာ ပေလီခရီးစဉ်
TOYOTA Brand New Car Showroom
No.6,Bayintnaung Road, Ward (2), Hlaing Tsp, Ygn, Myanmar, Tel : +95 1 514940~41
Authorized Service Station
No.236,Ahlone Road, Ahlone Tsp,Ygn, Myanmar, Tel : +95 1 221224, 230 2122~23, 230 2126, Daily Open : 9:00AM : 5:30PM (Mon~Sun)

# စားသုံးသူအကျိုးစီးပွားကာကွယ်ရေးနှင့်ထုတ်ကုန်များ အရည်အသွေးမှန်ကန်မြင့်မားရေး

ဦးနိုင်ဦး၊ ဒေါ်မြင့်မြင့်ချို

လူတို့တွင် စားရေး၊ ဝတ်ရေး၊ နေရေးဆိုသောအရေး(၃)ပါး ရှိသည်။ အဆိုပါအရေး(၃)ပါးကို အန္တရာယ်ကင်းရှင်းစွာရင်ဆိုင်၍ ကျန်းမာစွာဖြင့် ရှင်သန်ရပ်တည်နိုင်ရန်အထူးအရေးကြီးလှပါသည်။

ယနေ့အချိန်အခါသည် ကမ္ဘာတစ်ဝန်းခေတ်မီတိုးတက်လာသည်နှင့်အမျှ စားရေး၊ ဝတ်ရေး၊ နေရေးတို့မှာလည်း ခေတ်နှင့်အညီ လျင်မြန်စွာ ပြောင်းလဲလျက်ရှိပါသည်။ ပြောင်းလဲလာမှုနှင့်အညီ နည်းပညာများအကူအညီဖြင့်ဓာတုဆေးဝါးများအသုံးပြုကာ ဆောင်ရွက်လာကြသဖြင့် စားရေး၊ ဝတ်ရေး၊ နေရေးတို့တွင် အန္တရာယ်ရှိသော ဘေးထွက်ဆိုးကျိုးများ ကြုံတွေ့လာရပါသည်။

စားသုံးသူပြည်သူများ အန္တရာယ်ကင်းသော အစားအသောက်များ အသုံးအဆောင်များ ဝယ်ယူစားသုံး သုံးစွဲနိုင်ရန်နှင့် လုပ်ငန်းရှင်များမှလည်း ဘေးထွက်ဆိုးကျိုးများကင်းရှင်းပြီး စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ကုန်စည်၊ ဝန်ဆောင်မှုများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် အရေးကြီးလှပါသည်။ထို့ကြောင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဌာနဆိုင်ရာအင်အား တစ်ခုတည်းနှင့်မအောင်မြင်နိုင်ဘဲ ဌာနဆိုင်ရာများ၊ NGOs၊ စားသုံးသူပြည်သူလူထု၊ စီးပွားရေးလုပ်ငန်းရှင်ဆိုသည့် လေးဦးလေးဖလှယ်တာဝန်ကိုယ်စီဆောင်ရွက်မှသာ ထိရောက် အောင်မြင်နိုင်မည်ဖြစ်သဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြည်သူဗဟိုပြုဆောင်ရွက်ရန် လိုအပ်လာပါသည်။ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများတွင် အစားအသောက်သာမက လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်နှင့်ဆောက်လုပ်ရေးသုံးပစ္စည်း၊ အလှကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုလုပ်ငန်းများပါ ပါဝင်ပါသည်။

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန် မြှင့်ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်တွင် စားသုံးသူရေးရာဦးစီးဌာနကိုဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူရေးရာဦးစီးဌာန၏မျှော်မှန်းချက်(Vision)မှာ စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်ဖြစ်ပြီး ရည်မှန်းချက် (Mission) များမှာ စားသုံးသူအခွင့်အရေးနှင့် စားသုံးသူအကျိုးစီးပွားကာကွယ်ရေး ဆောင်ရွက်ရန်၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေးဆောင်ရွက်ရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ အရည်အသွေးစီမံခန့်ခွဲမှုနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်စသည့် မျှော်မှန်းချက်၊ ရည်မှန်းချက်များချမှတ်ကာ ပြည်သူဗဟိုပြု ဆောင်ရွက်လျက်ရှိပါသည်။

ကုလသမဂ္ဂ၏ ရည်မှန်းချက်(၁၇)ချက်တွင် နံပါတ်တစ်သည် ဆင်းရဲမှုလျှော့ချရေးပင်ဖြစ်သည်။ဆင်းရဲမှုလျှော့ချရန်မှာ အဓိက ကျန်းမာအောင်နေထိုင်ဖို့လိုပါသည်။ ကျန်းမာအောင်ဆိုလျှင် ဘေးဥပဒ်အန္တရာယ်ကင်းစွာနေထိုင်စားသောက်ရန် လိုသည်။ မကျန်းမာပါကဆေးကုသစရိတ်ကြီးမြင့်ခြင်းကြောင့် ပုံမှန်ဝင်ငွေရှိသောမိသားစုမှာဆေးဖိုးကုန်သဖြင့် အရာရာချွေတာရကာ ဆင်းရဲမှုသံသရာမှ ရုန်းမထွက်နိုင်ကြတော့ပေ။ ဆင်းရဲ၍ ဈေးချိုတာကိုသာ အဓိက ရွေးချယ်စားသောက်ရခြင်းကြောင့် ရောဂါဖြစ်ကာ ဆေးကုရသဖြင့် ဆင်းရဲမှု သံသရာလည်နေပါတော့သည်။ဆေးရုံတက်၍ ဆေးကုသစရိတ်မကုန်ရင်တောင် လူနာစောင့်မှာလည်း လုပ်ခများဆုံးရှုံးပြီး ဝင်ငွေမရှိဘဲမိသားစုအာဟာရပြည့်အောင်စားရဖို့ပင် မဖြစ်နိုင်တော့သဖြင့် ရောဂါဖြစ်သူသည် မိသားစုကိုဝန်ပိစေတော့သည်။ ထိုဆင်းရဲမှုသံသရာမှ ရုန်းထွက်ဖို့ရာ တစ်ခုတည်းသောနည်းလမ်းမှာ ကျန်းမာအောင်နေထိုင်စားသောက်နိုင်ဖို့ ဘေးဥပဒ်အန္တရာယ်ကင်းစေသော အစားအသောက်များကို ရွေးချယ်စားသုံးနိုင်ခွင့်ရဖို့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် နိုင်ငံတော်နှင့်အများပြည်သူအတွက် အလွန်အရေးကြီးလှသည်။ လူတိုင်းကျန်းမာဖို့အရေးသည် အမျိုးသားရေးတာဝန်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ ထုတ်ပြန်သည့်အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ ကင်ဆာအဖြစ်ဆုံး(၁၀)နိုင်ငံတွင် နံပါတ်(၂) နေရာသို့ရောက်ရှိနေပြီဖြစ်သည်။ကင်ဆာ ဖြစ်စေသည့် အကြောင်းရင်းများမှာ တရားမဝင်ဓာတုပစ္စည်းများ အလွန်အကျွံသုံးစွဲထားသော ပလတ်စတစ်ပစ္စည်းများသုံးစွဲခြင်း၊ ဓာတုဆေးဝါးများပါဝင်သောနို့မှုန့်များ၊ မုန့်အမျိုးမျိုး၊ အရက် အမျိုးမျိုး၊ အချဉ်ရည်အမျိုးမျိုး၊ ခြင်ဆေးခွေအမျိုးမျိုး၊ အချိုရည်အမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ အရည်အသွေးနိမ့်ကုန်စည်အမျိုးမျိုး စသည့်ပစ္စည်းများ သုံးစွဲ၍ ဖြစ်ရပါသည်။

ထို့အပြင် အစားအစာများ၊လူသုံးကုန်ပစ္စည်းများအား ပြင်ဆင်



ထုပ်ပိုးရောင်းချရာတွင်လည်း အမြင်လှ၊ အသွင်ကြွစေရန်အတွက် တာရှည်ခံဆေးများ၊ အစားအစာများတွင် သုံးစွဲခွင့်မပြုသောဆိုးဆေးများကိုသုံးစွဲလာကြသဖြင့် လူတို့၏ကျန်းမာရေးကိုဆိုးရွားစွာ ထိခိုက်စေလျက်ရှိပါသည်။ ဆိုးဆေးတွင် သဘာဝဆိုးဆေးနှင့်ဓာတုဆိုးဆေးဟူ၍ နှစ်မျိုးရှိပြီး သဘာဝဆိုးဆေးများမှာ သဘာဝအပင်၊ အသီးအပွင့်တို့မှထုတ်လုပ်ထားသဖြင့် ဘေးထွက်အန္တရာယ်နည်းပါးပါသည်။ သို့သော် ထုတ်လုပ်ရန်ခက်ခဲခြင်း၊ ကုန်ကျစရိတ်များပြားခြင်းတို့ကြောင့် ချည်၊ သိုးမွေး၊ ပိုးထည်၊ စက္ကူ၊ သားရေ၊ ဖိနပ်တို့တွင် သုံးစွဲသည့်ဓာတုဆိုးဆေးများကိုသာ အများဆုံးသုံးစွဲလာကြပါသည်။

ပို၍ဆိုးရွားသည်မှာ နို့ဆီ၊ အသား၊ ငါးများအား တာရှည်ခံရန်အတွက် လူသေကောင်များ မပုပ်သိုးအောင်ထိုးသော တာရှည်ခံဖော်မလင်ဆေးများကို အလွန်အကျွံသုံးစွဲလာကြသဖြင့် ရေရှည်တွင် ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်သဖြင့် လုပ်ငန်းရှင်များမှ အစားအသောက်များ၌ ခွင့်မပြုဓာတုဆေးများ အသုံးမပြုနိုင်ရေးကို အမြဲတမ်း စိစစ်ကြပ်မတ်နေရန်လိုအပ်သလို စားသုံးသူများကလည်း သတိထားဆင်ခြင်ကာ ဝယ်ယူသုံးစွဲကြရန် လိုအပ်မည်ဖြစ်ပါသည်။

လူတိုင်းကျန်းမာပျော်ရွှင်စွာဖြင့် သက်တမ်းစေ့နေနိုင်ရေးအတွက် စားသုံးသူရော ထုတ်လုပ်သူပါလူတိုင်းတွင် တာဝန်ကိုယ်စီရှိကြပါသည်။ လူတိုင်းတာဝန်ကိုယ်စီရှိသည်ဟုဆိုရာတွင် စတင်စိုက်ပျိုး၊မွေးမြူထုတ်လုပ်သည်မှ ဈေးကွက်ထဲရောက်သည်ထိ အဆင့်ဆင့်တိုင်းသည် ဘေးဥပဒ်အန္တရာယ်ကင်းသော ကောင်းမွန်သော ကျင့်စဉ်များနှင့်ထုတ်လုပ်ရန် လိုအပ်သည်။ ၎င်းကျင့်စဉ်များ ဆောင်ရွက်နိုင်ရန် အသိတရားနှင့်ပြည့်စုံရန် လိုအပ်သည်။ အသိတရားမှာ အသိနှင့်တရားကို သေချာသိရန်လိုသည်။ အသိဟုဆိုရာတွင် မိမိထုတ်လုပ်မည့် လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းအောင် ထုတ်လုပ်မှုနည်းပညာအသိပညာပြည့်စုံနှံ့စပ်စွာသိဖို့ လိုသည်။ တရားဆိုသည်မှာ ကိုယ်ချင်းစာတရားပင်ဖြစ်သည်။ မိမိကိုယ်တိုင်မစားသောက် မသုံးစွဲရဲသော ကုန်စည်ကို မထုတ်လုပ်ဘူးဆိုသော ကိုယ်ချင်းစာတရားလေးရှိစေချင်သည်။ ၎င်းအသိတရားများနှင့် ထုတ်လုပ်ပါက ကုန်စည်အားလုံးသည် ဘေးဥပဒ်အန္တရာယ်ကင်းမည်ဖြစ်ပါသည်။

ယနေ့ ၎င်းအသိတရားများကို လျစ်လျူရှုခဲ့ကြရာ အန္တရာယ်ရှိသော ကုန်စည်များသာ များပြားနေသဖြင့် စားသုံးသူများအနေဖြင့် ရွေးချယ်စရာအခွင့်အလမ်းများ ရှားပါးလာသည်။ မစားဘဲ၊ မသုံးဘဲနေ၍လည်းမဖြစ်နိုင်ပေ။ဒါကြောင့်လည်း စားသုံးရန်၊ သုံးစွဲရန်မသင့်သည့် စားသောက်ကုန်နှင့် ကုန်စည်များနှင့်ပတ်သက်၍ ဖော်ပြခဲ့ကြသည့်အပေါ် ငါတို့တွေ ဘာတွေစားရ၊ ဘာတွေသုံးရတော့မှာလဲဆိုသည့် ပြည်သူလူထု၏တုံ့ပြန်သံများကို ကြားသိမြင်တွေ့နေရပေသည်။ စီးပွားရေးလုပ်ငန်းရှင်တွေထုတ်လုပ်သလောက်ကို ရွေးချယ်စရာမရှိဘဲ ဝယ်ယူသုံးစွဲနေရသည်။ ထို့ကြောင့် စားသုံးသူများကိုအကာအကွယ်ပေးသော ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်ချက်ရှိလာသည်နှင့်အညီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်မတ်လ(၁၄)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀)ဖြင့် ပြဋ္ဌာန်းလာနိုင်ခဲ့သည်။ ၎င်းစားသုံးသူအကာအကွယ်ပေးရေးဥပဒေသည် စားသုံးသူများကိုသာ အကာအကွယ်ပေးပြီး ထုတ်လုပ်သူစီးပွားရေးလုပ်ငန်းရှင်များကို ဖိနှိပ်ထားသော ဥပဒေမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းရှင်များကို စီးပွားရေးကျင့်စဉ်များနှင့်အညီထုတ်လုပ်မှုကို အလေးပေးပြီး စားသုံးသူများကို အကာအကွယ်ပေးထားသောဥပဒေဖြစ်သည်။

စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီကို သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဖွဲ့စည်းထားပါသည်။ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား နိုင်ငံတစ်ဝန်း လွှမ်းခြုံဆောင်ရွက်နိုင်စေရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ခရိုင်အဆင့်အထိ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားပြီး ထိုအဖွဲ့အောက်တွင် စားသုံးသူ တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူများနစ်နာဆုံးရှုံးမှုများရှိပါက စာဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေသွားရောက်တိုင်ကြားနိုင်သည့်နေရာများကို လက်ကမ်းစာစောင်များ၌ ဖော်ပြထားပြီးဖြစ်၍ အချိန်မရွေးလာရောက်တိုင်ကြား သတင်းပေးနိုင်ပါသည်။ တိုင်ကြားမှုများကို နွေးထွေးပျူငှာစွာဖြင့်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄) ပြဋ္ဌာန်းပြီးသည်မှစ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ဌာနဝန်ထမ်းများမှ ၅၁ သန်းကျော်သော ပြည်သူများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်သဘောထားကာ ဆွေးနွေးပညာပေးရေးလုပ်ငန်းများ၊ ပြည်တွင်း၊ ပြည်ပ အလုပ်ရုံဆွေးနွေးပွဲများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ စားသုံးသူများနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ အငြင်းပွားမှုများကိုဖြေရှင်းပေးခြင်းများအား တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/ မြို့နယ်အဆင့် အထိ အပင်ပန်းခံကာ တက်ကြွစွာဖြင့်ဆောင်ရွက်လျက်ရှိခဲ့၍တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထိုက်အလျောက် အောင်မြင်မှုရှိနေပြီဖြစ်ပါသည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယခုဘဏ္ဍာနှစ်ပထမ ၆-လပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်ပြီး တက္ကသိုလ်ကောလိပ်၊သိပ္ပံ၊ အခြေခံပညာကျောင်းများ၊ ရပ်ကွက်/ကျေးရွာ၊စက်ရုံအလုပ်ရုံ၊ ဌာနဆိုင်ရာနှင့်ဈေးများရှိပြည်သူများကိုအသိပညာများ မျှဝေပေးနိုင်ခဲ့ပါသည်။

သို့ပါ၍ကမ္ဘာတည်သရွေ့ မြန်မာပြည်သူများသက်ရှည်ကျန်းမာစွာဖြင့် သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ကိုယ်နားမလည်သည့်စာသားများပါသော မုန့်ပဲသရေစာ၊အချိုရည်များ မစားသောက်ကြရေး၊ ပြန်ကြော်ဆီနှင့် ကြော်ထားသောအာလူးကြော်နှင့်အခြားဆီကြော်မုန့်များကို မစားသောက်ရေး၊ ရောင်စုံဓါတုဆိုးဆေးဆိုးထားသော အစားအသောက်များ (ဥပမာ- မျှစ်၊ တုတ်ထိုး၊ ယိုစုံ၊ ငါးခြစ်၊ ချိုချဉ်စသည်များ) အစေးချွတ်ဆေးဖြင့်စိမ်ထားသော ပိန္နဲကွင်းများ မစားသောက်ရေး၊ ကော်ဖီမစ်များကို အိတ်အခွံ၊ပလတ်စတစ်၊ ကော်ဇွန်းတို့ဖြင့်မဖျော်ဘဲ စတီးဇွန်းဖြင့်သာမွှေပြီးမှ သောက်ရေး၊ ဆေးလိပ်၊ ကွမ်းယာ၊ အရက်၊ ဘီယာတို့ကိုရှောင်ရှားရေး၊ သီးနှံများမှည့်စေရန်အတွက် ရော်ဘာပင်များတွင် အသုံးပြုသော အီသလဲဆေးစိမ်ထားသည့် အသီးအနှံများကိုမစားရေး၊ ခူးပြီး ခရမ်းချဉ်သီးများ အရောင်အမြန်တက်စေရန် (ETN) ပိုးသတ်ဆေးဖြန်းထားသော ရဲရဲတောက်အသီးများမစားရေး၊ ကွမ်းရွက်များကိုပျော့စေရန်အတွက် ဖျူရာဒန် (3G) စိမ်ထားတာတွေကို မစားရေး၊ ကွမ်းသီးများမှိုမတက်စေရန်အတွက် ကန့်နှင့်မှိုင်းတိုက်ထားတာတွေကို မစားရေး၊ ငါးပိ၊ ငါးခြောက်များတွင် ယင်များမနားစေရန်အတွက် ယင်မနားဆေးသုံးထားတာတွေမစားရေး၊ လူသေကောင်များ အနံ့မထွက်စေရန်နှင့် မပုပ်သိုးစေရန်အတွက် အသုံးပြုသော ဖော်မလင်ဆေးများ သုံးထားသည့်အသား၊ ငါးများ၊ ပဲပြား၊ မုန့်ဟင်းခါးဖတ်များကိုမစားရေး စသည့်အချက်များကို လိုက်နာကာ အသိတရားလက်ကိုင်ထားပြီး သတိထားစားသောက်ကြရေးအတွက် စားသုံးသူရေးရာ ဦးစီးဌာနမှ ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများအား ပြည်တွင်း၊ပြည်ပ အသိပညာရှင်၊ အတတ်ပညာရှင်၊ လုပ်ငန်းရှင်၊ အသင်းအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာဆောင်ရွက်လျက်ရှိပါသဖြင့် စားသုံးသူပြည်သူများမှလည်း ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းဖော်ပြအပ်ပါသည်။

# ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ (၉/၂၀၁၇)လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ အောက်တိုဘာလ ၂၇ ရက်က ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့၏(၉/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကိုကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါ အစည်းအဝေးတွင် ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ ယခုအချိန်ထိ တိုင်ကြားမှုမရှိသေးကြောင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များ၌ တိုင်ကြားမှု ဖြေရှင်းဆောင်ရွက်ချက်တွေ့ရှိပါကြောင်း၊ သို့သော် ပြည်နယ်အတွင်း အသိပညာပေးခြင်း၊ စစ်ဆေးခြင်းလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆက်စပ်ဌာနများမှလည်း ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားပါသည်။

ဆက်လက်၍ ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးတင့်ဆန်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလ ၂၈ ရက်က ပြုလုပ်သော (၈/၂၀၁၇) ၏ အစည်းအဝေး ဆုံးဖြတ်ချက်များမှ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ တင်ပြရာ အောက်တိုဘာ ၂၆ ရက်ထိ အသိပညာပေး ဟောပြောခြင်း လျာထား ၁၇ကြိမ်၊ ဆောင်ရွက်ပြီးစီး ၁၈ ကြိမ် (၁၀၅ ရာခိုင်နှုန်း) နှင့် စစ်ဆေးခြင်းလျာထား ၂၆ ကြိမ်တွင် ကြိမ် ၂၀ သာ ဆောင်ရွက်နိုင်သေး၍ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ကျောင်းမုန့်ဈေးတန်း၊ ရပ်ကွက်လက်လီဆိုင်စစ်ဆေးခြင်း ၁၀ ကြိမ်၊ စက်ရုံအလုပ်ရုံ ထုတ်ကုန်စစ်ဆေးခြင်း ခုနစ်ကြိမ်၊ ဈေးစစ်ဆေးခြင်း သုံးကြိမ်ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ လျာထားချက်ရာနှုန်းပြည့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ စစ်ဆေးရန်ရှိပါကြောင်း၊ ဆက်စပ်ဌာနများ (FDA၊ စက်မှုကြီးကြပ်၊ စည်ပင်တို့) မှ ပူးပေါင်းပေးကြရန်၊ ၎င်းစစ်ဆေးခြင်းများမှာ အားနည်းနေသေးပါကြောင်း၊ ဈေးကွက်ထောက်လှမ်းခြင်း ကုန်စည်များရွေးချယ်ဆောင်ရွက်ရာတွင် အောက်တိုဘာလ ၂၀ ရက်၌ ပစ္စည်းလေးမျိုးအား စစ်ဆေးနေပါကြောင်း၊ ၎င်းတို့မှာ (၁) Food Colour ဆိုးဆေးနှစ်မျိုး၊ (၂) မိုးဇော် တံဆိပ်(မရမ်း/သရက်ယို)၊ (၃)ဇင်ယော် တံဆိပ် (ငရုတ်ဆီ)၊ (၄)Luick တံဆိပ် (ဂျယ်လီ)တို့ဖြစ်ပါကြောင်း၊ ရေသန့်လုပ်ငန်းများ ပုံမှန်စစ်ဆေးနေပါကြောင်း၊ အောက်တိုဘာလ၏ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်း လျာထား/အမှန် ဆောင်ရွက်ပြီးစီးမှုနှင့် နောက်လဆောင်ရွက်မည့် လျာထားချက်များအား အသေးစိတ်ကိုပါဝါပွိုင့်ဖြင့် ရှင်းလင်းပါသည်။

ထို့နောက် ကော်မတီဝင်များက အသီးသီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်ပြည်နယ်)**

## မကွေးတိုင်းဒေသကြီးမှ ထွက်ရှိသော ဖီးကြမ်းနှင့် ရခိုင်ငှက်ပျော အရောင်းသွက်နေ

မကွေးတိုင်းဒေသကြီးအတွင်း ငှက်ပျောစိုက်ပျိုးထားရှိမှုအနေဖြင့် စလင်း၊ ပွင့်ဖြူမြို့နယ်များတွင် အများဆုံးစိုက်ပျိုးလျက်ရှိရာ စုစုပေါင်းစိုက်ဧက ၈၆၂ဧကရှိကြောင်း သိရှိရပါသည်။ ထွက်ရှိလာသော ငှက်ပျောခိုင်များအား မကွေး၊ မင်းဘူး၊ ချောက်၊ တညောင် မြို့နယ်များသို့ အများဆုံးတင်ပို့လျက်ရှိပြီး ဖီးကြမ်းငှက်ပျောနှင့် ရခိုင်ငှက်ပျောမှာ အရောင်းသွက်၍ တစ်ခိုင်လျှင် ကျပ် ၄၀၀၀ ခန့်ပတ်ဝန်းကျင်ရှိကြောင်း သိရှိရပါသည်။ ယင်းမြို့နယ်များတွင် ငှက်ပျောသီးနှံအား အဓိကထား၍ စိုက်ပျိုးလျက်ရှိပြီး တစ်ဧကလျှင် အပင် ၇၀၀ ပတ်ဝန်းကျင်ခန့် စိုက်ပျိုးကြပါသည်။ ဖီးကြမ်းငှက်ပျောများကို အများဆုံး စိုက်ပျိုးကြပြီး ၁၂လအကြာတွင် ခုတ်ယူ၍ရကြောင်း၊ အခြားငှက်ပျောများအား ၁၁ လအကြာတွင် ခုတ်ယူကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် တစ်ဧက အမြတ်အနေဖြင့် တစ်နှစ်လျှင် ကျပ် ၁၀ သိန်းပတ်ဝန်းကျင်ခန့် ရရှိကြောင်းလည်း သိရှိရပါသည်။ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားဒေသမှာ ငှက်ပျောထွက်ရှိသော ဒေသဖြစ်ပြီး မကွေးတိုင်းအတွင်းသို့ နေ့စဉ် ကုန်ကားများဖြင့် တင်ပို့လျက်ရှိပါသည်။ မကွေးမြို့နယ်အနေဖြင့် အခြားမြို့နယ်များမှ တင်သွင်းသော ငှက်ပျောများအား လက်လီလက်ကား ရောင်းချလျက်ရှိရာ ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

## ပုသိမ်ခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြီး စိုက်ပျိုးရေး ဆေးဆိုင်များသို့ ရှောင်တခင်ဝင်ရောက်စစ်ဆေး

ပုသိမ်ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၂၆ ရက်တွင် စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ စားသုံးသူရေးရာ ဝန်ထမ်းများ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက အောက်တိုဘာလအတွင်း ဗဟို၊ တိုင်းဒေသကြီး အငြင်းပွားမှုအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန ရုံးချုပ်တို့၏ ညွှန်ကြားစာများအား အဖွဲ့ဝင်များသို့ ဖတ်ကြားရှင်းလင်းတင်ပြခြင်း၊ ဒသမအကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများအား တင်ပြခြင်း၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား အမှာစာ(၇)ချက်ဖြင့် တင်ပြခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ တက်ရောက်လာသော အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော မိတ်ဖက်အဖွဲ့များမှ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား မိမိတို့ဌာနများအလိုက် ခရိုင်အငြင်းပွားမှုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုများအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

ဆက်လက်၍ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ သက်ဆိုင်ရာ အဖွဲ့ဝင်များ လိုက်ပါလျက် ပုသိမ်မြို့အတွင်းရှိ စိုက်ပျိုးရေးဆေးဆိုင်များဖြစ်သော ချယ်ရီပန်း၊ ဦးစန်းလွင်၊ အေးချမ်းမြေ၊ စိတ်ကြိုက် (၂) ဆေးဆိုင်များသို့ ရှောင်တခင်ဝင်ရောက် စစ်ဆေးပြီး သက်တမ်းလွန်ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးများ ၊ ထုတ်ကုန်အမှတ်တံဆိပ်မရှိသော စိုက်ပျိုးရေးဆေးများ၊ မြန်မာစာရေးထိုးမထားသော စိုက်ပျိုးရေးဆေးများအား ရောင်းချခြင်းမပြုရန် သတိပေးခြင်း၊ တားမြစ်ခြင်း၊ သိမ်းဆည်းခြင်းများကို သက်ဆိုင်ရာ စိုက်ပျိုးရေးဌာနနှင့်အတူ စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | မြေ | တောင်ဥက္ကလာပမြို့နယ်၊ အင်းဝလမ်း | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၃၅၀၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၂။ | တိုက်ခန်း | တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မြို့သစ် (၂) လမ်း | (၁၃ x ၅၀)ပေ | (၃) လွှာ | ၂၇၀ သိန်း | ဟောလ်အခန်း | ၀၉/၇၉၅၃၃၇၀၃၁ |
| ၃။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ မိုးမခလမ်း | (၁၂.၅ x ၄၅)ပေ | (၅) လွှာ | ၃၀၀ သိန်း | ဟောလ်အခန်း | ၀၉/၇၉၅၃၃၇၀၃၁ |
| ၄။ | မီနီကွန်ဒို | တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ လမ်းသွယ် | ၁၀၀၀ စ/ပေ | (၅) လွှာ၊ ခန်းဖွဲ့ | ၁၂၀၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၅၁၁၇၂၆၂ |
| ၅။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း | ၆၅၀၀ စ/ပေ | (၂) လွှာ၊ ခန်းဖွဲ့ | ၄၀၀ သိန်း | လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |
| ၆။ | တိုက်ခန်း | သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း | | (၄) လွှာ | ၂၅၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၇။ | တိုက်ခန်း | ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ ဗိုလ်ချုပ်ဈေးနီး | ၉၀၀ စ/ပေ | မြေညီ၊ ထပ်ခိုးပါ | ၂၃၀၀ သိန်း | နေရာကောင်း၊ ဆိုင်ဖွင့်နိုင် | ၀၉/၉၇၆၂၁၁၂၃ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်မြို့နယ်၊ နန်းမြိုင်လမ်းသွယ် | ခြံ ၆၀၀၀ စ/ပေ အိမ် ၁၂၀၀ စ/ပေ | MB (၂) ခန်း၊ BR (၂) ခန်း | ၃.၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ညောင်နီရွာ | ၃၆၀၀ စ/ပေ | မြေသီးသန့် | ၃၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၆၅ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဟွန်ဒါဖစ် (၂၀၀၈) | G | ၁၅၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဟွန်ဒါအင်ဆိုဒ် (၂၀၁၁) | H | ၂၆၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၄။ | စူပါကပ်စတန် (၇၅) | 8G | ၁၃၀ သိန်း | 2.4 ဒီဇယ်၊ ရန်ကုန် |
| ၅။ | ပါဆို (၂၀၁၀) | F | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဝှစ်ရှ် (၂၀၀၃) (XS) | E | ၂၁၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | အေလီယန် (၂၀၁၁) | J | ၂၈၀ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ကလူဂျာ (၂၀၀၄) | G | ၃၇၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား(နှစ် ၂၀) | 3B | ၁၃၀ သိန်း | ကားကောင်း၊ အသင့်စီးနိုင် |

# ကရင်ပြည်နယ်တွင် ဒေသတွင်းကုန်သွယ်မှုဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ဒေသတွင်း ကုန်သွယ်မှုဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကရင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် အောက်တိုဘာလ ၃၀ ရက်က ကျင်းပခဲ့ရာ ဌာနဆိုင်ရာမှ အကြီးအကဲများ၊ ကုန်သည်အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်တာဝန်ခံများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များနှင့် ကုန်သွယ်မှုနှင့်ပတ်သက်သည့်အကြောင်းအရာများကိုလည်းကောင်း၊ ကရင်ပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးစောဟန်အေးက ပြည်နယ်အတွင်း ထုတ်ကုန်များအား ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရန်နှင့် ထုတ်ကုန်



များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ဘဏ်များမှလည်း ချေးငွေအတွက် ထောက်ပံ့ပေးနိုင်ရန်ကိစ္စကိုလည်းကောင်း၊ ဧရာဝတီဘဏ်လီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာ ဦးနေလင်းထွဋ်က ဘဏ်လုပ်ငန်းကိစ္စများကိုလည်းကောင်း၊ More Than Water Co.,Ltd မှ ဒါရိုက်တာ ဦးမျိုးကျော်က ရော်ဘာစက်မှုလုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများနှင့် စွန့်ပစ်ရေးကုသမှုနည်းပညာများ အကြောင်းကိုလည်းကောင်း၊ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးနိုင်ဝင်းတိုးက ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကရင်ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ ဝင်းဇင်မောင်က အသားကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်သင့်သည်များ၊ ပံ့ပိုးမည့်အခြေအနေများကိုလည်းကောင်း၊ ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်က စိုက်ပျိုးမှုနှင့်ပတ်သက်၍ စိုက်ပျိုးနည်းစနစ်များနှင့် ဒေသအလိုက် စိုက်ပျိုးသင့်သည့် သီးနှံများအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**အေးအေးစိုး (ဘားအံ)**

# ရာမညရွှေဖြူကုမ္ပဏီလီမိတက်၏ အရည်အသွေးမြင့် ရော်ဘာစက်ရုံသစ်ဖွင့်ပွဲကို ကျိုက်မရောမြို့နယ်တွင် ကျင်းပ



မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ မယ်တရိုကျေးရွာတွင် ရာမညရွှေဖြူ ကုမ္ပဏီလီမိတက်၏ အရည်အသွေးမြင့် ရော်ဘာစက်ရုံသစ်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၉ ရက်တွင် ကျင်းပခဲ့သည်။ မွန်ပြည်နယ်မှ ထွက်ရှိသော ရော်ဘာများ၏ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းနိမ့်ကျနေသည့်အတွက် အရည်အသွေးမြင့်ရော်ဘာများထုတ်လုပ်ခြင်းဖြင့် ဈေးနှုန်းပိုမိုရရှိလာနိုင်ခြင်း၊ ဒေသခံများအနေဖြင့် စုပေါင်းလုပ်ကိုင်သည့် အလေ့အထများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝင်ငွေများ ပိုမိုရရှိလာနိုင်ခြင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်နိုင်ခြင်းစသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကြည်စိုးက စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများအား ဆွေးနွေးပြောကြားခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာနမွန်ပြည်နယ် ဦးစီးမှူးဦးစိုးသန်းအေးက အိမ်နီးချင်းထိုင်းနိုင်ငံ၏ ရော်ဘာအရည်အသွေးနှင့် ရရှိသော ဈေးနှုန်း ဈေးကွက်အခြေအနေ၊ တရုတ်နိုင်ငံကို မှီခိုရသော မိမိနိုင်ငံ၏ ဈေးကွက်အခြေအနေ၊ ဒေသခံများအနေဖြင့် ပင်ပန်းမှုနှင့်ညီမျှသော တန်ဖိုးကို ရရှိစေလိုကြောင်း၊ အရည်အသွေးကောင်း ရော်ဘာများ ထုတ်လုပ်ကြစေလိုကြောင်း၊ Value Added ထုတ်ကုန်များအကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် More Than Water ကုမ္ပဏီမှ ဒါရိုက်တာဦးမျိုးကျော်က 'Environmental Pollution & Waste Water Treatment Technologies for Rubber Industries' ခေါင်းစဉ်ဖြင့်ဆွေးနွေးပြောကြားခဲ့ပြီး More Than Water ကုမ္ပဏီမှ အကြံပေး ဓာတုဗေဒ အင်ဂျင်နီယာ ဦးသန်းဌေးက ထပ်မံဖြည့်စွက်ဆွေးနွေးခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကြည်စိုးက အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်ရာတွင် ဆောင်ရွက်ရမည့် ပညာပေးစာစောင်များကို ကုမ္ပဏီမှ တာဝန်ရှိသူ ဦးသက်ဦးအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မိငြိမ်းမြတ်ကျော် (မော်လမြိုင်)**

## ဧရာဝတီတိုင်းဒေသကြီး ဆားစက်ပိုင်ရှင်များအသင်း ပြန်လည်ဖွဲ့စည်းနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဆားစက်ပိုင်ရှင်များအသင်း ပြန်လည်ရွေးချယ်တင်မြှောက်ရန် အကြိုညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာလ ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) ရုံး၌ ကျင်းပရာ ယခင်သက်တမ်းမှ ဥက္ကဋ္ဌဦးထွန်းထွန်းနှင့် အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ ပုသိမ်မြို့ပေါ်ရှိ ဆားစက်ပိုင်ရှင်များ တက်ရောက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးသည် ဆားထုတ်လုပ်မှုများပြားသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ဆားစက်အများစုမှာ ပုသိမ်၊ မြောင်းမြ၊ လပွတ္တာနှင့် ဖျာပုံမြို့နယ်တို့တွင်ရှိ၍ မြန်မာတစ်နိုင်ငံလုံးသို့ ဆားချောများနှစ်စဉ် ထုတ်လုပ်တင်ပို့ရောင်းချလျက်ရှိပါသည်။ ခေတ်နှင့်လျော်ညီစွာ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများတွင် လူငယ်များလိုက်ပါနိုင်ရေး၊ ခေတ်မီစက်ကိရိယာများ အစားထိုးတပ်ဆင်အသုံးပြုနိုင်ရန်၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်ရန်၊ နိုင်ငံတကာ ဈေးကွက်ဝေစုရရှိစေရန်သာမက ဆားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပုသိမ်မြို့ပေါ်နှင့် မြောင်းမြ၊ ဖျာပုံ၊ လပွတ္တာမြို့နယ်များမှ လုပ်ငန်းရှင်များအား ဖိတ်ကြား၍ တိုင်းဒေသကြီး ဆားစက်ပိုင်ရှင်များအသင်းကို ပြန်လည်ဖွဲ့စည်းရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌဦးထွန်းထွန်းက ပြောပါသည်။

**ထွန်းထွန်း(ပုသိမ်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

Vol: 17, No.43 Monday November 6 2017

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၆-၁၁-၂၀၁၇ မှ ၁၂-၁၁-၂၀၁၇ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းများရဲရဲဝံ့ဝံ့ဆောင်ရွက်ပြီး အောင်မြင်မှုရမည့်အချိန်ဖြစ်သည်။ ဥယျာဉ်ခြံမြေတို့နှင့် ပတ်သက်၍ကံကောင်းမည်။ အကျိုးအမြတ်ရရှိမည်။ ပရဟိတ လုပ်ငန်းများလုပ်ဆောင်ရတတ်သည်။ ပညာရေးကောင်းနေမည်။ ကျန်းမာရေး ရာသီဥတုအပြောင်းအလဲကြောင့်ဖြစ်သော ဝေဒနာခံစားရတတ်သည်။ အိမ်ထောင်ရေး၊ မိသားစုဘဝပျော်ရွှင်အေးချမ်းလိမ့်မည်။

**ယတြာ။ တံမြက်စည်းလှူပါ။**



**တနင်္လာသားသမီးများအတွက်** အလုပ်အကိုင်များအဆင်ပြေ တိုးတက်မှုရှိမည်။ အမြတ်အစွန်းခံစားရမည်။ ယာဉ်၊ စက်ပစ္စည်း များနှင့်ပတ်သက်၍ အကျိုးပေးမည်။ ဝန်ထမ်းများ ရာထူးတိုး တက်မှုရှိမည်။ ပျော်ပွဲရွှင်ပွဲများ ဆင်နွှဲရတတ်သည်။ ပညာရေး ကောင်းနေမည်။ ကျန်းမာရေးတွင် သွေး၊ လေနှင့်ပတ်သက်သော ဝေဒနာ ခံစားရမှုရှိတတ်ပါသည်။ အိမ်ထောင်ရေးတွင် မိသားစုများ သဘောကွဲလွဲမှုရှိ နေတတ်သည်။

**ယတြာ။ ။လေအေးစက်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** အလုပ်အကိုင်နှင့်ပတ်သက်၍ သတင်းကောင်းများ ကြားရတတ်သည်။ မမျှော်လင့်သော ငွေကြေးရရှိလိမ့်မည်။ စားသောက်ကုန်လုပ်ငန်းအဆင်ပြေ မည်။ လက်အောက်ငယ်သားများ၏ အကူအညီရတတ်သည်။ မိတ်ဆွေသစ် များတိုးပွားမည်။ ပညာရေးကြိုးစားအားထုတ်နေရတတ်သည်။ ကျန်းမာရေး၊ စိတ်ဖိစီးမှုများနေတတ်သည်။ အိမ်ထောင်ဖက်၏ လုပ်ငန်းများအောင်မြင်မှု ရရှိနေလိမ့်မည်။ ပတ်ဝန်းကျင်နှင့်ဆက်ဆံရေးကောင်းမွန်နေမည့်ကာလဖြစ် နေတတ်ပါသည်။ **ယတြာ။ ။ခရီးသွားသူအားခရီးစရိတ်ကူညီလိုက်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အစုစပ်လုပ်ငန်းများတွင် အစုဝင်အချင်းချင်းသဘောကွဲလွဲမှုရှိခြင်း၊ လုပ်ငန်းမပြီး မပြတ်ဖြစ်တတ်သည်။ လက်အောက်ငယ်သား၊ အလုပ်သမား များကြောင့် ဆုံးရှုံးမှုရှိတတ်သည်။ ပညာရေးတွင် ကြိုးစားမှုပေါ်မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ ကျန်းမာရေးဂရုစိုက်ပါ။ မမျှော်လင့်သော ဝေဒနာ ဝင်လာတတ်သည်။ သားချင်း၊ ညီအစ်ကိုမောင်နှမများ၏ အကူအညီ ရရှိတတ် သည်။

**ယတြာ။ ။ရေသန့်လှူပါ။**




**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းများတိုး တက်ကောင်းမွန်မည်။ မမျှော်လင့်သောငွေကြေးရရှိတတ် ပါသည်။ ပြည်ပနှင့်ဆက်သွယ်သောလုပ်ငန်းများမှ အကျိုး အမြတ်ကောင်းရမည်။ ဘာသာရေးလုပ်ငန်းများလုပ်ဆောင်ရန် ပျက်ကွက် တတ်သည်။ ပညာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မိသားစုဆက်ဆံရေးကောင်းမွန်နေမည်။ ကျန်းမာရေးအနေဖြင့် သွေးတိုး၊ ဆီးချိုဝေဒနာများ ခံစားရတတ်သည်ကို ဂရုစိုက်သင့်သောကာလဖြစ်ပါသည်။

**ယတြာ။ ။ကျန်းမာရေးမကောင်းသူအား စောင့်ရှောက်ကူညီပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းကိစ္စများပြီးပြတ် အောင်မြင်မည်။ လုပ်ငန်းများအဆင်ပြေတိုးတက်၍ ဝင်ငွေများရရှိမည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်း၊ ဟိုတယ် လုပ်ငန်းပိုမိုအကျိုးပေးမည်။ ပညာရေးတိုးတက်မှုရှိနေမည်။ အိမ်ထောင်ဖက် နှင့် ဆက်ဆံရေးအဆင်မပြေရှိမည်။ ပျော်ပွဲရွှင်ပွဲသွားလာမှုများနေမည်။ ကျန်းမာရေးအခြေအနေသင့်တင့်မှုရှိမည်။ အထူးသဖြင့် အဆီနှင့်ပတ်သက် သော ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ။ထီး၊ ယပ်၊ ဖိနပ်လှူပါ။**



**စနေသားသမီးများအတွက်** မပြီးပြတ်သေးသောလုပ်ငန်း များ ပြီးပြတ်အောင်မြင်မည်။ ငွေကြေးများရရှိမည်။ ဘဝ အဆင့်အတန်းမြင့်မားလာတတ်ပါသည်။ အကျိုးဆောင် လုပ်ငန်း၊ ပွဲရုံလုပ်ငန်း အကျိုးပေးကောင်းနေမည်။ ပညာရေးကောင်းနေမည်။ ကျန်းမာရေးတွင် စိတ်ဝေဒနာခံစားရမှုရှိလာတတ်သည်။ ဘာသာရေးကို အချိန်ယူလုပ်ဆောင်သင့်သည်။ အိမ်ထောင်ရေး အေးချမ်းသာယာနေမည် ဖြစ်ပါသည်။

**ယတြာ။ ။ ကျောင်း၊ ဇရပ်တို့တွင် သန့်ရှင်းရေးကူညီလုပ်ဆောင်ပါ။**

# တောင်ကြီးမြို့တွင် ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ အစည်းအဝေးကျင်းပ



ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ (၄/၂၀၁၇) အစည်းအဝေးကို အောက်တိုဘာလ ၃၀ ရက်ကကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြသန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူး ဦးမြသန်းက ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း စားသုံးရန်မသင့်သည့် တရားမဝင်လိုင်စင်မဲ့ဝင်ရောက်လာသည့် အစားအစာနှင့် သက်တမ်းလွန် စားသောက်ကုန်များ သိမ်းဆည်းဖျက်ဆီးစေခဲ့ခြင်းကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ဆက်စပ်ဥပဒေများ ရှင်းလင်းဆွေးနွေးခဲ့ခြင်းမှ ဆုံးဖြတ်ချက်များကိုလည်းကောင်း၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် အရည်အသွေးမှန်ကန်သည့် စားသုံးဆီများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး ညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များကိုလည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှုမရှိသော စားသောက်ကုန်များကို ဈေးကွက်အတွင်းမှ ဖယ်ရှားရှင်းလင်းရေးဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယခြောက်လပတ်စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အဝေးပြေးခရီးသည် ပို့ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းများ တိုးမြှင့်ဆောင်ရွက်သွားရေးကိစ္စကိုလည်းကောင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသည့် အစားအသောက်နှင့် လူသုံးကုန်ပစ္စည်း တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဇော်၊ ဆီလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးမျိုးနိုင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာစံထွန်းဝေ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှပြည်နယ်ဦးစီးမှူး ဦးသက်နိုင်ဦး၊ ပြည်နယ် ဥပဒေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှလက်ထောက် ညွှန်ကြားရေးမှူးဦးလွင်ဦး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ခံဒေါက်တာနေလင်း၊ စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်နှင့် အဝေးပြေးယာဉ်လိုင်းများကြီးကြပ်ရေး ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က အသီးသီးပြန်လည်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်မှ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စောမောင် (တောင်ကြီး)**

# ယခုတစ်ပတ် ရော်ဘာတန်ချိန် တစ်ထောင်ကျော်တင်ပို့

အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ် အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၆၅ သန်းတန်ဖိုးရှိ ရော်ဘာ ၁၁၃၃ တန်တင်ပို့ခဲ့ရာ မူဆယ်မှ RSS3 အမျိုးအစား ၁၃၇ တန်ခန့်၊ RSS5 အမျိုးအစား ၈၈၃ တန်၊ MSR 20 အမျိုးအစား ၁၀၂ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ RSS3 အမျိုးအစား ၁၁ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ ရော်ဘာအဆင့်မျိုးစုံ ၁၀၈၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ရော်ဘာ ၅၁ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS3 အမျိုးအစားတစ်တန်လျှင် ကျပ် ၂၀ ဒသမ ၁၆၃ သိန်းရှိပြီး ယခင်တစ်ပတ်ကထက် တစ်တန်ကို ၈၂၆၃ ကျပ်ဈေးကျကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၀၃ သန်းတန်ဖိုးရှိ ရော်ဘာ ၂၇၈ တန်ကို တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ RSS 3 အမျိုးအစား ၈၂ တန်နဲ့ ဂျပန်နိုင်ငံသို့ MSR 20 အမျိုးအစား ၁၉၆ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၂၆၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၁၆ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာဈေး အတက်အကျ အနည်းငယ်သာရှိကြောင်းနဲ့ ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။ ယခု တစ်ပတ်ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ စုစုပေါင်းရော်ဘာ ၁၄၁၁ တန်တင်ပို့ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# ပရဆေးကုန်ကြမ်း တန်ချိန်တစ်ထောင်ကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အောက်တို ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၅၃၉ သန်းတန်ဖိုးရှိပရဆေးကုန်ကြမ်းအမယ် (၁၀) မျိုး၊ တန်ချိန်အားဖြင့် ၃၄၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၅၅၉ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၁၆ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင်ပန်းစေ့၊ ဆီးဆန်၊ နန္ဒင်းတက်၊ တောချင်း၊ တောဂျုံးမြစ်၊ ဝဉ်ခြောက်၊ ဆေးမြင်းခွာနဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ/မပါ) တို့ဖြစ်ပါတယ်။ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အောက်တိုဘာတစ်လလုံး ပရဆေးကုန်ကြမ်းများကို တန်ချိန်တစ်ထောင်ကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၈ သန်း တန်ဖိုးရှိ တောင်လုံးကျော်တန်ဝက်နီးပါးကို မြန်မာနိုင်ငံသို့ တင်သွင်းလာခဲ့ပါတယ်။ **မော်မော်အောင်**

## တရုတ်နိုင်ငံသို့ ပြောင်းကြိတ်ဖတ်မှုန့် တင်ပို့

အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၈၀၃ တန်ဖိုးရှိ ပြောင်းကြိတ်ဖတ်မှုန့် ၁၁ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တရုတ်နိုင်ငံမှာ တိရစ္ဆာန်အစာအတွက် အသုံးပြုရတာဖြစ်လို့ ယခုလိုတင်ပို့နေခြင်း ဖြစ်ပါတယ်။ **မော်မော်အောင်**

# ဘာသာစကားသင်တန်းကျောင်းများ အကြောင်းပြ၍ နိုင်ငံခြား အလုပ်ကြော်ငြာစာမျက်နှာများ တင်နေသည့် သင်တန်းကျောင်းများအား ဝန်ကြီးဌာနက သတိပေး

ဘာသာစကား သင်တန်းကျောင်းများကို အကြောင်းပြ၍လူမှုကွန်ရက် စာမျက်နှာများတွင် နိုင်ငံခြားအလုပ်ကြော်ငြာစာများတင်သည့် သင်တန်းကျောင်းများအား အလုပ်သမားဝန်ကြီးဌာနမှ ခေါ်ယူသတိပေးခြင်းများ ပြုလုပ်နေကြောင်း သိရသည်။

ခေါ်ယူသတိပေးနေသည့် သင်တန်းကျောင်းများမှာ တရုတ်၊ ဂျပန်၊ ထိုင်ဝမ် စသည့် ဘာသာစကားသင်တန်းကျောင်းများဖြစ်ပြီး အဆိုပါနိုင်ငံများသို့ ပို့ဆောင်ပေးမည်ဟုဆိုကာ ငွေလိမ်လည်မှုများဖြစ်နေသည့်အတွက် ခေါ်ယူသတိပေးနေခြင်းဖြစ်ကြောင်း သိရသည်။

"အရင်တုန်းကလည်း အဲ့ဒီလိုလုပ တာမျိုးတွေရှိလို့ ခေါ်ပြီးသတိပေးခဲ့တာ ၄၊ ၅ ခုရှိဖူးတယ်။ အရေးယူတာတော့ မလုပ်ဖြစ်ဘူး။ သတိပေးတဲ့အဆင့်ပဲ လုပ်တယ်"ဟု အလုပ်သမား လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောသည်။

"တကယ်ဆို သင်တန်းကျောင်းဖွင့်ထား ရုံနဲ့ အလုပ်သမားပို့လို့မရပါဘူး။ အေဂျင်စီလိုင်စင်ရှိမှရမှာပါ။ အဲဒီလို မဟုတ်ရင်တရားမဝင်ပါဘူး"ဟု ၎င်းက ထပ်မံ ပြောကြားသည်။

ဘာသာစကား သင်တန်းကျောင်းများအနေဖြင့် သင်တန်းကျောင်းဖွင့်ခွင့်ရရှိထားသော်လည်း အလုပ်သမားပို့ဆောင်ခွင့်အတွက် အေဂျင်စီလိုင်စင်ရှိမှသာ ပို့ဆောင်ခွင့်ရှိမည်ဖြစ်ပြီး ရိုးရိုးသင်တန်းကျောင်းများအနေဖြင့် အလုပ်သမား ပို့ဆောင်ခွင့်မရှိကြောင်း သိရသည်။

အေဂျင်စီလိုင်စင် ယူထားသူများအနေဖြင့်လည်း ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အလုပ်အကိုင်အမျိုးအစားနှင့် တရားဝင်ခွင့်ပြုထားသော စင်ကာပူ၊ ဂျပန်၊ ထိုင်း၊ မလေးရှား၊ ယူအေအီး၊ ကာတာနှင့် ကိုရီးယားနိုင်ငံတို့ကိုသာ အလုပ်သမား ပို့ဆောင်ခွင့်ရှိကြောင်း သိရသည်။

# MCRB ၏ ၂၀၁၈ ပွင့်သစ်စ အစီရင်ခံစာတွင် အများပိုင် မြန်မာကုမ္ပဏီများ ပါဝင်မည်

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှု ရှိရေးအထောက်အကူပြုဌာန (MCRB) ၏ ၂၀၁၈ ခုနှစ် ပွင့်သစ်စအစီရင်ခံစာတွင် အများပိုင်မြန်မာကုမ္ပဏီများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အများပိုင်ကုမ္ပဏီများအပြင် ကုမ္ပဏီ ၂၀၀ ဝန်းကျင်ပါ ပါဝင်လာမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးအတိုင်ပင်ခံ လုပ်ငန်းတစ်ခုဖြစ်သော Yever နှင့် တွဲဖက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြုလုပ်မည့် အစီရင်ခံစာမှာ စီးပွားရေးလုပ်ငန်းများ၏ ဓလေ့၊ စီးပွားရေးလုပ်ငန်းများ၏ စီမံအုပ်ချုပ်မှု၊ လူမှုရေးတာဝန်ယူမှုစီမံခန့်ခွဲခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် အစီရင်ခံခြင်း စသည့် အကြောင်းအရာ ၅ ခုပါဝင်မည်ဖြစ်ပြီး အဆိုပါစံသတ်မှတ်ချက်များမှာ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် စင်ကာပူစသည့်နိုင်ငံများတွင် အသုံးပြုနေသော ASEAN Coporate Governance အမှတ်ပေး စည်းမျဉ်းများ၊ နိုင်ငံတကာစံချိန်များနှင့် ကိုက်ညီကြောင်း သိရသည်။

ခမေးခွန်း ၃၅ ခုမှာပါတဲ့ ဝက်ဘ်ဆိုဒ်အကဲဖြတ်စစ်ဆေးမှုတွေ သုံးနှစ်လုပ်ပြီးတဲ့အခါမှာ နည်းလမ်းတွေကို အားဖြည့်ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အမှတ်စာရင်းမှာ ၁၀ မှတ်အပြည့်နီးပါးရတဲ့ ကုမ္ပဏီတွေရဲ့အဆင့်ကို ပိုမြင့်စေချင်လို့ပါ။ စီးပွားရေးလုပ်ငန်းရဲ့ စီမံအုပ်ချုပ်မှုကို ထိပ်ဆုံးက ဦးစားပေး ဆောင်ရွက်ရမယ့် အများပိုင်ကုမ္ပဏီတွေပါဝင်နိုင်ဖို့ နယ်ပယ်ကျယ်ပြန့် ဆောင်ရွက်သွားမှာပါ"ဟု MCRB ၏ ဒါရိုက်တာ ဗစ်ကီဘိုမန်က ပြောသည်။

သုတေသနပြုရာတွင် အကဲဖြတ် သည့်ကုမ္ပဏီများထံ ပြောင်းလဲခြင်း၊ သုတေသနလုပ်ခြင်းတို့နှင့် ပတ်သက်၍ အကြောင်းကြားစာပို့ခြင်း၊ အကဲဖြတ်ပြီးသည့်အခါတွင်လည်း ကုမ္ပဏီသို့ ထပ်မံ ဆက်သွယ်၍ ရလဒ်များကိုပေးပို့ခြင်း၊ ကုမ္ပဏီများထံမှတ်ချက်တောင်းခံခြင်း၊ အချက်အလက် ဖြည့်စွက်ခြင်းတို့ကို ပါဝင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ရက်သတ္တပတ် (GEW) ၂၀၁၇ အတွက် မြန်မာနိုင်ငံတစ်ဝန်းတွင် ပွဲပေါင်း ၆၅ ပွဲ ကျင်းပမည်

စွန့်ဦးတီထွင် လုပ်ငန်းရှင်များ ရက်သတ္တပတ် (GEW) ၂၀၁၇ အတွက် မြန်မာနိုင်ငံတစ်ဝန်းတွင် ပွဲပေါင်း ၆၅ ပွဲကိုတစ်ပြိုင်နက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Global Entrepreneurship Week (GEW) ကို အခြားသော ၁၆၅ နိုင်ငံနှင့်အတူ မြန်မာနိုင်ငံကပါ ပူးပေါင်းပါဝင်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်ကျင်းပခြင်းမှာ ၆ ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

"GEW က ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုတစ်ခုပါပဲ။ GEW ကို တစ်နေရာတည်းမှာမဟုတ်ဘဲ တစ်နိုင်ငံလုံး တစ်ချိန်တည်းမှာကျင်းပမယ့် ပွဲကြီးတစ်ခုပါပဲ။ ဒီနှစ်ဆိုရင် ကမ္ဘာလုံးဆိုင်ရာအနေနဲ့ ၁၀ နှစ်ပြည့် ကျင်းပတာပါ။ လူငယ်တွေအနေနဲ့ အောင်မြင်တဲ့စီးပွားရေး လုပ်ငန်းရှင်ဖြစ်ဖို့အတွက် စွန့်ဦးတီထွင်လုပ်တော့မယ်ဆိုရင် ကိုယ့်အနေနဲ့ သိသင့်သိထိုက်တာအားလုံးသိအောင် ကြိုးစားပါ။ ကိုယ့်အတွက် သိသင့်တာတွေ သိနေအောင်၊ ရှိသင့်ရှိထိုက်တဲ့ အဆက်အသွယ်တွေရှိအောင်၊ ရသင့်တဲ့ ပညာတွေရထားရအောင် GEW က လုပ်မယ့် Event တွေထဲကမှ ကိုယ့်အတွက် အကျိုးရှိမယ့်ဟာကိုရှာပြီး တက်ရောက်ပါလို့ အကြံပေးချင်ပါတယ်"ဟု Global Entrepreneurship Network မှ Program Manager ကိုထွန်းခိုင်လင်းက ပြောသည်။

အဆိုပါပွဲကျင်းပရခြင်းမှာ စွန့်ဦးတီထွင်နှင့် ပတ်သက်သည့်သူများအားလုံး ပလက်ဖောင်းတစ်ခုတည်းပေါ်သက်ရောက်လာစေရန်၊ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံနိုင်စေရန်နှင့်ပွဲမှတစ်ဆင့်သင်ယူစရာ အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ကျင်းပမည့် ပွဲပေါင်း ၆၅ ပွဲကို နိုဝင်ဘာလ ၁၃ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကဏ္ဍပေါင်းစုံမှ လုပ်ငန်းများ၏ အခြေအနေအမျိုးမျိုးကို ကိုယ်တိုင်ပူးပေါင်းပါဝင်ခြင်းမှသည် သင်ယူခြင်းပုံစံကို စီမံထားသောပွဲများ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် GEW တွင် မြန်မာကုမ္ပဏီများအား နိုင်ငံတကာသို့မိတ်ဆက်ပေးသွားမည်ဖြစ်ပြီး ကမ္ဘာ့စျေးကွက်သို့ ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် မတ်လတွင်ကျင်းပခဲ့သောပွဲတွင်လည်း ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်သူများကွန်ရက်မြန်မာက ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် အကောင်းဆုံးဆုကို ရရှိခဲ့ကြောင်း သိရသည်။

# မြန်မာ့ပထမဆုံး Pre-Wedding ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

မြန်မာ့ပထမဆုံး အွန်လိုင်း Pre-Wedding ဓာတ်ပုံပြပွဲကို နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကျင်းပရခြင်းမှာ ဝါကျွတ်ကာလတွင် မင်္ဂလာပွဲပြုလုပ်မည့်သူများအတွက် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အွန်လိုင်းလက်ဖွဲ့ဝန်ဆောင်မှုကိုရယူဖို့ MingalarLet-Phwet.com ဝက်ဘ်ဆိုဒ်မှာ Register လုပ်ထားကြတဲ့ မင်္ဂလာမောင်နှံတွေအတွက် အခုလိုဓာတ်ပုံပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ပါတယ်။ Pre-Wedding ဓာတ်ပုံတွေ ရိုက်ထားတာရှိတယ်ဆိုရင်လည်း Register လုပ်ပြီး အလွယ်တကူပဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်"ဟု Mingalar Let Phwet မှ CEO Mr.Charles Patrick Rowan က ပြောသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများ အနေဖြင့် ဝက်ဘ်ဆိုဒ်တွင် Register ပြုလုပ်ထားရန်လိုအပ်ပြီး Facebook စာမျက်နှာ၏ Pre-wedding contest ပြိုင်ပွဲတွင် Upload ပြုလုပ်၍ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ထိုသို့ပြုလုပ်ရာတွင် ဓါတ်ပုံဆရာအမည် ရေးသားရန်လိုအပ်ပြီး ရွေးချယ်ရာတွင်လည်း အွန်လိုင်း Voting စနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆုကြေးအနေဖြင့် ပထမဆုကို ကျပ် ၁၅၀၀၀၀ တန် Gift Voucher၊ ဒုတိယဆုကို ကျပ် ၁၀၀၀၀ တန် Gift Voucher နှင့် တတိယဆုကို ကျပ် ၅၀၀၀၀ တန် Gift Voucher တို့ကို ပေးအပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများကို ဓာတ်ပုံရိုက်ပေးသည့် ဓာတ်ပုံဆရာများကို လည်း Moet & Chandon အမှတ်တံဆိပ် ရှန်ပိန်တစ်လုံးစီ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် MingalarLatPhwet.com ဝက်ဘ်ဆိုဒ်၏ ဝန်ဆောင်မှုရယူရန် စာရင်းပေးသွင်းသူမင်္ဂလာမောင်နှံပေါင်း ၁၀၀ နီးပါးရှိနေပြီး အသုံးပြုသူ အရေအတွက်မှာ ၅၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

# Huawei Myanmar က ပြည်တွင်းရှိ နည်းပညာတက္ကသိုလ် ၁၅ ခုနှင့် ကွန်ပျူတာတက္ကသိုလ် ၅ ခုတို့မှ ကျောင်းသား ၅၀ ကို ပညာသင်ဆုများ ပေးအပ်

ပြည်တွင်းရှိနည်းပညာတက္ကသိုလ် ၁၅ ခုနှင့် ကွန်ပျူတာတက္ကသိုလ် ၅ ခုတို့မှ ကျောင်းသား ၅၀ ကို Huawei Myanmar က ပညာသင်ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

"Huawei ကုမ္ပဏီက ပြည်တွင်းမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံတဲ့အခါမှာ မြန်မာနိုင်ငံအတွက်ရော ပြည်တွင်းက ပြည်သူတွေအတွက်ပါ အများကြီး အကျိုးရှိအောင် လုပ်ဆောင်ပေးပါတယ်။ နိုင်ငံအတွက် နည်းပညာကဏ္ဍဖွံ့ဖြိုး တိုးတက်အောင် လုပ်ဆောင်ပေးသလို ပြည်သူတွေအတွက်လည်း ပညာရေးနဲ့ ဆက်သွယ်ရေးအပိုင်းတွေမှာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးပါတယ်။ အခုပေးတဲ့ ပညာသင်ဆုကိုလည်း ကျောင်းသားတွေအနေနဲ့ အကျိုးရှိအောင် အသုံးပြုပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောသည်။

ပညာသင်ဆုချီးမြှင့်ရာတွင် ပြည်တွင်းရှိတက္ကသိုလ်ကျောင်း ၂၀ မှကျောင်းသားများအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာတစ်ထောင်အပြင် ပြည်ပနိုင်ငံများတွင် အိုင်စီတီနည်းပညာ သွားရောက်လေ့လာခွင့်ကိုပါ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Huawei Myanmar အနေဖြင့် လူတိုင်းဆက်သွယ်နိုင်ရန်၊ အချက်အလက်ဒေတာများ ရယူနိုင်ရန်နှင့် သတင်းအချက်အလက်များ မျှဝေနိုင်ရန်အတွက် ကွန်ရက်တည်ငြိမ်စွာ လုပ်ငန်း လည်ပတ်နိုင်စေရန် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ရန်ကုန်နှင့် နေပြည်တော်တွင်လည်း နည်းပညာအထောက်အကူပြုစင်တာနှစ်ခု ဖွင့်လှစ်ထားကြောင်း Huawei ၏ အင်ဂျင်နီယာများနှင့် နည်းပညာကျွမ်းကျင်သူ ၆၅ ဦးက အချိန်ပြည့်ဝန်ဆောင်မှု ပေးနေကြောင်း သိရသည်။

Huawei Myanmar ၏ CSR အစီရင်ခံစာ ထုတ်ပြန်သည့် အခမ်းအနားကို အောက်တိုဘာလ ၂၈ ရက်က Melia Hotel တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး အစိုးရဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူးနှင့် တရုတ်နိုင်ငံစီးပွားရေးလုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

■

ချောစု စုစည်းတင်ပြသည်။

# ရင်းနှီးမြှုပ်နှံမှုဥပဒေဟောင်း၏ အားနည်းချက်များကို ပြင်ဆင်နိုင်ရန် ၂၀၁၆ ခုနှစ် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ပြဋ္ဌာန်းခဲ့

ခေတ်အဆက်ဆက် ပြဋ္ဌာန်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုဥပဒေဟောင်းများ၏ အားနည်းချက်များကို ပြင်ဆင်နိုင်ရန် ၂၀၁၆ ခုနှစ် ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ပြောကြားသည်။

"ရင်းနှီးမြှုပ်နှံမှု ဥပဒေအဆက်ဆက်က ကျွန်တော်တို့နိုင်ငံအတွက် မှားယွင်းမှုတွေ အခွင့်အလမ်းဆုံးရှုံးမှုတွေရှိတယ်။ အဲဒါတွေအားလုံးကို ပြန်ပြင်ဖို့လိုတယ်။ ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမှာရှိတဲ့ အားနည်းချက်တွေကို ဒီဥပဒေမှာပြင်မှဖြစ်မယ်ဆိုပြီး ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်" ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ပြောသည်။



ယခင်ဥပဒေအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် လုပ်ပိုင်ခွင့် များပြားခြင်း၊ ရှုပ်ထွေးသောလုပ်ထုံးလုပ်နည်းများကြောင့် ရှေ့နောက်မညီညွတ်မှုများဖြစ်ပေါ်လာခြင်း၊ ရှုပ်ထွေးခက်ခဲသောစိစစ်သည့်နည်းလမ်းများကြောင့် စရိတ်များကုန်ကျခြင်း၊ မြေဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း များပြားခြင်းကြောင့် အခက်အခဲများဖြစ်ပေါ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကာအကွယ်ပေးနိုင်မှုနည်းပါးခြင်းစသည့် အခက်အခဲများရှိခဲ့ကြောင်း သိရသည်။

"အခုဥပဒေသစ်မှာ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်ကို လျှော့ချလိုက်တယ်။ ယခုအစိုးရမူဝါဒတွေအရလည်း တိုင်းနဲ့ပြည်နယ်တွေကို လုပ်ပိုင်ခွင့်တွေ ပိုပေးထားတယ်။ လုပ်ထုံးလုပ်နည်းနဲ့ စိစစ်ရေးလုပ်ငန်းတွေကို ရှင်းလင်းအောင်လုပ်ထားတယ်။ ရင်းနှီးမြှုပ်နှံသူတွေရဲ့ အခွင့်အရေးကို ပိုပြီးကာကွယ်ပေးထားတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သတ်တဲ့ အငြင်းပွားမှုကို ဖြေရှင်းပေးမယ့် စနစ်လည်းပါတယ်။ အခွန်ကင်းလွတ်သက်သာခွင့်များကို ဇုန်စနစ်နဲ့ ရင်းနှီးမြှုပ်နှံမြှင့်တင်မယ့် ကဏ္ဍများများမှာပဲ ခွင့်ပြုထားတယ်။ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးထားသလို ရင်းနှီးမြှုပ်နှံမှု စတင်လုပ်ကိုင်နိုင်ရန်လွယ်လာသလို နောက်ပိုင်းကြီးကြပ်မှုကို အဓိကထား ပြင်ဆင်လာနိုင်တယ်။ ဘဏ္ဍာငွေလွှဲပြောင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်တွေလည်း ပြည့်ပြည့်စုံစုံပါဝင်လာပါတယ်" ဟု ဦးသန်းအောင်ကျော်က ဆက်လက် ပြောကြားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့ပြီး အခန်း ၂၃ ခန်း၊ ပုဒ်မပေါင်း ၁၀၁ ခု ပါဝင်သည်။

# iflix မှာ အချစ်စစ် ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုနိုင်ပြီဟုဆို

အင်တာနက်မှတစ်ဆင့် ရုပ်ရှင်များကြည့်ရှုခြင်း ဝန်ဆောင်မှုပေးနေသော iflix သည် 'အချစ်စစ်' ရုပ်ရှင်ဇာတ်ကား မူပိုင်ခွင့်ရရှိခဲ့ပြီး iflix မှတစ်ဆင့် စတင် ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၁ရက်က Melia Hotel တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အရှေ့တောင်အာရှရှိ iflix အသုံးပြုသူများသည် အချစ်စစ်ရုပ်ရှင်ဇာတ်ကားကို ဒေါင်းလုတ်ပြုလုပ်၍ဖြစ်စေ၊ အင်တာနက်တိုက်ရိုက်ဖြစ်စေ iflix တွင် စတင်ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ရဲ့ လူကြိုက်များတဲ့ ရုပ်ရှင်နဲ့ဇာတ်လမ်းတွဲ စုစည်းမှုကြီးထဲကို 'အချစ်စစ်' ရုပ်ရှင်ကို ထည့်လိုက်နိုင်တဲ့အတွက် ဝမ်းသာမိပါတယ်။ မြန်မာနိုင်ငံ အနှံ့အပြားမှာ ဖျော်ဖြေမှုကို ခံစားတဲ့ ပုံစံ အသစ်နဲ့ ဖန်တီးပေးနိုင်ဖို့ ဆက်လက် လုပ်ဆောင်နေတာနဲ့အညီ အခုလို အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တွေကို ရုံမှာပြပြီးတာနဲ့ iflix မှာ ပြန်လည်ကြည့်ရှုနိုင်ဖို့ မြန်မာနိုင်ငံက ထိပ်တန်းစတူဒီယိုနဲ့ ပူးပေါင်းလုပ်ဆောင်ရတာကိုလည်း အရမ်းဂုဏ်ယူမိပါတယ်။ iflix ဟာ ဆိုရင် မြန်မာနိုင်ငံရုပ်ရှင်လောကအတွက် အမြဲပံ့ပိုးအားပေးနေသူလည်းဖြစ်တဲ့ အပြင် မြန်မာ့အနုပညာစွမ်းရည်ကို ဒေသတွင်းမှာ ပြန်လည်ပြသခွင့်ရတာကိုလည်း ပီတိဖြစ်မိပါတယ်" ဟု iflix အင်ဒိုချိုင်းနား၏အထွေထွေမန်နေဂျာ Adeana Greenlee က ပြောကြားသည်။

iflix သည် အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကတို့ရှိ နိုင်ငံပေါင်း ၂၃ နိုင်ငံမှ သုံးစွဲသူတစ်ဘီလီယံကိုဝန်ဆောင်မှုပေးနေပြီး ဟောလိဝုဒ်၊ အာရှနှင့် အရှေ့အလယ်ပိုင်း၊ ဒေသတွင်းနှင့် ပြည်တွင်း ရုပ်ရှင်ဇာတ်လမ်းတွဲများကို လစဉ်ကြေးပေးဆောင်၍ ဖုန်း၊ လက်ပ်တော့၊ တက်ဘ်လက်နှင့် တီဗီတို့မှတစ်ဆင့် အချိန်မရွေး၊ နေရာမရွေး ကြည့်ရှုနိုင်ကြောင်း သိရသည်။

# အမျိုးသမီးစွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ ဟောပြောပွဲ (Her Story)များကို နှစ်လတစ်ကြိမ် ပြုလုပ်မည်

Impact Hub Yangon ၏ အမျိုးသမီးစွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ ဟောပြောပွဲ (Her Story)များကို နှစ်လလျှင်တစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း Impact Hub Yangon မှ သတင်းရရှိသည်။

အဆိုပါဟောပြောပွဲများကို အလုပ်ခွင်နှင့် လူမှုရေးဆိုင်ရာ ကိစ္စအဝဝတွင် တန်းတူညီမျှရေးဖော်ဆောင်ရာ၌ အမျိုးသား၊ အမျိုးသမီးထုအားလုံးက ထောက်ခံအားပေးနိုင်စေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ တန်းတူစွမ်းဆောင်နိုင်သော်လည်း သူတို့တွေရဲ့ ဘဝဇာတ်လမ်းတွေကို သမားရိုးကျမိန်းမသားဆိုတဲ့ ပုံစံခွက်ထဲဝင်အောင် ပြောဆိုလေ့ရှိကြတဲ့အတွက် ဒီပုံပြင်ဇာတ်လမ်းတွေကို မေ့လျော့သွားခဲ့တာများပါတယ်။ သူတို့တွေဟာ အခြားသူတွေ တောက်ပအောင်မြင်ဖို့အတွက် အနောက်ဖက်ကျတဲ့ တစ်နေရာမှာ ရောက်ရှိနေတတ်ပါတယ်။ တစ်ချိန်တည်းမှာပဲ သူတို့တွေဟာ မျိုးဆက်သစ်တွေအတွက် ဒီပုံပြင်၊ ဇာတ်လမ်းတွေကိုလက်ဆင့်ကမ်း ပြောဆိုသူတွေလည်း ဖြစ်နေပါတယ်။ ဒီပုံပြင်တွေကြောင့် အမျိုးသမီးတွေရဲ့ အကြောင်းကို ဂုဏ်ယူနားလည်လာတာဖြစ်ပါတယ်။ ဒီလိုအခမ်းအနားတွေကို နှစ်လတစ်ကြိမ် ကျင်းပပြုလုပ်ပေးသွားဖို့ ရှိပါတယ်"ဟု Impact Hub ၏ Women Empowerment Coordinator ဖြစ်သူ Ola Sawicka က ပြောကြားသည်။

Impact Hub Yangon ၏ ပထမအကြိမ် အမျိုးသမီးစွမ်းရည် မြှင့်တင်ခြင်းဆိုင်ရာဟောပြောပွဲ(Her Story)ကို အောက်တိုဘာ ၁၉ ရက်က ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်ရှိ Impact Hub Yangonရုံး၌ ကျင်းပပြုလုပ် ပေးခဲ့သည်။

Impact Hub သည် ကမ္ဘာတစ်ဝန်းရှိ လူမှုထူထောင်ရေးစင်တာများ၊ စီးပွားရေးလုပ်ငန်း မတည်ကူညီမှုစင်တာများနှင့် ဆန်းသစ်တီထွင်ရာနေရာများကို ချိတ်ဆက်ထားသည့် ကွန်ရက်တစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကာ နိုင်ငံပေါင်း ၅၀ ခန့်တွင် Impact Hub ပေါင်း ၈၀ ခန့် ရှိနေပြီဖြစ်ကြောင်း သိရသည်။

# စတော့အိတ်ချိန်းမှထွက်ခွာရန် စဉ်းစားသွားမည်ဖြစ်သော်လည်း ယခုချက်ချင်းမထွက်သေးဟု FPB ဘဏ်မှ ဆို

စတော့အိတ်ချိန်း စာရင်းဝင်စံနှုန်းများကို ပြင်ဆင်ပေးနိုင်ခြင်း မရှိပါက စတော့အိတ်ချိန်းမှ ထွက်ခွာရန် စဉ်းစားသွားမည်ဖြစ်သော်လည်း ယခုချက်ချင်း ထွက်ခွာမည်ဆိုသည်မှာ မဟုတ်မှန်ကြောင်း ပထမပုဂ္ဂလိကဘဏ် ဥက္ကဋ္ဌ ဒေါက်တာ စိန်မောင်က ပြောကြားသည်။

အောက်တိုဘာ ၂၉ ရက်က ရန်ကုန်မြို့၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်းခန်းမတွင် ပြုလုပ်သော ပထမပုဂ္ဂလိကဘဏ်၏ ရန်ကုန်စတော့အိတ်ချိန်းအတွေ့အကြုံ ဟောပြောပွဲ၌ ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

" ရန်ကုန်စတော့အိတ်ချိန်းရဲ့ စာရင်းဝင်စံနှုန်းတွေ ပြင်ပေးဖို့ အမျိုးမျိုး ဆွေးနွေးနေတယ်။ အခုချမှတ်ထားတဲ့ စည်းမျဉ်းတွေက သိပ်တင်းကျပ်တယ်။ တစ်ချိန်မှာ ထွက်သင့်ထွက်ထိုက်ရင် စဉ်းစားမယ်။ ထွက်မယ်လို့တော့ ပုံသေကားကျမဟုတ်ပါဘူး။ ပြင်သင့်ပြင်ထိုက်တာတွေ ပြင်ရင်ပြင်၊ မပြင်ရင် ဆက်ပြီးတော့ စာရင်းဝင်နေရင်က ရှိသင့်တဲ့ အမြတ်မရဘူး။ ဘဏ်လည်း သိက္ခာကျတယ်။ ဒီအခြေအနေတွေလည်း တင်ပြထားပါတယ်။ မနက်ဖြန်သန်ဘက်ခါ ထွက်မယ်ဆိုတာ မဟုတ်ပါဘူး"ဟု ဒေါက်တာစိန်မောင်က ပြောကြားသည်။



ပထမပုဂ္ဂလိကဘဏ်အနေဖြင့် ရှယ်ယာရှင်များ၏ဆန္ဒနှင့်အညီ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးရေးအတွက် တစ်ထောင့်တစ်နေရာမှ ကူညီပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ရန်ကုန်စတော့အိတ်ချိန်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပထမပုဂ္ဂလိကဘဏ်အနေဖြင့် ကျပ် သန်းပေါင်း ၂၄၇၂၀ ကျော်ဖြင့် တန်ဖိုးတည်ရှိနေပြီး အစုရှယ်ယာပေါင်း ၂၄ သိန်းကျော် ထုတ်ဝေထားကာ အစုရှယ်ယာရှင်ပေါင်း ရှစ်ထောင်ကျော်ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း ပထမပုဂ္ဂလိကဘဏ်၏ ယခုနှစ်မတ်လအတွင်းထုတ်ပြန်ထားသည့် ကိန်းဂဏန်းများအရ သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၆ ခုနှစ်အတွင်း စတင်ဖွင့်လှစ်ခဲ့ပြီး စာရင်းဝင်ကုမ္ပဏီများမှာ FMI၊ MTSH၊ မြန်မာနိုင်ငံသားများဘဏ်၊ ပထမပုဂ္ဂလိက ဘဏ်တို့ဖြစ်ပြီး အောက်တိုဘာ နောက်ဆုံးပတ်စာရင်းများအရ အစုရှယ်ယာဈေးနှုန်းများမှာ ကျဆင်းလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်အောင် စုစည်းတင်ပြသည်။**



## မြို့ကြီးများ၏ ၆-၁၁-၂၀၁၇ မှ ၁၀-၁၁-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၆-၁၁-၂၀၁၇) | အင်္ဂါ(၇-၁၁-၂၀၁၇) | ဗုဒ္ဓဟူး(၈-၁၁-၂၀၁၇) | ကြာသပတေး(၉-၁၁-၂၀၁၇) | သောကြာ(၁၀-၁၁-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၈˚F |
| ရန်ကုန်မြို့ | နေသာ ၂၉˚C/၈၅˚F | နေသာ ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F |
| မန္တလေးမြို့ | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၂၉˚C/၈၄˚F | တိမ်အသင့်အတင့် ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၄˚F | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F | ၅၀% ၂၉˚C/၈၅˚F |
| လားရှိုး | တိမ်အသင့်အတင့် ၂၇˚C/၈၀˚F | တိမ်အသင့်အတင့် ၂၇˚C/၈၀˚F | တိမ်အသင့်အတင့် ၂၆˚C/၇၉˚F | တိမ်အသင့်အတင့် ၂၆˚C/၇၈˚F | တိမ်အသင့်အတင့် ၂၅˚C/၇၇˚F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၂၄˚C/၇၆˚F | နေသာ ၂၄˚C/၇၅˚F | နေသာ ၂၅˚C/၇၇˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၆˚C/၇၉˚F |
| လွိုင်ကော် | နေသာ ၂၄˚C/၇၅˚F | နေသာ ၂၄˚C/၇၆˚F | နေသာ ၂၄˚C/၇၆˚F | နေသာ ၂၅˚C/၇၇˚F | နေသာ ၂၅˚C/၇၇˚F |
| တောင်ကြီး | တိမ်အသင့်အတင့် ၁၄˚C/၅၉˚F | တိမ်အသင့်အတင့် ၁၂˚C/၅၅˚F | တိမ်အသင့်အတင့် ၁၁˚C/၅၄˚F | တိမ်အသင့်အတင့် ၁၂˚C/၅၆˚F | တိမ်အသင့်အတင့် ၁၂˚C/၅၆˚F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၂၉˚C/၈၄˚F | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F |
| ဘားအံ | တိမ်အသင့်အတင့် ၃၁˚C/၈၅˚F | တိမ်အသင့်အတင့် ၃၁˚C/၈၆˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀F | တိမ်အသင့်အတင့် ၃၂˚C/၉၁˚F |
| တောင်ငူ | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F |
| မုံရွာ | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F |
| မြိတ် | တိမ်အသင့်အတင့် ၂၉˚C/၈၄˚F | ၃၀% ၂၉˚C/၈၅˚F | ၅၀% ၃၁˚C/၈၇˚F | ၆၀% ၃၂˚C/၉၀˚F | ၄၀% ၃၃˚C/၉၁˚F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | တိမ်ထူထပ် ၃၁˚C/၈၇˚F | တိမ်ထူထပ် ၃၁˚C/၈၈˚F | ၃၀% ၃၀˚C/၈၆˚F | ၆၀% ၃၀˚C/၈၆˚F |
| မကွေး | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | နေသာ ၃၀˚C/၈၆˚F | ၅၀% ၃၀˚C/၈၆˚F |
| ဖလမ်း | တိမ်အသင့်အတင့် ၁၇˚C/၇၁˚F | တိမ်အသင့်အတင့် ၂၂˚C/၇၁˚F | နေသာ ၂၂˚C/၇၂˚F | တိမ်အသင့်အတင့် ၂၁˚C/၇၀˚F | နေသာ ၂၁˚C/၆၉˚F |

## ဂျာမနီနိုင်ငံတွင် ဟားဝပ်တ်မုန်တိုင်း ဝင်ရောက်တိုက်ခတ် ယူရို သန်း၂၅၀ခန့် ဆုံးရှုံး

ဂျာမနီနိုင်ငံတွင် အောက်တိုဘာလ ၂၉ ရက်က ဟားဝပ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် လူ ၆ ဦး သေဆုံးပြီး ယူရိုသန်း ၂၅၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ARTEMIS သတင်းတွင် ဖော်ပြထားသည်။


အဆိုပါမုန်တိုင်းကြောင့် ဟမ်းဘတ်မြို့သည် ထိခိုက်မှုအများဆုံးဖြစ်ပေါ်ခဲ့သည့် မြို့ဖြစ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းတို့ကြောင့် သစ်ပင်များလဲပြိုခြင်း၊ နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ခြင်းတို့ဖြစ်ပေါ်ခဲ့ရသည်။

“ကျွန်တော်တို့ရဲ့တွက်ချက်မှုများအရ ပျက်စီးဆုံးရှုံးမှုတန်ဖိုးဟာ ယူရိုသန်း ၂၅၀ လောက်ရှိနိုင်ပါတယ်။ ဒါပေမယ့်လည်း အာမခံထားရှိတဲ့ တန်ဖိုးတွေဖြစ်တာကြောင့် အာမခံလုပ်ငန်းတွေကနေ ပေးလျော်ရမှာပါ”ဟု နေအိမ် ပျက်စီးဆုံးရှုံးခဲ့သူတစ်ဦးက ပြောကြားခဲ့သည်။ ဟားဝပ်တ်မုန်တိုင်းသည် ယခုနှစ်အတွင်း ဂျာမနီနိုင်ငံသို့ သုံးကြိမ်မြောက်အဖြစ် ဝင်ရောက်တိုက်ခတ်ခြင်းဖြစ်သည်။

ယင်းသို့ မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ခြင်းကြောင့် အာမခံလုပ်ငန်းများအနေဖြင့် ယူရိုသန်း ၁၀၀ကျော် ပေးလျော်ခဲ့ရသဖြင့် နစ်နာဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရလျက်ရှိသည်။

အဆိုပါမုန်တိုင်းသည် ဂျာမနီနိုင်ငံ မြောက်ပိုင်းနှင့်အရှေ့ပိုင်းတို့တွင် ဝင်ရောက်တိုက်ခတ်ပြီးနောက် နော်ဝေနှင့်ဥရောပတိုက်အရှေ့တောင်ပိုင်းတို့ကိုပါ ထိခိုက်စေခဲ့သည်။

အင်အားပြင်းမုန်တိုင်း သုံးကြိမ်တိုက်ခတ်ခဲ့သည့်အနက် ယခုနှစ်အတွင်း တိုက်ခတ်ခဲ့သည့် ဟားဝပ်တ်မုန်တိုင်းသည် အင်အားအပြင်းထန်



ဆုံးဖြစ်ပြီး စံချိန်တင်လောက်သည့် လေတိုက်နှုန်းဖြစ်ခဲ့ကြောင်း ဂျာမနီနိုင်ငံမိုးလေဝသဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

## မိုးရေချိန် မီလီမီတာ ၄၀၀ အထိ ရွာသွန်းနိုင်သဖြင့် အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုနှင့် ရင်ဆိုင်ရမည်

အနောက်တောင်မုတ်သုန်လေသည် အိန္ဒိယနိုင်ငံမှ ဆုတ်ခွာတော့မည်ဖြစ်ရာ မုတ်သုန်လေထွက်ခွာချိန်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်နိုင်ကြောင်း၊ အဆိုပါ ရေလွှမ်းမိုးမှုသည် ချနိုင်းမှ ကရာကတ်မြို့အထိ ဖြစ်ပေါ်နိုင်ကြောင်း DNA သတင်းတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် အောက်တိုဘာလ ၃၀ရက်ကတည်းက ချနိုင်းတွင် မိုးရွာသွန်းလျက်ရှိရာ ယနေ့အချိန်အထိ မိုးရွာသွန်းနေဆဲပင်ဖြစ်ကြောင်း၊ မိုးရွာသွန်းမှုကြောင့် အချို့သောလမ်းများတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သဖြင့် ကျောင်းများကို ပိတ်ထားခဲ့ရကြောင်း၊ ချနိုင်းတွင် ရွာသွန်းလျက်ရှိသည့်မိုးရေချိန်မှာ မီလီမီတာ ၂၅၀အထိရှိနေပြီဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင်ကရာကတ်မြို့တွင်လည်း အောက်တိုဘာလ ၃၀ ရက် နံနက်အစောပိုင်းကတည်းကပင် မိုးများရွာသွန်းလျက်ရှိနေပြီး မိုးရေချိန် ၂၄၀ မီလီမီတာရွာသွန်းခဲ့ပြီးဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံမိုးလေဝသဌာနက ထုတ်ပြန်ဖော်ပြခဲ့သည်။

မိုးရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများအပြင် ၎င်းနှင့်ဆက်စပ်လျက်ရှိသည့် အခြားသောဖြစ်စဉ်များကြောင့် လူခြောက်ဦး သေဆုံးခဲ့ရကြောင်း အစိုးရ၏သတင်းထုတ်ပြန်ချက်ကို ဖိုင်နင်ရှယ် အိတ်စ်ပရက်သတင်းတွင် ဖော်ပြထားသည်။

အနောက်တောင်မုတ်သုန်လေသည် အင်ဒရာပရာဒေ့ရှ်၊ တမီလ်နာဒူးနှင့် ပူဒူချယ်ရီရှိ ပြည်နယ်များအတွက် အရေးပါလျက်ရှိနေပြီး နှစ်စဉ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ မိုးရွာသွန်းလေ့ရှိသည်။

မုတ်သုန်လေအားနည်းသည့်အခါများတွင် မိုးရေချိန်လျော့နည်းရရှိသဖြင့် ကောက်ပဲသီးနှံများ စိုက်ပျိုးရေးအတွက် များစွာဒုက္ခရောက်ရသဖြင့် မုတ်သုန်လေအားကောင်းသည့်အချိန်ကို အဆိုပါဒေသရှိပြည်သူများ မျှော်လင့်နေကြသည်ဟု ဆိုသည်။

အနောက်တောင်မုတ်သုန်လေ ဆုတ်ခွာမှုကြောင့်ဖြစ်ပေါ်လာမည့် အားကောင်းသောလေဖိအားနည်းရပ်ဝန်းကြောင့် အင်ဒရာပရာဒေ့ရှ်ပြည်နယ် အရှေ့တောင်ပိုင်းနှင့်တမီလ်နာဒူးလ်ပြည်နယ် အရှေ့ပိုင်းနှင့်တောင်ပိုင်းဒေသတို့တွင် မိုးသည်းထန်စွာရွာသွန်းမည်ဟု အိန္ဒိယနိုင်ငံမိုးလေဝသဌာနက ခန့်မှန်းထားသည်။

မိုးရေချိန် မီလီမီတာ ၄၀၀ (၁၆လက်မ)အထိ ရွာသွန်းနိုင်သဖြင့် အဆိုးရွားဆုံးသောရေလွှမ်းမိုးမှုများနှင့် ရင်ဆိုင်ရနိုင်ကြောင်း AccuWeather သတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

---

၂၀၁၇ခုနှစ် ဇန်နဝါရီလအတွင်းက အီဂွန်မုန်တိုင်း၊ ဖေဖော်ဝါရီလအတွင်းက သောမတ်စ်မုန်တိုင်း၊ အောက်တိုဘာလအစောပိုင်းကဇေဗီးယားမုန်တိုင်းတို့ တိုက်ခတ်ခဲ့ပြီးနောက် အောက်တိုဘာလကုန်ပိုင်းတွင် ဟားဝပ်တ်မုန်တိုင်းတိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

ဟားဝပ်တ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ဟမ်းဘတ်မြို့၏အချို့သော နေရာများတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည်။ အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၁၇၆ ကီလိုမီတာနှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

**မယ်သီတာ**

# ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏(၉/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၉/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရန်ကုန်အနောက်ပိုင်း ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာလ ၂၆ ရက်တွင်ကျင်းပရာ အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ စားသုံးသူ ရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းဝေက လက်ရှိဖြစ်ပေါ်နေသော တာရှည်ခံဆေးများကိစ္စ၊ အေးခဲအသား/ငါး စားသုံးရန်မသင့်တော်ခြင်းကို အသိပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိပြီး မြို့နယ်တွေမှာ စားသုံးရန်မသင့်တဲ့ အစားအသောက်ကိစ္စတွေမှာ စားသုံးသူအဖွဲ့နှင့် ပေါင်းစပ်လုပ်ကိုင်ရမှာဖြစ်ကြောင်း ပြောကြားပါသည်။

ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျင်ဌေးက ဈေးကွက်အတွင်းရှိစားသောက်ကုန်၊ လူသုံးကုန်များနှင့်ပတ်သက်၍ နစ်နာမှုရှိပါက တိုင်ကြားနိုင်ပြီး အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ပေးကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်အရ အသိပညာပေးဟောပြောခြင်းများကို ရှင်းလင်းခြင်း၊ FDA မှ ခွင့်မပြုဆိုးဆေးပါသော အလှကုန်ပစ္စည်းများနှင့်ပတ်သက်၍လည်းကောင်း၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကိုလည်းကောင်း၊ EVD/TV တံဆိပ်တပ်ရောင်းချခြင်းကိစ္စအတွက် ရောင်းချသည့်ပစ္စည်း လက်ကားရောင်းဝယ်မှုစသည်တို့ကိုလည်းကောင်း၊ မော်ဒန်စားဖွယ်စုံဆိုင်တွင် အစိမ်းကြော်၌ ယင်ကောင်ပါဝင်မှုအား YCDC ကျန်းမာရေးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဝေက စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် လမ်းညွှန်မှုအပေါ် လိုက်နာဆောင်ရွက်



သွားရန်နှင့် မြို့နယ်များတွင်လည်း အသိပေးဆက်လက်ဆောင်ရွက်သွား မှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**သန်းအေး (စားသုံးသူ)**

## ကြံခင်းမြို့နှင့် မြန်အောင်မြို့တို့တွင် ကျောင်း/ရပ်ကွက် စားသုံးသူရေးရာအဖွဲ့များအား စားသုံးသူရေးရာသင်တန်းပို့ချ

ကြံခင်းမြို့တွင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျောင်းစားသုံးသူရေးရာအဖွဲ့ဝင်များအားလည်းကောင်း၊ မြန်အောင်မြို့ ပြည်သူ့စာကြည့်တိုက်တွင် ရပ်ကွက် စားသုံးသူရေးရာအဖွဲ့များအားလည်းကောင်း အောက်တိုဘာလ ၂၈ ရက်က စားသုံးသူရေးရာဦးစီးဌာန၊ ဟင်္သာတခရိုင်ဦးစီးမှူး ဦးကြည်ဟန်နှင့်အဖွဲ့က စားသုံးသူရေးရာသင်တန်းပို့ချခဲ့ပါသည်။ သင်တန်းတွင် ခရိုင်ဦးစီးမှူး ဦးကြည်ဟန်နှင့်အဖွဲ့က စားသုံးသူရေးရာ ဦးစီးဌာနနှင့် အသင်းအဖွဲ့များ ဖွဲ့စည်းရခြင်းအကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးကို လုပ်ဆောင်ရခြင်းအကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းများနှင့် စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး စားသုံးသူတို့၏အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်နှင့်တားမြစ်ချက်များကို ရှင်းလင်းပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းသို့ ကြံခင်းမြို့တွင် ၈၀ ဦး၊ မြန်အောင်မြို့တွင် ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရပါသည်။

**မောင်မောင်မြတ်ခိုင်**

## ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနတွင် အကြိမ် (၂၀)မြောက် တိုင်းစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အကြိမ်(၂၀) မြောက် အစည်းအဝေးကို အောက်တိုဘာ ၂၅ ရက်တွင် ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ(၂) ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌဦးကြည်အောင်၊ အတွင်းရေးမှူးစားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင် သက်ဆိုင်ရာတိုင်းအဆင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စားသုံးသူကိုယ်စားလှယ်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ARCCI အသင်းနှင့် ဖိတ်ကြားထားသော အဖွဲ့ဝင်များ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးကြည်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင် က (၁၉) ကြိမ်မြောက် တိုင်းစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုင်းအတွင်း စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းထားရှိမှု အခြေအနေ၊ ဧရာဝတီတိုင်းဒေသကြီး၌ လုံခြုံစိတ်ချရမှုမရှိသော ကုန်ပစ္စည်းများ ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း၊ တားမြစ်ခြင်း၊ ဆောင်ရွက်နေမှုများအား စားသုံးသူရေးရာ ဗဟိုကော်မတီသို့ တင်ပြရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ထားသည့် စားသုံးရန်/အသုံးပြုရန် မသင့်သော အစားအသောက်၊ ဆေးဝါး၊ အလှကုန်များနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများနှင့် စိုက်ပျိုးရေးဦးစီးဌာနတွင် မှတ်ပုံတင်မထားသော ပိုးသတ်ဆေးများအား ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အား အတည်ပြုညွှန်ကြားချက်များ ဖြန့်ဝေပေးရန်နှင့် အကြိမ်(၂၀) မြောက် အစည်းအဝေးတွင် အဖွဲ့ဝင်အသီးသီးမှ တင်ပြဆုံးဖြတ်ရန်ရှိသည်များကို အတည်ပြုပေးရန် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး(ပုသိမ်)**

## မြင်းခြံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၁၇ ကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၁ရက်က မြင်းခြံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

ရှေးဦးစွာမြင်းခြံခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ အတွင်းရေးမှူးက ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိ၏ထုတ်ကုန်ပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အရည်အသွေးပြည့်မီပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်၍ ထုတ်ကုန်လုံခြုံစိတ်ချရသော ကုန်ပစ္စည်းများ ဖြစ်ရေးတို့ကို ဆွေးနွေးတင်ပြခဲ့ပါသည်။ ထို့အပြင်စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပုဒ်မ (၉)(၁၀)(၁၁)(၁၂)(၁၃)(၁၄)ပါ တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေကြောင်းအရတရားစွဲဆိုနိုင်ကြောင်း၊ ပုဒ်မ၇၊ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသော စီးပွားရေးလုပ်ငန်းရှင်၏တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း (သို့မဟုတ်) ပုဒ်မ(၈)တွင် ဖော်ပြထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ စီမံခန့်ခွဲမှုနည်းလမ်းဖြင့် အရေးယူနိုင်ကြောင်း ရှင်းလင်းတင်ပြပြီးတက်ရောက်လာကြသောဌာနဆိုင်ရာ အကြီးအကဲများ၊ ကော်မတီအဖွဲ့ဝင်များ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မျိုးသီတာ (မြင်းခြံ)**

## လှိုင်ကော်ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၈/၂၀၁၇)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကယားပြည်နယ် လွိုင်ကော်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၈/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဦးစန်းဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် စားသုံးသူပြည်သူများအတွက် ဘေးန္တရာယ်ကင်းသော စားသောက်ကုန်များ ရောင်းချနိုင်သော ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများကပါ ပူးပေါင်း ဆောင်ရွက်ကြမှသာ စားသုံးသူအကာအကွယ်ပေးတဲ့ လုပ်ငန်း အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း၊ ရှေ့ဆက် ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များအပေါ် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်မြို့ရီက ယခင်လ (၇/၂၀၁၇) လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့ဖြင့် ဈေးကွက်ကွင်းဆင်း စစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့သော အန္တရာယ်ရှိစားသောက်ကုန်များကို အမှာစာဖြင့်တင်ပြခြင်း၊ ရှေ့ဆက်လက် ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းရှင်များကိုအသိပညာပေး ဆောင်ရွက်မည့်အစီအမံများနှင့် ကွင်းဆင်းစစ်ဆေးမည့်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ပါတယ်။ ထို့နောက် အဖွဲ့ဝင်များကလည်း အသီးသီးဆွေးနွေးခဲ့ကြပြီး၊ အမှာစာဖြင့်တင်ပြသော စားသုံးသူကိုအန္တရာယ်ဖြစ်စေတဲ့သက်တမ်းလွန်၊ တားမြစ်ပစ္စည်းများကို အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဖြင့် ဖျက်ဆီးရန်ဆုံးဖြတ်ခဲ့ကြပြီး နာမ့်ဘော်ဝမ်(က)ရပ်ကွက်ရှိ အမှိုက်ပုံ၌ သက်တမ်းလွန်၊ တားမြစ်စားသောက်ကုန် (၃၀) မျိုးကို အဖွဲ့ဖြင့် ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

**ကျော်ဇင်ထွေး**
**(စားသုံးသူ၊ ကယား)**

# ကော့သောင်းမြို့ပေါ်ရှိ ကျောင်းပရဝုဏ်ပြင်ပတွင်ရောင်းချနေသော ဈေးဆိုင်များအား စားသုံးရန်မသင့်၊ အန္တရာယ်ရှိစားသောက်ကုန်များ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး



ကော့သောင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့များ ပူးပေါင်း၍ အောက်တိုဘာ ၁၆ ရက်မှစ၍ ကော့သောင်းမြို့ပေါ်ရှိ ကျောင်းပရဝုဏ်ပြင်ပတွင် ရောင်းချနေသောဆိုင်များတွင် စားသုံးရန်မသင့် အန္တရာယ်ရှိ စားသောက်ကုန်များ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ရာ မှိုတက်သက်တမ်းလွန် စားသောက်ကုန်များ စစ်ဆေးတွေ့ရှိရသဖြင့် ထုတ်ကုန် လုံခြုံစိတ်ချရမှုမရှိသော စားသောက်ကုန်ပစ္စည်းများကို သိမ်းဆည်းခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်အညီ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော စားသောက်ကုန်ပစ္စည်းများကိုရောင်းချခြင်းမပြုရန် ဝန်ခံကတိရေးထိုးစေခြင်း ပြုလုပ်ခဲ့ပါသည်။

ထို့နောက် ဈေးဆိုင်ပိုင်ရှင်များအား ဘေးဥပဒ်အန္တရာယ်မရှိသော အစားအသောက်များကိုသာ ရောင်းချရန် ဓာတုဆိုးဆေးများသည်အစားအသောက်များတွင် သုံးစွဲရန်ခွင့်ပြုထားသည့် ဆိုးဆေးများရှိသလို၊ မသုံးစွဲရန် တားမြစ်ထားသော ဆိုးဆေးလေးမျိုး ရှိကြောင်း၊ မိမိတို့သာမန်မျက်စိဖြင့် မသိနိုင်ဘဲ ဓာတ်ခွဲခန်းများ၌ ဓာတ်ခွဲစမ်းသပ်ကြည့်မှသာ သိရှိနိုင်သောကြောင့် ဆိုးဆေးအမျိုးအပြား သုံးစွဲထားသော အစားအစာများကို လုံးဝ မရောင်းချရန်၊ FDA မှထုတ်ပြန်ထားသော တားမြစ်စားသောက်ကုန်များကိုလည်း မရောင်းချရန်၊ စားသုံးသူ မိဘပြည်သူများကို စေတနာထား၍ ရောင်းချရန်၊ မိမိကိုယ်တိုင်လည်း စားသုံးသူဖြစ်သောကြောင့် အစားအသောက်များ၏ကောင်းကျိုးဆိုးကျိုးကို ပြန်လည်ခံစားရနိုင်ကြောင်း ရှင်းလင်းဆွေးနွေး အသိပညာပေးခဲ့ပြီး ဌာနမှ ထုတ်ဝေသည့် အသိပညာ ပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

## ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းအဖွဲ့၏ (၁၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို အောက်တိုဘာ ၂၅ ရက်တွင် ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဟသ်ာတခရိုင် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကြည်ဟန်က ဒသမအကြိမ် အစည်းအဝေးအပေါ် ဆောင်ရွက်ခဲ့မှုနှင့် တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၉) ကြိမ်မြောက်အစည်းအဝေးမှ ညွှန်ကြားချက်များအား ရှင်းလင်းတင်ပြခဲ့ပြီး ဈေးများ၊ ကျောင်းများ၊ ရပ်ကွက်များတွင် စားသုံးသူနစ်နာမှု တိုင်ကြားစာပုံးများထားရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုလတွင် မိမိတို့ဌာနအနေဖြင့် စားသုံးသူအသိပညာပေး သင်တန်း(၁)ကြိမ်၊ ဟောပြောပွဲ (၁၂) ကြိမ်၊ ဈေးနှင့် ကျောင်းဈေးစစ်ဆေးခြင်း(၁၄)ကြိမ်၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ စစ်ဆေးခြင်း(၆)ကြိမ်တို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ယခု အစည်းအဝေးတွင် ဆုံးဖြတ်ရမည့် အချက်များကိုဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်မြတ်ခိုင်**

## ထားဝယ်မြို့ရှိ စာသင်ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကျင်းပ

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍အောက်တိုဘာလ ၂၃ ရက်က ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ မြရတနာခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မင်းလတ်က အစားအသောက်များ ရွေးချယ်ဝယ်ယူစားသောက်တတ်စေရန်၊ ဝယ်ယူသုံးစွဲမည့် ကုန်ပစ္စည်းများတွင် ပါဝင်သည့် အညွှန်းများကို တိတိကျကျ လိုက်နာကျင့်သုံးရန်နှင့် နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲ၍ အလေ့အကျင့်ကောင်းများ ပြုလုပ်သွားရန်အကြောင်းကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဦးဟိန်းစည်သူက စားသုံးရန်မသင့်သော အစားအစာများ၊ ဆိုးဆေးပါဝင်သောအစားအစာများ၊ တရားဝင် တားမြစ်ထားသော ကုန်စည်နှင့် အလှကုန်များ အကြောင်းကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဉာဏ်ထွန်းက တစ်ကိုယ်ရည်သန့်ရှင်းမှုနှင့် ဆေးဝါးများ အန္တရာယ်အကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ရာ ကျောင်းအုပ်ကြီး၊ ဆရာ/ဆရာမ၊ကျောင်းသား/သူများစုစုပေါင်း ၅၆၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

အလားတူ အောက်တိုဘာ ၂၄ ရက်တွင် အခြေခံပညာလေ့ကျင့်ရေး အလယ်တန်းကျောင်းနှင့် အ. ထ. က (၃)တို့ ၌လည်း စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများ ကျင်းပခဲ့ပြီး ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

## မအူပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် အောက်တိုဘာလ ၂၃ ရက်က ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူများနှင့် ခရိုင်စားသုံးသူ ရေးရာဦးစီးဌာနမှ ဝန်ထမ်းများစုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အမှာစကား ပြောကြားပါသည်။

မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဇော်မင်းက ဒသမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများနှင့် အထက်ဌာနများ၏ လမ်းညွှန်ချက်များကိုတင်ပြပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ပါသည်။ မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက ဒသမအကြိမ် အစည်းအဝေး အကောင်အထည်ဖော်မှုမှ သိမ်းဆည်းထားသော စားသုံးရန်မသင့်သည့် အစားအစာများကို မီးရှို့ဖျက်ဆီးရန်နှင့် ကျောင်းမုန့်ဈေးတန်းများ၊ စာသင်ကျောင်းများနှင့် ပြည်သူလူထုအား အသိပညာပေး ဆောင်ရွက်မှုမှ အောင်မြင်မှုရရှိသည့် အခြေအနေများကို အသေးစိတ် တင်ပြခဲ့ပါသည်။

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ၏ (၁၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ရှောင်တခင်စစ်ဆေးမှုမှသိမ်းဆည်းထားသော ဘေးဥပဒ်အန္တရာယ်ရှိသော အစားအစာများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

**CONSUMER -MT**

## လပွတ္တာခရိုင် စားသုံးသူအကာအကွယ်ပေးရေးအသင်း စတင်ဖွဲ့စည်းခြင်း အခမ်းအနားကျင်းပ



ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ လပွတ္တာမြို့နယ် တာဝန်ခံရုံးတွင် အောက်တိုဘာလ ၂၆ ရက်က လပွတ္တာခရိုင် စားသုံးသူအကာအကွယ်ပေးရေးအသင်း စတင်ဖွဲ့စည်းခြင်း အခမ်းအနားကို ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင်စားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူး ဦးတိုးလွင်က အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်၊ အသင်းဖွဲ့စည်းရာတွင် ရွေးချယ်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနနှင့် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပါသည်။

ဆက်လက်၍ လပွတ္တာခရိုင် စားသုံးသူ အကာအကွယ်ပေးရေး အသင်း အလုပ်အမှုဆောင်အဖွဲ့အား တက်ရောက်လာသူများမှ ရွေးချယ်တင်မြှောက်ဆောင်ရွက်ခဲ့ပြီး၊ လပွတ္တာခရိုင် စားသုံးသူအကာအကွယ်ပေးရေးအသင်းကို နာယက(၃)ဦး၊ အကြံပေး ၄ ဦး၊ အလုပ်အမှုဆောင် ၁၉ ဦး၊ အသင်းဝင် ၉ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဦးကျော်ရွှေ (မြို့နယ်ပညာရေးမှူးအငြိမ်းစား) က မိတ်ဆက်စကားပြောကြားခဲ့ပြီး၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ၊ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ရာ ခရိုင်ဦးစီးမှူး ဦးတိုးလွင်က တက်ရောက်လာသူများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ လုပ်ငန်းရှင်များ၊ အငြိမ်းစားဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြကြောင်းလည်း သိရှိရပါသည်။

**တိုးလွင်(မြောင်းမြ)**

# ကမ္ဘာ့ဒုတိယအကြီးဆုံး ချည်မျှင်နှင့် အထည်အလိပ် ထုတ်လုပ်မှုလုပ်ငန်း

## လုပ်ကိုင်သည့်နိုင်ငံကို လေ့လာခြင်း

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ နိုင်ငံခြားဝင်ငွေ နည်းပါးနေမှုကနေ ရုန်းထဖို့အတွက် အခြေခံလယ်ယာကဏ္ဍ တစ်ခုတည်း ဖွံ့ဖြိုးတိုးတက်နေရုံနဲ့မပြီးဘဲ စက်မှုကဏ္ဍကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်ပို့ဆောင်ပေးမည့် အင်ဂျင်အဖြစ် လက်ခံထားခဲ့တာကတော့ သမိုင်းနဲ့ချီပြီး ကြာမြင့်ခဲ့ပါပြီ။ နိုင်ငံအတွက် ထုတ်လုပ်မှု စွမ်းရည်ဘက်က ကြည့်လျှင် စက်မှုလုပ်ငန်းရဲ့ ပျမ်းမျှထုတ်လုပ်နိုင်မှု စွမ်းရည်ဟာ လယ်ယာကဏ္ဍထက် သာလွန်နေတာ တွေ့ရပါတယ်။ ဒါ့အပြင် လယ်ယာကဏ္ဍကနေ စက်မှုကဏ္ဍကို အကြောင်းအမျိုးမျိုးနဲ့ ပြောင်းရွှေ့ အသက်မွေးဝမ်းကျောင်း ပြုလာကြတဲ့သူတွေအတွက် မြင့်မားတဲ့ လုပ်ခ၊ လစာနှင့် တန်ဖိုးမြင့် ကုန်ပစ္စည်းတွေကို ပမာဏများစွာ ထုတ်လုပ်စေပြီး လူမှုဘဝတွေ မြှင့်တင်ပေးနိုင်တာလည်း စက်မှုကဏ္ဍပဲ ဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ မိမိတို့အတွက် တန်ဖိုးကြီးလှတဲ့ နိုင်ငံခြားဝင်ငွေကို စက်မှုထုတ်ကုန်တွေတင်ပို့ရင်းက ရရှိနိုင်ပြီး အရည်အသွေးမြင့်မားတဲ့ ထုတ်လုပ်မှုစက်ကိရိယာ ပစ္စည်းတွေမှာ ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းဖြင့်လည်း နိုင်ငံအတွက် နည်းပညာလှေကားထစ်တွေအပေါ် တက်နိုင်ခွင့်လည်းရမှာ အမှန်ဖြစ်ပါတယ်။ ဒီတစ်ပတ်တော့ လူအများစုကို အလုပ်အကိုင် အခွင့်အလမ်းပေးနိုင်ပြီး ကမ္ဘာ့မှာ တရုတ်နိုင်ငံပြီးရင် အဝတ်အထည် ထုတ်လုပ်မှု လုပ်ငန်းတွေကို အကြီးမားဆုံး ဆောင်ရွက်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အထည်ချုပ်လုပ်ငန်းတွေအပါအဝင် အဝတ်အထည်လုပ်ငန်းတွေအကြောင်းကို အတွေ့အကြုံများနဲ့ လေ့လာတင်ပြလိုပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာရှိတဲ့ အထည်ချုပ်လုပ်ငန်းတွေကိုကြည့်ရင် အခြေခံလုပ်ငန်းဆောင်ရွက်မှု (Basic Operation) (၃)မျိုးကို တွေ့ရှိနိုင်ပါတယ်။ ဒါတွေကတော့ ဖြတ်တောက်ခြင်း (Cutting)၊ ချုပ်လုပ်ခြင်း (Stiching) နဲ့ အပြီးသတ်ပြင်ဆင် ထုတ်လုပ်ခြင်း (Pressing/Finishing) တို့ ဖြစ်ပါတယ်။ သာမန်အားဖြင့် အထည်ချုပ်လုပ်ငန်းတစ်ရပ်လုံးကို အမျိုးမျိုးသော အထူးစီမံတီထွင်ထားတဲ့ စက်ကိရိယာပစ္စည်းများနဲ့ သာမန်စက်ကိရိယာများကို ကျွမ်းကျင်သူများက ကိုင်တွယ် မောင်းနှင်၍သော်လည်းကောင်း၊ ကျွမ်းကျင်မှုမရှိသော သာမန်အလုပ်သမားများက လုပ်အားဖြင့်ဆောင်ရွက်၍သော်လည်းကောင်း ဟန်ချက်ညီပေါင်းစပ်ပြီး ထုတ်လုပ် ဆောင်ရွက်ကြတာလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ယခုခေတ်ကာလမှာတော့ ဈေးကွက်ရဲ့ ပြောင်းလဲမှု အခြေအနေ၊ အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ ပြောင်းလဲနေတဲ့ ဖက်ရှင်စတိုင်လ်တွေကြောင့် အလုံးအရင်းနှင့် ထုတ်လုပ်မှု စနစ်တွေအပေါ်မှာ စဉ်းစားစရာလည်း ဖြစ်လာပါတယ်။

### ဖြစ်ပေါ်တိုးတက်မှု

၁၉၇၁ ခုနှစ်မှာ လွတ်လပ်ရေးရခဲ့တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ထုတ်ကုန်တန်ဖိုး အားလုံးအပေါ်မှာ ၄၄ ရာခိုင်နှုန်းက စက်မှုထုတ်ကုန်လုပ်ငန်းများက ရရှိခဲ့ပြီး စက်မှုထုတ်ကုန်လုပ်ငန်း အားလုံးနီးပါးလောက်က ဂုန်လျှော်ပစ္စည်း ထုတ်လုပ်မှုများက ရခဲ့တာဖြစ်သော်လည်း ကမ္ဘာမှာ ဂုန်လျှော်ပစ္စည်း ထုတ်ကုန်များဟာ အစားထိုး ဝင်ရောက်လာတဲ့ ပစ္စည်းများကြောင့် တဖြည်းဖြည်း ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ၁၉၈၀ ခုနှစ်နောက်ပိုင်း ဆယ်စုနှစ် နှစ်ခုအတွင်းမှာ အရင်းအမြစ်အခြေခံ ပို့ကုန်လုပ်ငန်းကနေ ထုတ်လုပ်မှုအခြေခံ ပို့ကုန်လုပ်ငန်းများကို လျှင်မြန်စွာ ကူးပြောင်းဖို့ ဆောင်ရွက်လာခဲ့ရပါတယ်။ ဒီလုပ်ငန်းတွေထဲမှာ အရေးပါဆုံးကတော့ အသင့်ချုပ်လုပ်ပြီး အဝတ်အထည် Ready Made Garment (RMG)အခြေစိုက်လုပ်ငန်းများ ဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ် ပတ်ဝန်းကျင်တွေမှာ RMG လုပ်ငန်းတွေက ပို့ကုန်တွေဟာ တစ်ဟုန်ထိုး မြင့်တက်သွားခဲ့ပါတယ်။ လက်ရှိအခြေ အနေမှာ RMG လုပ်ငန်းကနေ နိုင်ငံပို့ကုန်တန်ဖိုးရဲ့ ၃ ပုံ ၅ ပုံအထိ တင်ပို့နေပြီး ဈေးကွက်တွေကတော့ အီးယူနိုင်ငံများနဲ့ အမေရိကန်နိုင်ငံတို့က အဓိကဖြစ်ပါတယ်။

၁၉၇၄ ခုနှစ်က စတင်ဖွင့်လှစ်တဲ့ ပထမဆုံးအထည်ချုပ်စက်ရုံကစရင် အထည်ချုပ်လုပ်ငန်းကဏ္ဍဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ပြည်ပပို့ကုန်လုပ်ငန်းရဲ့ အသည်းနှလုံးလို့လည်း ပြောလို့ရပါတယ်။ နှစ်ပေါင်း (၃၅)နှစ်လောက် အတွင်းမှာ အံ့မခန်းဖွံ့ဖြိုး တိုးတက်နေခဲ့ပြီး ယနေ့ဆိုလျှင် ဘင်္ဂလားဒေ့ရှ်ရဲ့ ပြည်ပပို့ကုန်တွေရဲ့ ၈၀ ရာခိုင်နှုန်း ရှိနေပြီး နိုင်ငံအတွင်းမှာရှိတဲ့ အထည်ချုပ်စက်ရုံပေါင်းဟာ ၄၈၀၀ ကျော်ရှိပြီး အလုပ်သမား သုံးသန်းကျော်ရဲ့ မှီခိုရာ ထုတ်လုပ်မှု လုပ်ငန်းများ ဖြစ်ပါတယ်။ ဒီအလုပ်သမား သုံးသန်းကျော်မှာ ၈၅ ရာခိုင်နှုန်းကျော်က အမျိုးသမီးအလုပ်သမားများ ဖြစ်ပါတယ်။



| မောင်ရင်မောင် |

ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ RMG ပို့ကုန်တွေကို အရှေ့ဥရောပနိုင်ငံအချို့ကို အပြန်အလှန်ကုန်သွယ်မှု လုပ်ငန်းအစီအစဉ်အရ ၁၉၇၀ ခုနှစ် နှစ်လယ်ပိုင်းမှာ စတင်ပို့ဆောင်ခဲ့ပါတယ်။ နိုင်ငံအနေနဲ့ ဒီလုပ်ငန်းမှာ အမေရိကန်ဒေါ်လာ ၄ဘီလီယံခန့် တန်ဖိုးရှိ စုစုပေါင်းထုတ်ကုန်တွေကို ကျွမ်းကျင်သူ၊ မကျွမ်းကျင်သူများ အပါအဝင် အဓိကအားဖြင့် အမျိုးသမီးအလုပ်သမား တစ်သန်းခန့်ဖြင့် လည်ပတ်ဆောင်ရွက်နိုင်ရန် ရည်မှန်းဆောင်ရွက်ခဲ့ပါတယ်။ ဒီအစီအစဉ်ကို ၁၉၇၈ ခုနှစ်ခန့်မှာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့တာဖြစ်ပြီး အဲဒီအချိန်က ပြည်တွင်းမှာရှိတဲ့ ပြည်ပပို့ အဝတ်အထည်ထုတ်လုပ်မှုလုပ်ငန်း (၉) ခုသာရှိခဲ့ပါတယ်။ ပို့ကုန်လုပ်ငန်းက ရှာပေးနိုင်တဲ့ ဝင်ငွေဟာ အမေရိကန် ဒေါ်လာတစ်သန်းရဖို့တောင် များစွာ ခက်ခဲခဲ့ပါတယ်။ ဒီအတောအတွင်း ကိုရီးယားသမ္မတနိုင်ငံ Daewoo နဲ့ ဖက်စပ်လုပ်ငန်းအဖြစ် နိုင်ငံရဲ့ Desh Garment Ltd. က ပေါင်းစပ် ဆောင်ရွက်နိုင်ခဲ့ခြင်းအားဖြင့် အိန္ဒိယတိုက်ငယ်အတွင်းမှာ ခေတ်အမီဆုံး အဝတ်အထည်ထုတ်လုပ်မှု လုပ်ငန်းတစ်ရပ်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့ပါတယ်။ စီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းသား ၁၃၀ ကို ၁၉၇၉ ခုနှစ်မှာ တောင်ကိုရီးယားနိုင်ငံရှိ Pusan စက်ရုံကို စေလွှတ်ပြီး (၆) လတာ သင်ကြားစေခဲ့ပါတယ်။ ၎င်းတို့ဟာ အခြေခံလူသားအရင်းအမြစ်များဖြစ်ကြပြီး နောက်ပိုင်းမှာ Daewoo ကုမ္ပဏီရဲ့ စံချိန်စံညွှန်းများနဲ့ နည်းပညာအသုံးပြုပြီး တစ်နှစ်လျှင် အဝတ်အထည် ငါးသန်းအထိ ထုတ်လုပ်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းခန့် ဝင်ငွေကို RMG လုပ်ငန်းက ရှာဖွေပေးနိုင်ခဲ့ပါတယ်။ Daewoo လိုဒေသခံကုမ္ပဏီနဲ့ Joint Venture လုပ်ကိုင်တာကတော့ ကိုရီးယားနိုင်ငံက Youngones Corporation ဖြစ်ပါတယ်။

### အတွေ့အကြုံအခြေခံ ပြင်ဆင်ပြောင်းလဲခြင်း

အဝတ်အထည် ထုတ်လုပ်ခြင်းလုပ်ငန်းတွေရဲ့ အစောပိုင်းကာလဟာ နိုင်ငံရဲ့ရှေးဦးမူဝါဒဖြစ်တဲ့ ဆိုရှယ်လစ် အခြေခံလုပ်ငန်းဖြစ်ခဲ့ပြီး စီးပွားရေးလုပ်ငန်းအားလုံးကို တင်းကျပ်စွာ ချုပ်ကိုင်ထားပြီး အရေးပါတဲ့ စီးပွားရေးလုပ်ငန်းကြီးများဖြစ်တဲ့ ဂုန်လျှော်လုပ်ငန်း၊ ချည်ထည်လုပ်ငန်း၊ သကြားစက်လုပ်ငန်းများနဲ့ ဘဏ်လုပ်ငန်းများဟာ ပြည်သူပိုင်လုပ်ငန်းများ ဖြစ်နေတာနဲ့ တွေ့ကြုံခဲ့ပါတယ်။ ဒါပေမယ့် ၁၉၇၅ ခုနှစ်ကစပြီး ဆိုရှယ်လစ်မူဝါဒများအပေါ် ပြင်ဆင်ပြောင်းလဲပြီး ပိုမိုလွတ်လပ်တဲ့ စီးပွားရေးမူဝါဒများကို ချမှတ်ကျင့်သုံးခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို ဘင်္ဂလားဒေ့ရှ်ရှိငွေ တာကာသန်း ၁၀၀ အထိ မြှင့်တင်ရင်းနှီးခွင့်ပြုခဲ့ပြီး ၁၉၇၈ ခုနှစ် စက်တင်ဘာလမှာ ရင်းနှီးမြှုပ်နှံမှုပမာဏအပေါ် ကန့်သတ်မှုမရှိ ခွင့်ပြုပေးခဲ့ပါတယ်။ ဒါကြောင့်လည်း Daewoo နဲ့ အခြား ကိုရီးယားစီးပွားရေးလုပ်ငန်းများဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အရှိန်အဟုန်နဲ့ ဝင်ရောက်လာခဲ့ကြတာ ဖြစ်ပါတယ်။

ပြန်ပြောရရင် ပါကစ္စတန်နိုင်ငံကနေ ခွဲထွက်လွတ်လပ်ရေးရတဲ့ ၁၉၇၁ ခုနှစ်မှာပဲ အစိုးရသစ်ဟာ ချည်မျှင်နဲ့ အထည်လုပ်ငန်း စက်ရုံအားလုံးကို ပြည်သူပိုင် သိမ်းခဲ့ပါတယ်။ စက်ရုံအားလုံးကို အစိုးရပိုင်အဖြစ် Bangladesh Textile Mills Corporation ခေါ် BTMC အောက်မှာထား၍ အုပ်ချုပ်စေခဲ့ပါတယ်။ BTMC ရဲ့ သက်တမ်းဟာ ၁၉၈၂-၈၃ ခုနှစ်ခန့်အထိ ရှိခဲ့ပါတယ်။ နိုင်ငံပိုင်လုပ်ငန်းဖြစ်တဲ့အားလျော်စွာ ဗျူရိုကရေစီယန္တရားဆိုင်ရာ အခက်အခဲများနှင့် တစ်ပြိုင်တည်းတွဲပါလာတဲ့ ထုတ်လုပ်မှုစွမ်းရည် နိမ့်ကျခြင်း၊ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်း၊ စည်းကမ်းလိုက်နာမှုမရှိခြင်း၊ တာဝန်ခံမှုမရှိခြင်း၊ စက်ပစ္စည်းကိရိယာများ ပြင်ဆင်ထိန်းသိမ်းမှုနည်းပါးခြင်း တို့ကြောင့် အကျိုးအမြတ်ရရှိမှု လွန်စွာနည်းပါးခဲ့ပါတယ်။ ဒါကြောင့် အစိုးရက ချုပ်ကိုင်မှုလျှော့ချပြီး ပုဂ္ဂလိကပိုင်အဖြစ် တဖြည်းဖြည်း ကူးပြောင်းခဲ့ပါတယ်။ ပုဂ္ဂလိက,ကဏ္ဍ ကျယ်ပြန့်လာတာနဲ့အမျှ ချည်မျှင်နဲ့အထည်ထုတ်လုပ်မှုလုပ်ငန်းတွေရဲ့ အရည်အသွေးတွေ ထူးခြားစွာ မြင့်တက်လာပြီး အပြည်ပြည်ဆိုင်ရာ ဈေးကွက်အတွင်း နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်နိုင်ပြီး ဘင်္ဂလားဒေ့ရှ်ရဲ့ ချည်မျှင်နဲ့အဝတ်အထည်ထုတ်ကုန်တွေ ပြည်ပပို့ကုန်ဝယ်လိုအား မြင့်မားလာပါတယ်။

အစိုးရအနေနဲ့ ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို ကျင့်သုံးခဲ့တဲ့အတွက်လည်း အဝတ်အထည်လုပ်ငန်းကို များစွာ တိုးတက် ကြီးထွားလာစေခဲ့ပါတယ်။ ဒီပြုပြင်ပြောင်းလဲမှုတွေထဲမှာ အရေးပါတဲ့ ဘဏ္ဍာရေးဆိုင်ရာအစီအစဉ်နှစ်ခုကတော့ Back to back L/C စနစ်နဲ့ Bounded Warehouse Facilities ဖြစ်ပါ တယ်။ Back to back L/C စနစ်က RMG လုပ်ငန်းတွေမှာ လိုအပ်နေတဲ့ လုပ်ငန်းအတွက် မတည်ရင်းနှီးငွေနဲ့ နိုင်ငံခြားငွေလိုအပ်မှု အခက်အခဲကို ဖြေရှင်းပေးပါတယ်။ လုပ်ငန်းရှင်ကို ရင်းနှီးငွေ အနည်းငယ်နဲ့ စက်ရုံ၊ အလုပ်ရုံကို မတည်လည်ပတ်စေပြီး လုပ်ငန်းလျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးစေခဲ့ပါတယ်။ ဒီလိုပံ့ပိုးပေးခဲ့ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ အသားတင်အကျိုးအမြတ်များစွာ ရရှိစေပါတယ်။ ၁၉၉၃ ခုနှစ်မှာ ပြုပြင်ပြောင်းလဲလိုက်တဲ့ သွင်းကုန်မူဝါဒမှာဆိုရင် Back to back L/C ရဲ့ တန်ဖိုးဟာ Mother L/C တန်ဖိုး ၇၀ ရာခိုင်နှုန်းထက် မပိုရဘူးလို့ ပြဋ္ဌာန်းပါတယ်။ ဆိုလိုတာကတော့ RMG လုပ်ငန်းတွေလည်ပတ်ဖို့ တစ်ဝက်တစ်ပျက်ကုန်ကြမ်းတွေ ဝယ်ယူရတဲ့ နိုင်ငံခြားငွေပမာဏဟာ ပို့ကုန်အဖြစ် RMG ပစ္စည်းတွေ ပြည်ပပို့ရာမှာ ပြန်ရမည့် ဝင်ငွေရဲ့ ၇၀ ရာခိုင်နှုန်းထက် မကျော်ရဘူးလို့ ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒီလိုသတ်မှတ်လိုက်ခြင်းအားဖြင့် ပို့ကုန်တန်ဖိုးငွေ ၃၀ ရာခိုင်နှုန်းဟာ နိုင်ငံခြားငွေများအဖြစ် နိုင်ငံအတွက် ပြန်ဝင်လာစေခြင်း ဖြစ်ပါတယ်။

၁၉၈၀ ခုနှစ်များမှာတော့ အစိုးရက ၁၀၀ ရာခိုင်နှုန်းအပြည့် ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်တင်ပို့နေတဲ့ အထည်ချုပ်လုပ်ငန်းတွေကို ထောက်ကူပေးဖို့ မူလကျင့်သုံးနေတဲ့ Duty Draw Back စနစ်နေရာမှာ Bounded Warehouse Facilities System ကို ပြောင်းလဲကျင့်သုံးပါတယ်။ ဒီမူဝါဒအရ ၁၀၀ ရာခိုင်နှုန်းအပြည့် ပြည်ပပို့ကုန်အဖြစ် လည်ပတ်ဆောင်ရွက်နေတဲ့ RMG လုပ်ငန်းတွေအနေနဲ့ လိုအပ်တဲ့ ချည်မျှင်နဲ့ အသုံးအဆောင်ပစ္စည်းများကို အခွန်အခပေးဆောင်ခြင်း မပြုရဘဲ တင်သွင်းခွင့် ရလာခဲ့ပါတယ်။ ဒီမူဝါဒအပြောင်းအလဲက ကမ္ဘာ့ RMG ထုတ်လုပ်မှုနယ်ပယ်မှာ နိုင်ငံရဲ့ယှဉ်ပြိုင်နိုင်စွမ်းအား တိုးတက်စေတဲ့ ပြောင်းလဲမှုတစ်ရပ်ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် ဗျူရိုကရေစီအတားအဆီးများ၊ အာဏာအလွဲသုံးစားပြုမှုများကို အတိုင်းအတာတစ်ခုအထိ ဖယ်ရှားနိုင်ရုံမက ထုတ်လုပ်မှုနှောင့်နှေးမှုများကိုပါ ပြင်ဆင်ဖယ်ရှားခဲ့ပါတယ်။

စာမျက်နှာ (၃၂)သို့ ➤

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

■ သန်းသန်းနိုင်

ယခင်တစ်ပတ်မှအဆက်

**လျှောက်ထားတင်ပြသည့်စာတင်ခြင်း**

၃၁။ လျှောက်ထားသည့်စာများကို ရုံးသို့ တိုက်ရိုက်လူကိုယ်တိုင်လာရောက်ပေးပို့နိုင်သလို အင်တာနက်မှတစ်ဆင့်၊ အီးမေးလ်မှတစ်ဆင့် စသည့်နည်းလမ်းများဖြင့် ပေးပို့နိုင်သည်။ သတ်မှတ်ထားသည့်အချိန်အတွင်း သက်ဆိုင်ရာဌာနသို့ လျှောက်ထားစာများတင်ပြနိုင်သည်။

**လျှောက်လွှာစိစစ်ပုံ**

၃၂။ သွင်းကုန်ပို့ကုန်ကိုတာစိစစ်ပုံ (အသေးစိတ်ကို ကုန်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကြော်ငြာတွင် ကြည့်ရှုနိုင်သည်။) မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လျှောက်ထားသူအနေဖြင့် သတ်မှတ်စာရွက်စာတမ်းများကို သက်ဆိုင်ရာဌာနသို့တင်ပြ၍ ကနဦး စိစစ်မှုကိုခံယူရမည်။

(ခ) လိုအပ်ပါက ကုန်သွယ်ရေးဝန်ကြီးဌာနအနေနှင့် သက်ဆိုင်ရာဌာနများ၏ သဘောထား၊ ထိုကဏ္ဍ၏ အသင်းအဖွဲ့များကို ကိုယ်စားလှယ်လွှဲ စိစစ်မှုပြုနိုင်သည်။

(ဂ) အများသိရန်ကြေညာ၍ သဘောထားမေးမြန်းပြီးလျှင် ကုန်သွယ်ရေးဝန်ကြီးဌာနမှ စိစစ်ပြီး ခွင့်ပြုမိန့် ချမချ ဆုံးဖြတ်ပြီးလျှင်၊ ခွင့်ပြုချက်ရကုမ္ပဏီအတွက် သွင်းကုန်ပို့ကုန်ကိုတာလိုင်စင် ထုတ်ပေးရမည်။ ထို့အတူ ကုန်သွယ်ရေးဝန်ကြီးဌာန၏ အင်တာနက်ပေါ်တွင် ခွင့်ပြုမိန့်ကျကုမ္ပဏီများအမည်ကို ထုတ်ပြန်ကြေညာရမည်။

(ဃ) ကုန်သွယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုမိန့်ချပေးလျှင် ဒေသတွင်းကုန်သွယ်ရေးဦးစီးဌာနမှ မိမိဒေသတွင်း အချို့သောကုန်ပစ္စည်းများ၏ တင်သွင်းတင်ပို့ခွင့်ကိုတာကို ဒုတိယအကြိမ် ခွဲဝေနိုင်သည်။ ထိုသို့ခွဲဝေပါက အများသိရန် ကြေညာရမည်။

**တရုတ်နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး ပို့ကုန်အခွန်လျှော့၊ အခွန်လွတ်ခံစားခွင့် လျှောက်ထားခြင်း ကြော်ငြာစာ (နိုင်ငံတော် အခွန်ဦးစီးချုပ်ရုံး ကြော်ငြာစာအမှတ်-၂၀၁၃/၆၁)**

ပို့ကုန်အခွန်လျှော့၊ အခွန်လွတ်ခံစားခွင့် လျှောက်ထားရာတွင် မှားယွင်းခြင်း၊ မရှင်းလင်းခြင်းများကို ဖြေရှင်းနိုင်ရန်၊ လျှောက်ထားမှုများနှင့် ခွင့်ပြုရေးစိစစ်မှုများပြုလုပ်ရာတွင် လျင်မြန်လာစေရန်၊ ပို့ကုန်အခွန်လျှော့ပေးသည့်လုပ်ငန်းများ လျင်မြန်လာစေရန်၊ နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံးအနေဖြင့် ပို့ကုန်အခွန်လျှော့၊ အခွန်လွတ်ခံစားခွင့်များ လျှောက်ထားခြင်းနည်းဥပဒေကို ထုတ်ပြန်ကြော်ငြာပါသည်။ အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ် သည်-

၁။ ကုမ္ပဏီပို့ကုန်လုပ်အားနှင့် အမြတ်တော်ခွန် အခွန်ကင်းလွတ်ခွင့်ခံစားခွင့်ရှိသော ဝန်ဆောင်မှုများ (အောက်တွင် ပို့ကုန်လုပ်အားနှင့် ဝန်ဆောင်မှုဟုအတိုကောက်ခေါ် ဆိုမည်။) ပို့ကုန်လုပ်အားနှင့် အမြတ်တော်ခွန် အခွန်ကင်းလွတ်ခွင့် လျှောက်ထားမည်ဆိုပါက ကနဦးအနေဖြင့် ကျင့်သုံးနေသော သတ်မှတ်ချက်များနှင့်အညီ အခွန်ဦးစီးဌာနသို့ စိစစ်ရန် လျှောက်လွှာပေးပို့ရမည်။ သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှ လျှောက်ထားလာသော စာရွက်စာတမ်းအချက်အလက်များနှင့် သက်ဆိုင်ရာဌာနများတွင် မှတ်တမ်းတင်ထားမှုများ ကိုက်ညီမှု ရှိမရှိ စိစစ်မှုပြီးစီး၍ မှန်ကန်လျှင် အခွန်ကင်းလွတ်ခွင့်၊ အခွန်လျှော့ချခွင့် လျှောက်ထားနိုင်ရန် စာရွက်စာတမ်း အထောက်အထားများ ထုတ်ပေးရမည်။ ထို့အတူ ကုမ္ပဏီမှ လျှောက်ထားသော စာရွက်စာတမ်းများနှင့် တရားဝင်ကွန်ပျူတာစာစီ လျှောက်လွှာကို အထက်အခွန်ဦးစီးဌာနသို့ပေးပို့၍ စိစစ်ခွင့်ပြုမှုများ ဆက်လက် လုပ်ကိုင်ရမည်။

၂။ အခွန်ဦးစီးဌာနမှ တင်ပို့ကုန်အတွက် အခွန်ကင်းလွတ် ခွင့်၊ အခွန်လျှော့ချခွင့်လျှောက်ထားလာချက်ကို လက်ခံစိစစ်လျှင် အမြန်ဆုံး စိစစ်အတည်ပြုဆုံးဖြတ်၍ လျှောက်ထားသော ကုမ္ပဏီကို အသိပေးအကြောင်းကြားရမည်။ လျှောက်ထားသည့်စာရွက်စာတမ်း အကြောင်းအရာများသည် သက်ဆိုင်ရာဌာနတွင် ကွန်ပျူတာနှင့် မှတ်တမ်းတင်ထားခြင်းမရှိလျှင် (သို့မဟုတ်) ကွန်ပျူတာမှတ်တမ်းနှင့် သက်သေခံစာရွက် စာတမ်းပါအချက်များ မကိုက်ညီလျှင် ကုမ္ပဏီအနေဖြင့် အောက်ပါအတိုင်း လုပ်ကိုင်ဆောင်ရွက်ရမည်-

(က) စာရွက်စာတမ်းပါအချက်များ မှားနေလျှင် ပြန်ပြင်၍ ထပ်မံပေးပို့လျှောက်ထားနိုင်သည်။

(ခ) အကယ်၍ (အင်တာနက်ပေါ်ရှိ တရုတ်နိုင်ငံ ဒစ်ဂျစ်တယ်နယ်စပ်ဂိတ် ပို့ကုန်အခွန်လွတ်၊ အခွန်လျှော့စနစ်တွင်း တွင်) ပို့ကုန်ဂျူတီဆောင်ရန် လျှောက်ထားတင်ပြမှု မှတ်တမ်းမရှိခြင်း (သို့မဟုတ်) သတ်မှတ်ချက်နှင့်အညီ အမြတ်တော်ခွန်ပေးဆောင်သည့်ပြေစာကို သတ်မှတ်ချက်အတိုင်း မှတ်တမ်း တင်ထားခြင်း မရှိပါက ၎င်းကိစ္စရပ်များပြန်လုပ်ကာ ပြီးပြည့်စုံလျှင် လျှောက်လွှာ ထပ်မံတင်နိုင်သည်။

(ဂ) အထက်ပါအချက်များအပြင် ပို့ကုန်ကုမ္ပဏီ အချက်အလက်များ စစ်ဆေးမှုပြုပေးရန် လျှောက်ထားနိုင်သည်။ ဤသည်မှာ သက်သေအထောက်အထား စာရွက်စာတမ်းများနှင့် ကွန်ပျူတာတွင် မှတ်ပုံတင်ထားချက်များကွဲလွဲနေလျှင် မိမိလက်ထဲရှိ မူရင်းစာရွက်စာတမ်းများကို သက်ဆိုင်ရာဌာနသို့ပို့၍ အခွန်ဦးစီးဌာနမှ အကူအညီဖြင့် ရှာဖွေအတည်ပြုရမည်။

၃။ ထုတ်ကုန်လုပ်ငန်းလုပ်သည့်ကုမ္ပဏီအနေဖြင့် ပို့ကုန် ရောင်းချမှုအတွက် အခွန်ကင်းလွတ်၊ အခွန်လျှော့ချရန် လျှောက်ထားချိန်တွင် (ဤနည်းဥပဒေ တရားဝင်မကျင့်သုံးသေးချိန်တွင် လျှောက်ထားခဲ့သည်များကို ယခင်နည်းလမ်း၊ ယခင်အထောက်အထား၊ စံချိန်စံညွှန်းများဖြင့် အကြောင်းအရာ တိကျမှန်ကန်မှုရှိမရှိ စိစစ်သွားမည်။) ပေးဆောင်ရမည့်အခွန်များကို ကင်းလွတ်ခွန်၊ လျှော့ချခွန်များဖြင့် ထေ၍မရ။ အမြတ်တော်ခွန် ပေးဆောင်ရန် လျှောက်ထားလွှာအပိုင်း (၂) ပါ ပေးဆောင်ရမည့်အခွန်များကို ကင်းလွတ် ခွန်၊ လျှော့ချခွန်များဖြင့်မထေရ (သတ်မှတ်ချက်၁၈) နှင့် (ကင်းလွတ်ခွန်၊ လျှော့ချခွန် လျှောက်လွှာပါ) ကင်းလွတ်ခွန်၊ လျှော့ချခွန်များဖြင့် မထေရ (သတ်မှတ်ချက် ၂၅) အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။ ထုတ်ကုန်လုပ်ငန်းလုပ်သည့်ကုမ္ပဏီအနေဖြင့် ဤနည်းဥပဒေတရားဝင် မကျင့်သုံးသေးချိန်တွင် လျှောက်ထားခဲ့သော ပို့ကုန်လုပ်အားနှင့် ဝန်ဆောင်မှုအခွန်ကင်းလွတ်၊ လျှော့ချခွင့် ခံစားနိုင်ရန် လျှောက်ထားသည့် စာရွက်စာတမ်းများ မပြည့်စုံလျှင် ယခုထုတ်ပြန်သည့် နည်းဥပဒေနှင့်အညီ အထောက်အထားများပြန်ဖြည့်၍ ထပ်မံလျှောက်ထားမှု၊ စိစစ်မှုများပြုလုပ်ကာ စိစစ်မှုအဖြေမှန်ကန်လျှင် တရားဝင် လျှောက်ထားနိုင်သည်။ ဤတွင်ပေးဆောင်ရမည့် အခွန်များကို ကင်းလွတ်ခွန်၊ လျှော့ချခွန်များဖြင့် မထေရ။

၄။ အခွန်ကင်းလွတ်၊ အခွန်လျှော့ချရန် လျှောက်ထားခွင့်ရှိသည့် ကန့်သတ်ကာလအတွင်း ကုမ္ပဏီအနေဖြင့် ပို့ကုန်လုပ်အားနှင့် ဝန်ဆောင်မှုအတွက် ကင်းလွတ်ခွန်၊ လျှော့ချခွန်လျှောက်ထားသည့် စာရွက်စာတမ်း မပြည့်စုံလျှင် သက်ဆိုင်ရာဌာနမှ ကွန်ပျူတာတွင် တင်ထားသော အချက်အလက်နှင့် မိမိတင်ပြသော စာရွက်စာတမ်းရှိ အချက်အလက်များလွဲမှားမှုကို ပြင်ဆင်မှုမပြုနိုင်လျှင် ကနဦး စိစစ်မှုများ မပြုလုပ်နိုင်လျှင် ကုမ္ပဏီအနေဖြင့် အခွန်ကင်းလွတ်၊ အခွန်လျှော့ချရန် လျှောက်ထားခွင့်ရှိသည့် ကန့်သတ်ကာလမကုန်ဆုံးမီ သက်ဆိုင်ရာဦးစီးဌာနသို့ အောက်ပါစာရွက်စာတမ်းများ ပေးပို့ရမည်-

(က) ပို့ကုန်အခွန်ကင်းလွတ်ခွင့်၊ လျှော့ချခွင့် လျှောက်ထားရာတွင် ကွန်ပျူတာတွင် မှတ်တမ်းတင်ထားသည့် အချက်အလက်မရှိကြောင်း ဇယားနှင့်သတ်မှတ် ကွန်ပျူတာကိန်းဂဏန်းများ ပေးပို့ရမည်။

(ခ) ပို့ကုန်အခွန်ကင်းလွတ်ခွင့်၊ လျှော့ချခွင့်လျှောက်လွှာနှင့် စာရွက်စာတမ်းများ၊ တာဝန်ရှိဌာနမှ အတည်ပြုပြီး ကုမ္ပဏီမှတင်ပြလာသည့် ပို့ကုန်အခွန်ကင်းလွတ်ခွင့်၊ လျှော့ချခွင့်လျှောက်လွှာပါ စာရွက်စာတမ်းပြည့်စုံလျှင် ပို့ကုန်အခွန်ကင်းလွတ်ခွင့်၊ လျှော့ချခွင့် လျှောက်ထားရာတွင် ကွန်ပျူတာတွင် မှတ်တမ်းတင်ထားသည့် အချက်အလက်မရှိကြောင်း ဇယားပါအချက်များ၊ သတ်မှတ်ကွန်ပျူတာ ကိန်းဂဏန်းများနှင့် ကုမ္ပဏီတင်ပြလာပါက အခွန်ကင်းလွတ်၊ အခွန်လျှော့ချရန် လျှောက်ထားခွင့်ရှိသည့် ကန့်သတ်ကာလ ကန့်သတ်ချက်တွင် အကျုံးဝင်တော့မည် မဟုတ်ပေ။ အကယ်၍ အထက်ပါ သတ်မှတ်ချက်အတိုင်း အခွန်ကင်းလွတ်၊ အခွန်လျှော့ချရန် လျှောက်ထားခွင့်ရှိသည့် ကန့်သတ် ကာလမကုန်ဆုံးမီ သက်ဆိုင်ရာဌာနသို့ အခွန်ကင်းလွတ်၊ အခွန်လျှော့ရန် လျှောက်ထားစာတင်ပြလာမှုမရှိလျှင် ကုမ္ပဏီအနေဖြင့် အခွန်ကင်းလွတ်၊ အခွန်လျှော့ချရန် လျှောက်ထားခွင့်ရှိသည့် ကန့်သတ်ကာလကုန်ဆုံးပြီးနောက် လျှောက်လွှာတင်မှုကို လက်ခံမည်မဟုတ်ပေ။ ထို့အပြင် သတ်မှတ်ချက်နှင့်အညီ ကင်းလွတ်ခွန်လျှောက်ထားခြင်းနှင့် အခွန်ဆောင်ခြင်းများကိုသာ ပြုလုပ်ခွင့်ရှိသည်။

၅။ (ဘဏ္ဍာရေးဝန်ကြီးဌာန နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံးမှ ပို့ကုန်ထုတ်လုပ်မှုလုပ်အား အမြတ်တော်ခွန်နှင့် စားသုံးခွန်စည်းမျဉ်းစည်းကမ်းအကြောင်းကြားစာ၊ စာအမှတ်-ဘဏ္ဍာခွန် ၂၀၁၂/၃၉) အပိုင်း ၉-ဃ ပါ အချက်နှင့်ကိုက်ညီသည့် ထုတ်လုပ်ရေး ကုမ္ပဏီအနေဖြင့် ဤနည်းဥပဒေနှင့်မသက်ဆိုင်ပေ။ အခွန်ကင်းလွတ်၊ အခွန်လျှော့ချခွင့်များကို ယခင်နည်းဥပဒေအတိုင်း ဆက်လက်ကျင့်သုံးမည်။

၆။ ဤနည်းဥပဒေကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစ၍ ကျင့်သုံးသည်။ (နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး ပို့ကုန်ထုတ်လုပ်မှု အမြတ်တော်ခွန်နှင့် စားသုံးခွန်ပေါ်လစီကြော်ငြာစာ၊ နိုင်ငံတော်အခွန် ဦးစီးချုပ်ရုံး ကြော်ငြာစာအမှတ်-၂၀၁၂/၂၄)၊ (နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး ပို့ကုန်ထုတ်လုပ်မှုလုပ်အား အမြတ်တော်ခွန်နှင့် စားသုံးခွန်ကြီးကြပ်ရေး နည်းဥပဒေပါပြဿနာများ ကြော်ငြာချက်၊ နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး ကြော်ငြာစာအမှတ်-၂၀၁၃/၁၂)၊ (နိုင်ငံတော် အခွန်ဦးစီးချုပ်ရုံး ပို့ကုန်အခွန်လျှော့၊ အခွန်လွတ်ခံစားခွင့် လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ ပြဿနာ ကြော်ငြာစာ-နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး ကြော်ငြာစာအမှတ် -၂၀၁၃/၃၀) တို့သည် ဤကြော်ငြာစာနှင့် အတိုက်အခံဖြစ်နေလျှင် ၎င်းတို့တွင် ရေးသားထားသောအချက်များမှ အလိုအလျောက် ရုပ်သိမ်းသည်ဟု မှတ်ယူမည်။

**နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး**

**၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်**

## ပျားရည်ပိုမိုတင်ပို့

အောက်တိုဘာ ၂၁ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၈၆၁၀၀ တန်ဖိုးရှိ ပျားရည် ၁၂၃ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်သီတင်းပတ်က ၁၅ တန်သာ တင်ပို့ခဲ့တဲ့အတွက် ၁၀၈ တန် ပိုမို တင်ပို့ခဲ့တာ တွေ့ရပါတယ်။

မွေးမြူရေးပျားရည် တစ်ပိဿာကို ကျပ် ၂၅၀၀ ဈေးခန့်ရရှိပြီး မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပုဂ္ဂလိက ပျားလုပ်ငန်းရှင် ၁၀၀၀ ဦးမှ မွေးမြူထားသော ပျားအုံ ၁၈၀၀၀၀ ရှိနေပြီဖြစ်ကြောင်း၊ ပျားရည်သည် အခွန်ကင်း လွတ်ကုန်စည်အဖြစ် သတ်မှတ်ထားသော ဒေသထွက် ကုန်စည်ဖြစ်သဖြင့် လွတ်လပ်စွာ ရောင်းဝယ်နိုင်ပြီး ပြည်ပ ဝယ်လိုအား ရှိသည့်ကုန်စည်တစ်ခုဖြစ်ကြောင်း၊ စီးပွားဖြစ်ပျားမွေးမြူသူများအနေဖြင့် ပျားပုံး ၃၀ မှ ၅၀ အတွက် ငွေကျပ် ၂၅ သိန်းဝန်ကျင်မှ စတင်ရင်းနှီးမွေးမြူပြီး တစ်နှစ် မွေးမြူပြီးပါက ရင်းနှီးထားသော ငွေပမာဏကို တစ်နှစ်အတွင်း ပြန်လည်ရရှိ အရင်းကြေသောကြောင့် တွက်ခြေကိုက်သည့် မွေးမြူရေးလုပ်ငန်းတစ်ခု ဖြစ်ကြောင်း ပျားလုပ်ငန်းဌာနမှ သိရပါတယ်။

**မော်မော်အောင်**

Vol: 17, No.43 Monday November 6 2017

# အိုင်တီကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယနှင့် ရုရှားကုမ္ပဏီများ သဘောတူစာချုပ်ချုပ်ဆို

အိန္ဒိယနှင့် ရုရှားတို့သည် သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရန်အတွက် သဘောတူစာချုပ်တစ်စောင်ကို ဒူဘိုင်းမြို့၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ယင်းသဘောတူညီချက်ပါ စီမံကိန်းများတွင် စမတ်မြို့တော်စီမံကိန်းများ၊ ဆိုက်ဘာလုံခြုံရေးနှင့် e-governance စနစ်ဖော်ဆောင်ရေးတို့ ပါဝင်သည်ဟု တာဝန်ရှိသူများက အောက်တိုဘာလ ၂၁ ရက်တွင် ပြောကြားခဲ့သည်။



အဆိုပါ သဘောတူညီချက်ကို ကမ္ဘာ့စျေးကွက်၌ ရုရှားအိုင်တီ ထိပ်တန်းကုမ္ပဏီကြီးဖြစ်သည့် Russian RusITExport (RITE) နှင့် အိန္ဒိယရှိ Aark Infosoft Pvt Ltd. ကုမ္ပဏီတို့အကြား လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ယင်းသဘောတူစာချုပ်အရ အိန္ဒိယရှိမြို့တော်သုံးခုတွင် စမတ်မြို့တော်စီမံကိန်းများ အကောင်အထည်ဖော်ရာ၌ အဆိုပါကုမ္ပဏီများက ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပြီး မြို့အမည်များကိုမူ ထုတ်ဖော်ပြောထားခဲ့ခြင်းမရှိပေ။ ၎င်းစီမံကိန်းများအပြင် ဆိုက်ဘာလုံခြုံရေးစနစ်များနှင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစနစ်အပါအဝင် အီလက်ထရောနစ် ရွေးကောက်ပွဲစနစ်များ ဖော်ဆောင်ရာတွင်လည်း ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

---

## စာမျက်နှာ (၃၀)မှ ➢➢➢ ကမ္ဘာ့ဒုတိယအကြီးဆုံး ချည်မျှင်နှင့်အထည်အလိပ် ထုတ်လုပ်မှုလုပ်ငန်း ········ မှ အဆက်

**ရှန်းကန်တိုးတက်မှု ခရီးလမ်း**

ချည်မျှင်နဲ့အထည်ချုပ်လုပ်ငန်းတွေဟာ သမိုင်းနဲ့ချီပြီး နိုင်ငံအတော်များများမှာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ ခာတ်ကူးပစ္စည်းတွေ ဖြစ်ခဲ့တယ်ဆိုရင် မမှားပါဘူး။ ဥပမာအားဖြင့် (၁၈)ရာစုအတွင်း အင်္ဂလန်နိုင်ငံရဲ့ ကျောက်မီးသွေးနဲ့ သံမဏိ တူးဖော်ထုတ်လုပ်အသုံးပြုမှု တိုးတက်လာတာနဲ့တစ်ပြိုင်တည်း ချည်မျှင်နှင့်အထည်လုပ်ငန်းတွေကို အင်နဲ့အားနဲ့ ထူထောင်ခဲ့ကြခြင်းဟာ စက်မှုလုပ်ငန်းစဉ်ကြီးတစ်ရပ် ပေါ်ပေါက်လာဖို့ ခာတ်ကူးပစ္စည်းတစ်ရပ် ဖြစ်တယ်လို့ ဆိုခဲ့ကြပါတယ်။ အလားတူပါဘဲ ချည်မျှင်နဲ့အထည် လုပ်ငန်းတွေဟာ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ် (တိုင်ပေ)၊ ဟောင်ကောင်နဲ့ အင်ဒိုနီးရှားနိုင်ငံများရဲ့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုမှာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်ခဲ့ကြပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ အသင့်ချုပ်လုပ်ပြီး အဝတ်အထည်RMG လုပ်ငန်းရဲ့ အရေးပါတဲ့ ကာလအလိုက် ဖြစ်ပေါ်တိုးတက်မှုတွေကို အောက်ပါအတိုင်း တွေ့ရှိနိုင်ပါတယ်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ RMG လုပ်ငန်း၏ ဖြစ်ပေါ်တိုးတက်မှုများ**

| ကာလ | ဖြစ်ပေါ်တိုးတက်မှုများ |
|---|---|
| ၁၉၇၇ - ၁၉၈၀ | RMG လုပ်ငန်း၏ ကနဦးကြီးထွားလာမှု |
| ၁၉၈၂ - ၁၉၈၅ | အရှိန်အဟုန်ကောင်းစွာဖြင့် ထုတ်လုပ်ခြင်း |
| ၁၉၈၅ - | Quota ကန့်သတ်မှုများ ရင်ဆိုင်ရခြင်း |
| ၁၉၉၀ - | Knitwear ကဏ္ဍ ထူးခြားစွာဖွံ့ဖြိုးလာခြင်း |
| ၁၉၉၅ - | ကလေးလုပ်သားပြဿနာ တွေ့ကြုံခြင်းနှင့် ဖြေရှင်းခြင်း |
| ၂၀၀၃ - | ကနေဒါ၏ Quota ကန့်သတ်မှု ပြန်လည်ရုပ်သိမ်းခြင်း |
| ၂၀၀၅ - | ပြည်ပပို့ကုန် ကန့်သတ်မှုကာလ ပြီးဆုံးခြင်း |

လက်ရှိအနေအထားမှာတော့ အထည်ချုပ်လုပ်ငန်းကဏ္ဍဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးလည်ပတ် ဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာတစ်ဝန်းရှိ အထည်အလိပ်လုပ်ငန်းအနေနဲ့ နည်းပညာသစ်များကို ရာစုနှစ်နှင့်ချီပြီး ဆင့်ကဲဆင့်ကဲ တိုးချဲ့သုံးစွဲလာကြသလို အထည်အလိပ်လုပ်ငန်းနဲ့ ပတ်သက်တဲ့ စိန်ခေါ်မှုတွေ ပြဿနာတွေဟာလည်း လုံးဝကွယ်ပျောက်သွားတာ မဟုတ်ဘဲ ဖြေရှင်းဆောင်ရွက်နေကြရဆဲ ဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလည်း အလားတူ ဖြေရှင်းနေရဆဲဖြစ်ပါတယ်။ အထည်အလိပ်လုပ်ငန်း လျင်မြန်စွာ ဖွံ့ဖြိုးကြီးထွားဖို့နဲ့ ရေရှည်တည်တံ့ဖို့အတွက် ဖြေရှင်းဆောင်ရွက်နေရတဲ့ စိန်ခေါ်မှုနဲ့ ပြဿနာတွေကို အောက်ပါအတိုင်း တွေ့ရှိရပါတယ် -

**စိန်ခေါ်ချက်များ**

အထည်ချုပ်လုပ်ငန်းအပါအဝင် အထည်အလိပ်လုပ်ငန်းကဏ္ဍရဲ့ ယနေ့ခေတ်အခြေအနေဟာ လျင်မြန်စွာ ပြောင်းလဲနေပါတယ်။ နည်းပညာအသစ်အဆန်းနဲ့ စက်ပစ္စည်းကိရိယာ ဆန်းသစ်တီထွင်မှုများဟာလည်း အထည်အလိပ်လုပ်ငန်း ဆောင်ရွက်ဝင်ငွေရှာတဲ့ နိုင်ငံတွေမှာ သူ့ထက်ငါ ယှဉ်ပြိုင်နေတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် စျေးကွက်ကောင်းရရုံ၊ လူသားအရင်းအမြစ် အင်အားကြီးမားရုံတင် မကပါဘူး။ စဉ်ဆက်မပြတ် ဖြေရှင်းနေရမည့် ပြဿနာများစွာရှိကြောင်း သုံးသပ်ကြပါတယ်။ ဒ့ါအပြင် အထည်အလိပ်လုပ်ငန်းတွေဟာ တစ်နေ့ထက်တစ်နေ့ အလွန်ကျဉ်းမြောင်းလာနေတဲ့ အခြေအနေအတွင်း ရောက်စပြုနေတဲ့ ကာလလို့လည်း ဆိုကြပါတယ်။

ဖြေရှင်းကျော်လွှားရမည့် အခက်အခဲ၊ ပြဿနာတွေကို စဉ်းစားမယ်ဆိုရင် နည်းပညာပိုင်းမှာ ဆန်းသစ်ဖို့ သုတေသနလုပ်ငန်းတွေ (R & D) လုပ်ဖို့ လိုသလို ခေတ်မီစက်ပစ္စည်းကိရိယာတွေ တပ်ဆင်အသုံးပြုဖို့ လိုလာပါတယ်။ အစိုးရအနေနဲ့ အထည်အလိပ်လုပ်ငန်းတွေနဲ့ ပတ်သက်လို့ သတ်မှတ်ထားတဲ့ ဘဏ္ဍာရေးဆိုင်ရာ ပြဋ္ဌာန်းချက်အချို့ဟာလည်း လုပ်ငန်းရှင်တွေရဲ့ မျှော်မှန်းချက်တွေ ဖြည့်ဆည်းမပေးနိုင်တာလည်း ရှိပါတယ်။ ဒ့ါအပြင် ထုတ်လုပ်မှုစရိတ် မြင့်မားခြင်းကို ဖြစ်စေတဲ့ ချေးငွေအတိုးနှုန်း မြင့်မားခြင်း၊ ဂဏန်းနှစ်လုံးအထိ မြင့်မားလာတဲ့ငွေကြေးဖောင်းပွမှုနှုန်းနှင့် နိုင်ငံသုံးငွေကြေး(Taka)ရဲ့ တန်ဖိုးလျော့နည်း ကျဆင်းခြင်းကိုလည်း ကာကွယ်ပေးဖို့ လိုအပ်ပါတယ်။ ထုတ်လုပ်မှုနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ လျှပ်စစ်ဓါတ်အားနဲ့ စက်ရုံသုံးသဘာဝဓာတ်ငွေ့ မှန်ကန်လုံလောက်စွာ မရရှိတဲ့အတွက် အထည်အလိပ်လုပ်ငန်း ၆၀ ရာခိုင်နှုန်းကနေ ၇၀ ရာခိုင်နှုန်း အထိ ထိခိုက်ခံရလေ့ရှိပြီး ပြည်ပပို့ကုန်အမှာစာများကို ကမ္ဘာတစ်ဝန်းက ရသည့်တိုင် ဖြည့်ဆည်းထုတ်လုပ်မပေးနိုင်တာလည်း ရှိခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ရင် အထည်အလိပ်လုပ်ငန်းတွေမှာ ခေတ်မီစက်ကိရိယာတွေ တပ်ဆင်အသုံးမပြုနိုင်တာလည်း ပါပါတယ်။ နိုင်ငံတွင်းမှာပေါ်ပေါက်တဲ့ မမျှော်လင့်သော ပြဿနာများကြောင့် နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသူများ ထူးခြားစွာ လျော့ကျသွားတာလည်း ရှိပါတယ်။ နောက်တစ်ချက်က ဘင်္ဂလားဒေ့ရှ် အထည်အလိပ်ပို့ကုန်တွေ အားထားတင်ပို့နေတဲ့ အီးယူနဲ့ အမေရိကန်ပြည်ထောင်စုဆိုရင် အမှာစာများ ပယ်ဖျက်တဲ့ကိစ္စ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဆိုရင် ပို့ကုန်တွေအပေါ် အလွန်မြင့်မားတဲ့ အခွန်အခကောက်ခံခဲ့တာမို့ ပို့ကုန်ကဏ္ဍကို ထိခိုက်မှုများစွာ ရှိခဲ့ပါတယ်။ အထည်အလိပ်လုပ်ငန်းအတွက် ကုန်ကြမ်းစျေးနှုန်းဟာလည်း အပြောင်းအလဲလွန်စွာမှ များပြားပါတယ်။ လျင်မြန်စွာ ပြောင်းလဲကြီးမားလာနေတဲ့ ကုန်ကြမ်းစျေးနှုန်းဟာ ထုတ်လုပ်မှုစရိတ်ကို လွန်စွာ မြင့်မားလာစေပါတယ်။ တစ်ပြိုင်တည်းမှာပဲ ဒေသတွင်းမှာရှိတဲ့ အိန္ဒိယ၊ ပါကစ္စတန် စတဲ့ ပြိုင်ဘက်နိုင်ငံတွေရဲ့ ရင်ဘောင်တန်းယှဉ်ပြိုင်မှုကိုလည်း ပြင်းထန်စွာ ခံနေရပါတယ်။ အထည်ချုပ်လုပ်ငန်းကို အဓိက ထိခိုက်စေတာက ဘင်္ဂလားဒေ့ရှ်ရဲ့ ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုမရှိခြင်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာ တည်ငြိမ်မှုမရှိတဲ့ နိုင်ငံရေးအခြေအနေများကြောင့် ထိရောက်မှန်ကန်တဲ့ စီးပွားရေးမူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပါဘူး။ အကျိုးဆက်ကတော့ အားထားရတဲ့ အထည်အလိပ်လုပ်ငန်းတွေမှာလည်း ထုတ်လုပ်မှုလျော့ကျရုံမက အလုပ်အကိုင်အခွင့်အလမ်းရရှိမှုများလည်း လျော့ကျသွားခဲ့ပါတယ်။ ဒါကြောင့်လည်း ငွေကြေးဖောင်းပွမှုနှုန်းများစွာ မြင့်တက်လာခဲ့ပြီး အထွေထွေကုန်ပစ္စည်းများရဲ့ စျေးနှုန်းများမြင့်မားခဲ့ပါတယ်။ ဒါကြောင့် ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်မှာရှိတဲ့ လူဦးရေဟာသန်း ၆၀ ကနေ ၇၇ သန်းထိ တိုးသွားခဲ့ပါတယ်။ နိုင်ငံရဲ့လူဦးရေ စုစုပေါင်း သန်း ၁၆၀ နဲ့ တွက်ရင် ၄၈ ရာခိုင်နှုန်းကျော်ဟာ ဆင်းရဲမွဲတေမှုနှုန်းအောက် ရောက်နေခဲ့ပါတယ်။

**သုံးသပ်ချက်**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ အထည်အလိပ်လုပ်ငန်း အတွေ့အကြုံတွေအရ သုံးသပ်ရရင်တော့ တည်ငြိမ်တဲ့ ကမ္ဘာ့စျေးကွက်ဝင် ထုတ်လုပ်မှုလုပ်ငန်းရပ်များဟာ ထုတ်လုပ်သူများ၊ ဝယ်ယူသုံးစွဲသူများ၊ ဖြန့်ဖြူးရောင်းချသူများ၊ ကုန်ကြမ်းထောက်ပံ့သူများ သာမက နိုင်ငံရဲ့ စီးပွားရေးမူဝါဒချမှတ်မှုများနဲ့ နိုင်ငံရေးတည်ငြိမ်မှု အခြေအနေများရဲ့ ပေါင်းစပ်ရလဒ်မှုများပေါ် မူတည်ပြီး ရှင်သန်တိုးတက်နိုင်ကြောင်း လေ့လာတွေ့ရှိချက်ကို ဖော်ပြလိုက်ရပါတယ်။

Ref: 1. Textile Industries in Bangladesh and Challenges of Growth, Research Journal of Engineering Science, Vol. 2(2), 31-37, February (2013).

2. The Garment Factory in Bangladesh, Dynamic of Garment Industry in Low-Income Countries : Experience of Asia and Africa (Interin Report) Chousakenkyu Houkokusho, IDE - JETRO, 2012.

❑

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။

# ၁၀ လအတွင်း ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃ ဘီလီယံအထိရှိလာ

ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်ရေးပိုငွေများသည် ၁၀ လအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃ ဘီလီယံရှိလာကြောင်း ဗီယက်နမ်နိုင်ငံအကောက်ခွန်ဦးစီးဌာန၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။



အောက်တိုဘာလ တစ်လတည်းမှာပင် ပို့ကုန်သွင်းကုန်တန်ဖိုးများသည် အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၉ ဘီလီယံနီးပါးရှိခဲ့ရာ စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ပို့ကုန်တန်ဖိုးသည် ၁၉ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး သွင်းကုန်တန်ဖိုးသည် ၁၈ ဒသမ ၅ ဘီလီယံရှိခဲ့ရာ ပို့ကုန်တွင် သုည ဒသမ ၃ ရာခိုင်နှုန်းနှင့် သွင်းကုန်တွင် ၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အောက်တိုဘာလအတွင်း ကုန်သွယ်ရေးပိုငွေအမေရိကန်ဒေါ်လာ သန်း ၉၀၀ ရှိခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ဇန်နဝါရီလမှ အောက်တိုဘာလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏသည်အမေရိကန်ဒေါ်လာ ၃၄၆ ဒသမ ၂၂ ဘီလီယံရှိခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်ခဲ့ရာ ၂၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ သည်ဟု ဆိုသည်။

ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၇၃ ဒသမ ၇၂ ဘီလီယံနှင့် သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၇၂ ဒသမ ၄၉ ဘီလီယံရှိခဲ့ရာ ပို့ကုန်ကဏ္ဍတွင် ၂၀ ဒသမ ၇ ရာခိုင်နှုန်းနှင့် သွင်းကုန်ကဏ္ဍတွင် ၂၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စာရင်းဇယားများအရ သိရသည်။

ဖုန်းနှင့် အခြားသော ဆက်စပ်ပစ္စည်း ကိရိယာများသည် ဗီယက်နမ်နိုင်ငံ၏ အဓိကပို့ကုန်ပစ္စည်းများအဖြစ် ပို့ကုန် ဈေးကွက်ကို ဦးဆောင်လျက်ရှိပြီး ယခုနှစ်ပထမ ၁၀ လအတွင်း အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၅၄ ဘီလီယံအထိ ရှိခဲ့ကြောင်း၊ ဖုန်းနှင်ဆက်စပ်ပစ္စည်းများ တင်ပို့မှုသည် တစ်နှစ်ထက် တစ်နှစ် တိုးတက်လာခဲ့ရာ ၂၈ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု ဆိုသည်။

ချည်မျှင်နှင့် အထည်အလိပ် တင်ပို့မှုသည် ဒုတိယအများဆုံးပို့ကုန်ဖြစ်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၅၁ ဘီလီယံဖိုးတင်ပို့နိုင်ခဲ့ကြောင်း၊ ကွန်ပျူတာနှင့် လျှပ်စစ်နှင့် ဆက်စပ်ပစ္စည်း ကိရိယာများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံနှင့် ဖိနပ်အမျိုးမျိုး တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇ ဘီလီယံရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။


အခြားသောစက်ပစ္စည်းကိရိယာများနှင့်အစိတ်အပိုင်းများ၊ သစ်နှင့်သစ်အခြေခံထုတ်ကုန်များ၊ ပင်လယ်စာများ၊ ယာဉ်နှင့်စက်ကိရိယာပစ္စည်းများ၊ ကော်ဖီနှင့် စားအုန်းဆီကြမ်းများကိုလည်း တင်ပို့လျက်ရှိသည်ဟု ဆိုသည်။

ယင်းကဲ့သို့ကုန်သွယ်မှုပိုငွေများကြောင့် အကောက်ခွန်ဦးစီးဌာနအနေဖြင့် အောက်တိုဘာလတွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ဗီယက်နမ် ဒေါင်ငွေ ၂၃ ထရီလီယံကို ပေးအပ်နိုင်ခဲ့သည်။

ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လအတွင်း နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ဗီယက်နမ်ဒေါင်ငွေ ၂၃၇ ထရီလီယံ(အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄ဘီလီယံ) ပေးအပ်နိုင်ခဲ့ရာ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၁၀ ဒသမ ၂ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟုဆိုသည်။ ■

# ၂၀၂၀ ပြည့်နှစ်တွင် တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည် နှစ်သန်း လာရောက်လည်ပတ်မည်ဟု ကမ္ဘောဒီးယားခရီးသွားလုပ်ငန်း ဝန်ကြီးဌာန မျှော်မှန်း

ကမ္ဘောဒီးယားနိုင်ငံသည် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသွားဧည့်သည်ပေါင်း နှစ် သန်းအထိ လာရောက်လည်ပတ်ရန် ခန့်မှန်းထားကြောင်း ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Thong Khon က ပြောကြားခဲ့သည်။



ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သည့် The 2nd National Forum on China Ready for Cambodia တွင် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး Thong Khon က ၂၀၁၇ ခုနှစ် ပထမရှစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ပေါင်း ၃ ဒသမ ၅ သန်းဝင်ရောက်လာခဲ့ကြောင်း၊ ကမ္ဘာလှည့်ခရီးသွား ဝင်ရောက်မှုသည် နှစ်စဉ် ၁၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လျက်ရှိကြောင်း၊ ၎င်းတို့အနက် တရုတ်လူမျိုးကမ္ဘာလှည့်ခရီးသည်ဦးရေမှာ ၇၄၂၅၈၆ ဦးရှိသည့်အတွက် စုစုပေါင်းကမ္ဘာလှည့်ခရီးသွားဦးရေ၏ ၄၄ ရာခိုင်နှုန်း လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

"၂၀၁၇ ခုနှစ်မှာ တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည် တစ်သန်းဝင်ရောက်မယ်လို့ ခန့်မှန်းခဲ့တာ တစ်သန်းနီးပါးလောက် ဝင်ရောက်လာခဲ့ပါတယ်။ ဒါကြောင့် ၂၀၂၀ ပြည့်နှစ်မှာ တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသွားဦးရေ နှစ်သန်း ဝင်ရောက်လာအောင် လုပ်ဆောင်မယ်လို့ ခန့်မှန်းထားတာပါ"ဟု ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Thong Khon က ပြောကြားခဲ့သည်။

အဆိုပါဖိုရမ်သို့ တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသောကုမ္ပဏီများ မှ တာဝန်ရှိသူပေါင်း ၆၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်သည့်ကမ္ဘာလှည့်ခရီးသွားများအနက် အများဆုံးဝင်ရောက်သည့်နိုင်ငံဖြစ်သည်။ တရုတ်လူမျိုးများသည် ကမ္ဘောဒီးယားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် လာရောက်ကြခြင်းဖြစ်ပြီး နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် အဓိကထား၍ လာရောက်ကြခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်ကလည်း ကမ္ဘောဒီးယားနိုင်ငံတွင် China Ready ဟူသည့် မဟာဗျူဟာအခင်းအကျင်းတစ်ရပ်ဖြင့် တရုတ်လူမျိုးကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်သည့် လှုပ်ရှားမှုတစ်ခုပြုလုပ်ခဲ့သည်။

အဆိုပါ မဟာဗျူဟာအခင်းအကျင်းတွင် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ဗီဇာများရရှိရေးအတွက် ဆောင်ရွက်ရာတွင် တရုတ်လူမျိုးတို့၏ အမှတ်အသားများ၊ မှတ်တမ်းမှတ်ရာများ ထည့်သွင်းခြင်း၊ ပြည်တွင်းတွင် တရုတ်ငွေကြေးနှင့် တရုတ်ဘာသာစကားကို အသုံးပြုခြင်း၊ တရုတ်ဟင်းလျာများ၏ အရသာနှင့် ပြည့်စုံသည့် စားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချရာတွင် အားပေးကူညီခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိသည်။

## တောင်ကိုရီးယားနိုင်ငံတွင် အွန်လိုင်းရှော့ပင်းလုပ်ငန်းများ ပိုမိုမြင့်တက်လာ

တောင်ကိုရီးယားနိုင်ငံတွင် အွန်လိုင်းရှော့ပင်းလုပ်ငန်းများသည် တစ်လထက်တစ်လ ပိုမိုမြင့်တက်လျက်ရှိရာ စက်တင်ဘာလအတွင်းက စံချိန်တင် မြင့်တက်ခဲ့ကြောင်း ကိုရီးယားဟာဒယ်ရီဗျူးတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ၏ ရိုးရာပွဲတော်နေ့ဖြစ်သည့် Chuseok ပွဲတော်တွင် အသုံးပြုရန် အွန်လိုင်းမှ မှာယူမှုများ ပိုမိုများပြားခဲ့ကြောင်း၊ Chuseok အားလပ်ရက်ပွဲတော်သည် စက်တင်ဘာလအတွင်း ကျင်းပခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံအစိုးရ၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ဆိုက်ဘာစပေ့စ်ကို အသုံးပြု၍ အရောင်းအဝယ်ပြုကြရာတွင် စက်တင်ဘာလအတွင်းက ၅၄ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး Chuseok ပွဲတော် အားလပ်ရက်တွင် ပြုလုပ်မည့် အစားအစာများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုကဲ့သို့ ဝယ်ယူမှု မြင့်တက်လာရခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် ပင်လယ်ရပ်ခြားတိုင်းပြည်များမှလည်း တောင်ကိုရီးယားနိုင်ငံသို့ အစားအစာများမှာယူမှု မြင့်တက်ခဲ့ရာ စက်တင်ဘာလအတွင်းက ၁၇ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု ဆိုသည်။

ထိုအတောအတွင်း တရုတ်လူမျိုး စားသုံးသူများထံသို့ ပြည်တွင်းကုမ္ပဏီများ၏ တိုက်ရိုက်ရောင်းချမှုများသည်လည်း ၃၂ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ရာ ဇူလိုင်လမှ စက်တင်ဘာလအတွင်း ရောင်းချရသည့် ၅၉၁ ဘီလီယံဝမ်ကို ကျော်လွန်ခဲ့သည်ဟု ဆိုသည်။

တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိနေသည့် တရုတ်လူမျိုးကမ္ဘာလှည့်ခရီးသွားအရေအတွက်သည် တတိယလေးလပတ်အတွင်း ၆၆၂၀၀၀ သို့ ကျဆင်းခဲ့သည်။ ပြီးခဲ့သည့်နှစ် ကာလတူက ၂၁၈၂၀၀၀ ရှိခဲ့သဖြင့် တရုတ်လူမျိုး ဝင်ရောက်မှု အနည်းဆုံးကာလဖြစ်သည်ဟု ဆိုသည်။

မယ်သီတာ စုစည်းတင်ပြသည်။




သင့်ခရီးစဉ် လုံခြုံမှုနှင့် စိတ်လှုပ်ရှားမှု အမြင့်ဆုံး ပေးစွမ်းနိုင်သည့် ခေတ်မှီ ဆန်းသစ် သွက်လက်သော နောက်ဆုံးပေါ်
**BMW X1.**

Every turn is a thrill with the all-new BMW X1. Its refined silhouette is unique only to this authentic SAV in the premium compact segment, and the expansive interior affords flexible space for you, your passengers and all your plans. Powered by unparalleled dynamics and agitlity, the BMW X1 radiates adventure.

- မော်တော်ယာဉ်အလုံးစုံ အာမခံ (၃) နှစ်
- ပြုပြင်ထိန်းသိမ်းမှု အပါအဝင် (၅) နှစ်/ ၆၀၀၀၀ ကီလိုမီတာ
  (Engine oil, Engine filter, Air filter, Micro filter, Fuel filter, Park plug, Brake fluid )

**BMW Yangon Showroom**
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon. Tel: +95 1 230 6133

**BMW Pavilion Mandalay Showroom**
Shwe Man Taung Golf Club, Oo Boke Taw Quarter, Mandalay- Madaya Road, Aung Myae Tha Zan Township, Mandalay.
Tel: +95 9 78888 2089

Email: info@pac-bmw.com Website: www.bmwmyanmar.com www.facebook.com/BMWPAC


EVER RICH GROUP CO.,LTD
* ဂျီအိုင် ဟော်လိုပိုက် (GI Hollow Pipe)
* စီချန်နယ် ( C Channel)
* ကြမ်းခင်းပြား (Floor Deck Sheet)
* အိုမီဂါ (Omega Channel)
* ကာလာသွပ်ပြား (Pre-painted GI Sheet)
* ယူဘင့် (U Beam)
* အိုင်ဘင့် (I Beam, H Beam) နှင့်
* အခြားအိမ်ဆောက်ပစ္စည်းများ
EVER RICH GROUP CO.,LTD စက်ရုံမှ တိုက်ရိုက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။

DM
by
Dennis Martin
Automatic
DennisMartinMyanmar
DENNIS MARTIN WATCH GROUP,NFC Co., LTD Phone : (09)73022249, (02)72992, (02)67354, (02)67364.

COMMERCE INTERNATIONAL

# ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်ပင်စိုက်ပျိုးရေးတွင် ရာသီဥတုနှင့် သီးနှံဖျက်ပိုးများ၏အန္တရာယ် ရင်ဆိုင်နေရ

ဗီယက်နမ်နိုင်ငံ၏သီဟိုဠ်ပင် စိုက်ပျိုးရေးတွင် ရာသီဥတုနှင့်သီးနှံဖျက်ပိုးများ၏အန္တရာယ်နှင့်ရင်ဆိုင်နေရကြောင်း ပြီးခဲ့သည့်နှစ်က အထွက်နှုန်းကောင်းသဖြင့် ပြည်ပသို့ပိုမိုတင်ပို့ခဲ့ရသော်လည်း ယခုနှစ်တွင် သီးနှံဖျက်ပိုးများကျရောက်လာမှုနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် အထွက်နှုန်းများကျမည့်အခြေအနေနှင့်ရင်ဆိုင်နေရကြောင်း ဟိုချီမင်းမြို့တွင် ကျင်းပခဲ့သည့် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သုံးသပ်ပြောကြားခဲ့သည်။



ဗီယက်နမ်နိုင်ငံ၏သီဟိုဠ်စေ့ထုတ်လုပ်မှုသည် ပြီးခဲ့သည့်နှစ်က တစ်ဟက်တာလျှင် ၁၀ ဒသမ ၈ ကွင်တယ်ရှိခဲ့ရာ ၂၀၁၅ခုနှစ်က ထွက်ရှိသည့်နှုန်းနှင့်နှိုင်းယှဉ်ပါက ၁၆ ဒသမ ၆၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ၂၀၁၆ခုနှစ်က မိုးပိုမိုရွာသွန်းခြင်းနှင့် သီဟိုဠ်ပင်မှ အပွင့်များပွင့်ချိန်တွင် မိုးခေါင်ခြောက်သွေ့မှုနှင့်ရင်ဆိုင်ခဲ့ရသဖြင့် အထွက်နှုန်းကျဆင်းရခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ သီးနှံထုတ်လုပ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး လီဗန်ဒတ်က ပြောကြားခဲ့သည်။

ထို့ပြင် ယခုနှစ်တွင်လည်း သီဟိုဠ်ပင်မှ အပွင့်များပွင့်ချိန်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းကြောင့် သီဟိုဠ်စေ့အထွက်နှုန်း ကျဆင်းနိုင်ပြီး တစ်ဟက်တာလျှင် ၇ ဒသမ ၅၅ ကွင်တယ်သာ ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။

"အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းဟာ သစ်ပင်က အပွင့်တွေရဲ့ ဝတ်မှုန်ကူးခြင်းကို ပြင်းပြင်းထန်ထန် ထိခိုက်စေပါတယ်။ တစ်ချိန်တည်းမှာပဲ သီးနှံဖျက်ပိုးတွေကလည်း သီဟိုဠ်ဖူးတွေနဲ့ အသီးကင်းလေးတွေကို ဖျက်ဆီးခဲ့ကြပါတယ်။ ဒါဟာ သီဟိုဠ်ပင်ရဲ့အထွက်နှုန်းနဲ့အရည်အသွေးကိုထိခိုက်စေပါတယ်"ဟု ဗီယက်နမ်နိုင်ငံ သီးနှံထုတ်လုပ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး လီဗန်ဒတ်က ပြောကြားခဲ့သည်။ဗီယက်နမ် နိုင်ငံရှိ သီဟိုဠ်ပင် အများအပြား စိုက်ပျိုးလျက်ရှိသည့် Binh Phuoc ပြည်နယ်တွင် သီဟိုဠ်စိုက်ဧရိယာ ၁၇၃၉၂၀ ဟက်တာရှိခဲ့သော်လည်း ယခုနှစ်တွင် သီဟိုဠ်စိုက်ဧရိယာ၈၂၈၉၃ဟက်တာမှသာ သီဟိုဠ်စေ့များထုတ်လုပ်နိုင်မည်ဖြစ်သည်ဟုဆိုသည်။

"ပြီးခဲ့တဲ့လကတည်းက သီဟိုဠ်စိုက်ပျိုးတဲ့တောင်သူတွေရဲ့အခက်အခဲကို ကူညီဖြေရှင်းပေးဖို့ နည်းပညာရပ်ဆိုင်ရာပံ့ပိုးကူညီမှုတွေ ပြုလုပ်ပေးနိုင်ဖို့ လုပ်ဆောင်ပေးခဲ့ပါတယ်။ သီဟိုဠ်စိုက်ပျိုးတဲ့ အဓိကခရိုင်ကြီးလေးခုမှာ သီးနှံဖျက်ပိုးတွေရဲ့အန္တရာယ်တွေကိုထိန်းချုပ်ပေးနိုင်ဖို့နဲ့ သီဟိုဠ်အထွက်တိုးဖို့ လုပ်ဆောင်ပေးလျက်ရှိပါတယ်"ဟု လယ်ယာတိုးချဲ့လုပ်ဆောင်ရေးစင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ်အတွင်း သီဟိုဠ်စိုက်ဧရိယာဟက်တာပေါင်း ၃၀၁၇၃၈မှ သီဟိုစေ့တန်ချိန်ပေါင်း ၂၄၁၃၆၃ တန်ထွက်ရှိမည်ဖြစ်သည်ဟုခန့်မှန်းထားသည်။ ယင်းပမာဏသည် ပြီးခဲ့သည့်နှစ်က ပမာဏထက် ၉၄၉၀၆ တန် လျော့နည်းခဲ့သည်ဟုဆိုသည်။

# Nikonက တရုတ်နိုင်ငံတွင် ဒစ်ဂျစ်တယ်ကင်မရာ ထုတ်လုပ်မှုကို အဆုံးသတ်

စမတ်ဖုန်းများတွင် ပါဝင်သည့် ဒစ်ဂျစ်တယ်ကင်မရာများ၏ စွမ်းအားကို မယှဉ်နိုင်ခြင်းနှင့်ဈေးကွက်တွင် ဝယ်လိုအားကျဆင်းလာခြင်းတို့ကြောင့် Nikon ကော်ပိုရေးရှင်းသည် တရုတ်နိုင်ငံတွင် ဒစ်ဂျစ်တယ်ကင်မရာနှင့်ဆက်စပ်ပစ္စည်းများထုတ်လုပ်မှုကို ရပ်ဆိုင်းလိုက်ပြီဖြစ်သည်။

ဂျပန်ကင်မရာထုတ်လုပ်သည့်ကုမ္ပဏီဖြစ်သည့် Nikon က တရုတ်နိုင်ငံတွင် ထုတ်လုပ်လျက်ရှိသည့် Nikon ကင်မရာစက်ရုံအား ပိတ်သိမ်းလိုက်ကြောင်း အောက်တိုဘာလ ၃၀ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

Nikon ကော်ပိုရေးရှင်းသည် တရုတ်နိုင်ငံ ယန်ဆုပြည်နယ်အရှေ့ပိုင်းရှိ ဝူရှီးဒေသတွင် ဒစ်ဂျစ်တယ်ကင်မရာ ထုတ်လုပ်သည့် စက်ရုံတစ်ရုံကိုတည်ဆောက်ထားပြီး အဆိုပါစက်ရုံကို အလုပ်သမားပေါင်း ၂၃၀၀ ခန့်ဖြင့် လည်ပတ်လျက်ရှိသည်။

ယင်းစက်ရုံကို ပိတ်သိမ်းလိုက်သဖြင့် ယန်း ခုနစ်ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၆၂ သန်းခန့်)ဆုံးရှုံးမည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ ကင်မရာနှင့်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သည့်စက်ပစ္စည်းများကိုမူ ထိုင်းနိုင်ငံရှိ Nikon စက်ရုံအပါအဝင် အခြားသော Nikon များသို့ လွှဲပြောင်းပေးမည်ဖြစ်သည်ဟုဆိုသည်။

မယ်သီတာ စုစည်းသည်

Nikon ကော်ပိုရေးရှင်းသည် ၂၀၁၆ ခုနှစ် နိုဝင်ဘာလကတည်းက ၎င်းတို့ကော်ပိုရေးရှင်းအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်မည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာထားပြီးဖြစ်သည်။

Nikon ကော်ပိုရေးရှင်းအနေဖြင့် နောက်ဆုံးပေါ် ခေတ်မီသည့်ဒစ်ဂျစ်တယ်ကင်မရာများကိုထုတ်လုပ်ပြီး ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ကင်မရာများအား ထုတ်လုပ်နိုင်ရန် ကြိုးစားသွားမည်ဖြစ်သည်ဟုဆိုသည်။

"ပြီးခဲ့တဲ့နှစ်တွေက စမတ်ဖုန်း ထုတ်လုပ်မှုတွေမြင့်တက်လာခဲ့ပါတယ်။ အဲဒီလိုမြင့်တက်လာတဲ့အတွက် ဒစ်ဂျစ်တယ်ကင်မရာတွေရဲ့ဈေးကွက်က ကျဆင်းလာခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ဈေးကွက်မှာ နေရာယူထားတဲ့ Nikon အမှတ်တံဆိပ်ကင်မရာရဲ့ ဈေးကွက်တောင်းဆိုမှုက ထူးထူးခြားခြားကျဆင်းခဲ့ပါတယ်။ ဒါဟာ စီးပွားရေးပတ်ဝန်းကျင်တစ်ခုမှာ ခက်ခဲတဲ့ယှဉ်ပြိုင်မှုတစ်ခုပဲဖြစ်ပါတယ်"ဟု




Nikon ကော်ပိုရေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Nikon ကော်ပိုရေးရှင်းသည် ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ဒစ်ဂျစ်တယ်ကင်မရာနှင့် ဆက်စပ်ပစ္စည်းများထား ထုတ်လုပ်လျက်ရှိသည်။

